ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့၊ (24-9-2015) (၈၃၃၃)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

## သီလဝါအထူးစီးပွားရေးဇုန်၌ ထောက်ပံ့ပို့ဆောင်ရေး စင်တာတစ်ခု ဂျပန်ကုမ္ပဏီ တည်ဆောက်မည်

သုတ

ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သော Daizen Myanmar က သီလဝါ အထူးစီးပွားရေးဇုန်၌ ထောက်ပံ့ပို့ဆောင်ရေးအချက်အချာဌာနတစ်ခု တည်ဆောက်မှုကို စတင်တော့မည် ဖြစ်ကြောင်း ဘန်ကောက်ပို့စ်သတင်း တစ်ရပ်အရသိရသည်။

Daizen Myanmar ကုမ္ပဏီက Modair Engineering ကုမ္ပဏီအား လာမည့်လတွင် သီလဝါထောက်ပံ့ပို့ဆောင်ရေးစင်တာ ဆောက်လုပ်မှု စတင်ရန် လုပ်ငန်းအပ်နှံလိုက်ကြောင်း Daizen Myanmar ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ တိုမို အာကီယာဘေးက ပြောကြားသည်။ “ဒီသီလဝါ ထောက်ပံ့ပို့ဆောင်ရေး စင်တာက ကျွန်တော်တို့ရဲ့ ပထမဆုံးသော နိုင်ငံရပ်ခြားဆောင်ရွက်မှု အခြေစိုက်စခန်းဖြစ်လာရုံသာမက မြန်မာနိုင်ငံနဲ့ ကမ္ဘာကြီးကို ဆက်သွယ်ပေးတဲ့ ထောက်ပံ့ပို့ဆောင်ရေး အချက်အချာနေရာတစ်ခုအဖြစ် ကြီးမားတဲ့အခန်းကဏ္ဍက ပါဝင်လာမှာ ဖြစ်ပါတယ်” ဟု သူကဆိုသည်။ ကုမ္ပဏီအနေဖြင့် ကုန်ကြမ်းပစ္စည်းဝယ်ယူမှုမှ ဖောက်သည်များထံ ကုန်ပစ္စည်းများ ဖြန့်ဖြူးမှုအထိ ချောမွေ့၍ခရီးရောက်သော ကုန်စည်စီးဆင်းမှုကို ထောက်ပံ့ပေးရန် မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် ကုန်ပစ္စည်းသိုလှောင်မှုဝန်ဆောင်မှု၊ ကုန်စည်ပေးပို့မှုနှင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု၊ X-ray စစ်ဆေးခြင်း၊ ကုန်ပစ္စည်းတွင်စာတန်းကပ်ခြင်း၊ ကုန်ပစ္စည်းထုပ်ပိုးခြင်းနှင့် အမှတ်တံဆိပ်တပ်ခြင်းကဲ့သို့သော ဝန်ဆောင်မှုများအပြင် ကုန်စည်ထုတ်ယူခွင့်၊ တိုင်ပင်ဆွေးနွေးမှု ဝန်ဆောင်မှုများကိုလည်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တီးတိန်မြို့ ကယ်ဆယ်ရေးစခန်း အမှတ်(၂)ရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချင်းပြည်နယ် တီးတိန်မြို့ရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၃

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ရဟတ်ယာဉ်များဖြင့် ချင်းပြည်နယ် တီးတိန်မြို့သို့ရောက်ရှိရာ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်းနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။**

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တီးတိန်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ထွမ်းဗုမ်းရိပ်သာ၌ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ မိမိအနေဖြင့် ကလေးမြို့ နယ်မြေခံတပ်ရင်းတွင် တာဝန်ထမ်းဆောင်စဉ်ကပင် ချင်းပြည်နယ်သို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ကြောင်း၊ ချင်းပြည်နယ်တွင် သဘာဝဘေးကျရောက်ချိန်၌ မိမိလာရောက်ရန် ကြိုးစားခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် နှစ်ကြိမ်တိုင်တိုင် ခရီးစဉ်ကို ဖျက်ခဲ့ရကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လအတွင်း တိုင်းဒေသကြီးလေးခုနှင့် ပြည်နယ်နှစ်ခုတို့တွင် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးနှင့် ရှင်သန်ရပ်တည်နိုင်ရေးအတွက်အားသွန်ခွန်စိုက်လုပ်ဆောင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသားအားလုံးကလည်း လူမျိုး၊ ဘာသာခွဲခြားမှုမရှိဘဲ ဘေးဒုက္ခခံစားနေရသူများကို ဝိုင်းဝန်းကူညီစောင့်ရှောက်ခဲ့ကြကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




**အတွေးအမြင်**

**ကြေးမုံစာတည်းရှုထောင့်** **၂၄-၉-၂၀၁၅၊ ကြာသပတေးနေ့**

# အခင်းအကျင်းသာစွဲကာလ

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်အတွက် ဆယ့်နှစ်လရာသီတွင် ဤကာလ တော်သလင်းလကား ရာသီထက်ဝက် ခြောက်လမြောက်ဖြစ်သည်။ ကန်ရာသီခွင်ဟုဆိုကြသော ဤလသည် မိုးရွာသွန်းမှုနည်းပါးပြီး ရာသီပန်းများပွင့်လန်းဝေဆာထုံသင်းဝေဖြာပြီး သင်းပျံ့မွှေကြိုင်နေသောကာလဖြစ်သည်။ ရာသီ၏သဘောတရားအရ မြစ်အတွင်းဝယ် ရေငြိမ်သက်နေသဖြင့် သင်ဖြူးခင်းထားသကဲ့သို့ ဆိုစကားရှိသည်။

မိုးနည်းပါးပြီး မုတ်သုံလေပြေးသောကာလဖြစ်၍ ဆိုထိုက်ပါသည်။ ထို့ကြောင့် ရှေးအစဉ်အဆက် မြစ်အတွင်းဝယ် လှေသဘင်ပွဲများ ကျင်းပခဲ့သည်။ ယခုလည်း အချို့အရပ်ဒေသများတွင် လှေသဘင်ပွဲကို အစဉ်အလာမပျက် ကျင်းပကြသည်။ သို့သော်လည်း ယခုကာလရာသီအပြောင်းအလဲများကြောင့် မိုးသက်လေပြင်းများကိုလည်း သတိထားရသည်။

ကန်ဆင်းမိုးများဟု အစဉ်အလာအားဖြင့်ဆိုကြသည်။ မြန်မာနှစ်ဆန်းတစ်ရက်မှ ရေတွက်ကြည့်လျှင် ရက်ပေါင်း ၁၄၆ ရက်ဖြစ်သောနေ့ကို ဗဟိုထား၍ ရှေ့ခုနစ်ရက်၊ နောက်ခုနစ်ရက်တွင် ရွာတတ်သောမိုးမှာ ရာသီသဘောအရရှိခဲ့သည်။ တစ်ဖန် တော်သလင်းလကို ရှေးလူကြီးသူမတို့က သစ်ဆင်းလဟုလည်း ဆိုကြသည်။ ရှေးကာလက ဤရာသီတွင် ဧရာဝတီမြစ်ကြီးအတွင်း သစ်ဖောင်မျှောကြသည်ကို အကြောင်းပြု၍ သစ်ဆင်းလဟု အမည်တွင်ခဲ့ဟန်တူသည်။

တော်သလင်းလနှင့်ပတ်သက်၍ မြန်မာတို့၏ရှေးအစဉ်အလာများမှာ မှတ်သားဖွယ်များလှသည်။ တော်သလင်းပြီးလျှင် သီတင်းကျွတ်တော့မည်။ ပွင့်လင်းရာသီ တော်သလင်းအပြီး သီတင်းကျွတ်ကာလအစမှစ၍ ပွဲလမ်းသဘင်နှင့် အလှူမင်္ဂလာပွဲများစုံလင်သည်။ မိုးလေကင်းစင်၍ အပူရှိန်ရှိသည်။ ကောင်းကင်ကြည်လင်၍ ပြာလဲ့လဲ့မိုးသားပြင်ရှိသည်။ ပဒုမ္မာကြာ၊ ခေါင်ရန်း၊ ပိတောက်၊ ရင်းမာ စသည့်ပန်းတို့ပွင့်လန်းကုန်သည်။

တော်သလင်းလ၏ ဂုဏ်အင်္ဂါများထုံမွှမ်းသောဤကာလတွင်တော်သလင်းလ၏ အမြုတေဖြစ်သည့် ဂရုဓမ္မအခါတော်ကိုလည်း မမေ့မလျော့အစဉ်အလာမပျက် သိရှိကျင့်သုံးအပ်သည်။ ဂရုဓမ္မသီလသည် သူတော်ကောင်းတို့ဂရုထား၍ ကျင့်သုံးအပ်သောတရားဖြစ်သည်။ ယခုကာလရာသီဥတုဖောက်ပြန်၍ ပြည်သူတို့ သဘာဝဘေးဒုက္ခများနှင့် ကြုံတွေ့နေရသောကာလတွင် ဤရာသီကာလအမြုတေဂရုဓမ္မသီလကို ပွားများအားထုတ်ကြခြင်းသည် အကောင်းဆုံးဖြစ်သည်။

ဘုရားရှင်နိပါတ်၊ ဇာတ်တော်များတွင်လည်း အမြင့်ဆုံးရှင်လူမှ အနိမ့်ဆုံးပြည်သူအထိ ငါးပါးသီလဂရုဓမ္မကို စောင့်ထိန်းသောကြောင့် မိုးလေဝသမှန်ကန်ခြင်း၊ ကပ်ကြီးသုံးပါးမှ လွတ်ကင်းရခြင်း၊ သက်တမ်းစေ့နေရခြင်း စသည့် အကျိုးများရသည်ဟု အကျယ်တဝင့်ပြဆိုထားသည်။ ထို့ကြောင့် မဟာသုဒဿနမင်းကြီးသည် လေးကျွန်းစကြာလှည့်လည်၍ ငါးပါးသီလတရားကို ဓမ္မသတ်သဖွယ် ဟောဖော်ညွှန်ပြခဲ့သည်။

ဂရုဓမ္မငါးပါးသောသီလကို မျက်မှောက်ကာလ လူတန်းစားမရွေး အားလုံးသိရှိနားလည်ထားကြပြီးဖြစ်သည်။ လူတို့ကျင့်သုံးဆောက်တည်အပ်သော တရားဖြစ်သည်။ ငါးပါးသီလသည် ကုသိုလ်တရားတို့၏ အစလည်းဖြစ်သည်။ မဂ်ဖိုလ်တရားတို့၏ ထောက်ကန်ရာလည်းဖြစ်သည်။ မြတ်သောတရားတို့၏ အမိဖြစ်သည်။ အပြစ်မဲ့ တရားအားလုံးတို့၏ တံခါးဖြစ်သည်။ မတုပနိုင်သော ဗိုလ်အင်အားရှိသည်။ မြတ်သောလက်နက်ဖြစ်သည်။ မြတ်သောအဆင်တန်ဆာဖြစ်သည်။

ငါးပါးသီလပျက်သူသည် အသက်ရှည်လျက် သေသူမည်သည်။ အမှိုက်သဖွယ် စွန့်ပစ်အပ်သူမည်သည်။ အပုပ်နံ့ထွက်သော တန်ဆာမည်သည်။ ယခုဘဝ နောင်တမလွန်ဘဝထိတိုင် အကုသိုလ်အကျိုးကို စဉ်ဆက်မပြတ်ခံစားရသည်။ ဆိုးရွားသောမကောင်းသည့်ဘဝများကို ရှောင်လွှဲနိုင်ရန်အတွက် ဂရုဓမ္မ ငါးပါးသောသီလကို မြဲမြံစွာ စောင့်ထိန်းသင့်သည်။

ဤသည်ကား တော်သလင်းလ၏ အထွတ်အမြတ်အမြုတေဖြစ်သည့် ဂရုဓမ္မကျင့်အပ်သော တရားဖြစ်သည်။ ရာသီကာလအရ အခင်းအကျင်းသာလှသော ဤကာလတွင် ပြည်သူပြည်သားအပေါင်းတို့ ကောင်းကျိုးဝေဆာအောင် ဆောက်တည်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

## မိတ္ထီလာမြို့ရှိ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် ကျောက်ဆည်မြို့ရှိ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် စက်တင်ဘာ ၁၉ ရက်က မိတ္ထီလာမြို့ရှိ ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (မိတ္ထီလာ)သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တက္ကသိုလ်များအနေဖြင့် Autonomous University အဖြစ် လွတ်လပ်စွာရပ်တည်နိုင်ရေးအတွက် ဆရာ ဆရာမများနှင့် ဝန်ထမ်းများအားလုံးက ကြိုတင်ပြင်ဆင်ကြရန်နှင့် အတူတကွပူးပေါင်းကြိုးစား ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

ယင်းအပြင် တက္ကသိုလ်တစ်ခု၏ အရည်အသွေး အသိအမှတ်ပြုမှုနှင့် အရည်အသွေးအာမခံချက်များရှိရန်လည်း လိုအပ်ကြောင်း၊ သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း အားနည်းချက်၊ အားသာချက်များကို အမြဲတမ်းလေ့လာသုံးသပ်ပြီး နှစ်စဉ်ပိုမိုတိုးတက် ကောင်းမွန်အောင် ကြိုးစားလုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ သင်ကြားမှုပိုင်းတွင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ စာသင်ခန်း၊လက်တွေ့ခန်း၊ စက်ပစ္စည်းများ အချိုးမျှတမှုရှိစေရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ပြီး ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)ရှိ စာသင်ခန်းများ၊ Lab ခန်းများနှင့် ကွန်ပျူတာ လက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)သို့ ရောက်ရှိ၍ ကျောင်းသား ကျောင်းသူများ၏ စာသင်ခန်း၊ လက်တွေ့ခန်းနှင့် အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး နည်းပညာတက္ကသိုလ် (မိတ္ထီလာ)သို့ သွားရောက်ကာ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

မွန်အမျိုးသားပါတီ၊ ဖိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၄ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

## အရှေ့တောင်အာရှ စာပေဆု ၂၀၁၅ အတွက်ပြိုင်ပွဲဝင်နိုင်

**ရန်ကုန် စက်တင်ဘာ ၂၃**

အရှေ့တောင်အာရှ ဝတ္ထုရှည်စာပေဆု (S.E.A Award) ၂၀၁၅ အတွက် ရွေးချယ်နိုင်ရန် အင်္ဂလိပ်ဘာသာဖြင့် ရေးသား(သို့)ပြန်ဆိုပြီး သုံးနှစ်အတွင်း ထုတ်ဝေပြီးဖြစ်သော မြန်မာလုံးချင်းဝတ္ထုရှည်စာအုပ်များပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်မည့် စာအုပ် ငါးအုပ်ကို စက်တင်ဘာ ၂၉ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် ၁၇၃/၁၇၅ (၇/ဧလွှာ) မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား (ပန်းဆိုးတန်းလမ်းမကြီး) ဖုန်း- ၀၁-၃၈၅၂၇၃၊ ၀၁ -၂၅၂၄၁၇(ဖက်စ်)သို့ပေးပို့နိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

| | |
|---|---|
| **ရန်ကုန် ရွှေဈေး** | **၇၆၈၈၀၀ - ၇၆၈၈၀၀** |
| **မန္တလေး ရွှေဈေး** | **၇၆၈၈၀၀ - ၇၆၈၈၀၀** |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၂၈.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၁.၆၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅.၆၄၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၇.၆၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉.၅၁၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၆၉.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၈.၆၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = ၉၀၉.၆၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၇.၃၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တီးတိန်မြို့ ကယ်ဆယ်ရေးစခန်း အမှတ်(၂)အတွင်း လှည့်လည်စစ်ဆေးစဉ်။ (သတင်းစဉ်)

### ❖ ရှေ့ဖုံးမှ

ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည့်အတွက် မူလအနေအထားသို့ ပြန်လည်ရောက်ရှိအောင်၊ ထိုမှတစ်ဆင့် မူလထက်ပိုမိုကောင်းမွန်သောအနေအထားသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်အပါအဝင် ရေဘေးသင့်ဒေသများတွင် ပျက်စီးသွားသည့်နေအိမ်များကို ပြန်လည်ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ နေရာရွှေ့ပြောင်းတည်ဆောက်ရန် လိုအပ်သည့်နေအိမ်များကိုလည်း မြို့ပြအင်ဂျင်နီယာနှင့်အညီ စနစ်တကျ ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်း။

တီးတိန်မြို့ ပတ်ဝန်းကျင်ကျေးရွာများမှ ပျက်စီးသွားသော နေအိမ်များကို တီးတိန်မြို့တွင်နေထိုင်လိုပါက ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင် ဆက်လက်နေထိုင်လိုပါကလည်း ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ပြီး လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့်လည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် အစွမ်းကုန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ဒေသခံပြည်သူများကလည်း ရွေးကောက်ပွဲကာလတွင် တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိအောင် ကူညီဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ရွေးကောက်ပွဲနေ့တွင်လည်း နိုင်ငံ့အကျိုး၊ ဒေသအကျိုးကို အကောင်အထည်ဖော်နိုင်မည့် ကိုယ်စားလှယ်များကို ပါတီစွဲ ဒေသစွဲမထားဘဲ ရွေးချယ်တာဝန်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တီးတိန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တီးတိန်မြို့ ကယ်ဆယ်ရေးစခန်း အမှတ်(၂)သို့ရောက်ရှိပြီး ကယ်ဆယ်ရေးစခန်း၌ ယာယီအမိုးတဲများ စီစဉ်ဆောင်ရွက်ပေးထားမှုနှင့် ကယ်ဆယ်ရေးစခန်း အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ၎င်းတွင်နေထိုင်လျက်ရှိသည့် သဘာဝဘေးဒဏ်သင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကယ်ဆယ်ရေးစခန်းတွင် နေထိုင်လျက်ရှိသည့် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ အဝတ်အထည်၊ စောင်နှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ချင်းပြည်နယ် တီးတိန်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားခဲ့သောကြောင့် အဆိုပါကျေးရွာများမှ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းနှစ်ခု ဖွင့်လှစ်ထားရှိရာ အမှတ်(၁) ကယ်ဆယ်ရေးစခန်းကို စကောလမ်း နှစ်ခြင်းဘုရားရှိခိုးကျောင်းတွင် ကဂင်ကျေးရွာမှ အိမ်ထောင်စု ၄၁ စုနှင့် လူဦးရေ ၁၉၈ ဦးကိုလည်းကောင်း၊ အမှတ်(၂)ကယ်ဆယ်ရေးစခန်းကို ကမ်းဟောက် ဘောလုံးကွင်းတွင် ဝေါင်မွာလ်ကျေးရွာနှင့် ထင်ဇန်ကျေးရွာများမှ အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၂၈၈ ဦးကိုလည်းကောင်း ပြောင်းရွှေ့ထားရှိပြီး ပြည်နယ်အစိုးရအဖွဲ့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တီးတိန်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ကလေးမြို့ ရာဇဂြိုဟ်ရေလှောင်တမံသို့ရောက်ရှိပြီး တမံကြံ့ခိုင်မှုအခြေအနေ၊ တမံအတွင်းရေဝင်ရောက်မှုနှင့် ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် လုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်မော်နိုင်က ဇူလိုင်လလယ်ခန့်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကိုမန်ဆိုင်ကလုန်းမုန်တိုင်း အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ထူးကဲစွာ မိုးရေချိန်စံချိန်သစ်များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ရာဇဂြိုဟ်ရေလှောင်တမံအတွင်း ရေဝင်ရောက်ခဲ့မှုနှင့် ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ၊ ရေလှောင်တမံအတွင်း သစ်တုံးများ မျောပါဝင်ရောက်ခဲ့မှုနှင့် ဆယ်ယူခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ရာဇဂြိုဟ်ရေလှောင်တမံကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတက ဆည်ကြံ့ခိုင်ထိန်းသိမ်းမှုလုပ်ငန်းများ မျက်ခြည်မပြတ်ဆောင်ရွက်ရန်နှင့် ရေဝေရေလဲဒေသများတွင် ရွှေ့ပြောင်းတောင်ယာခုတ်ခြင်း၊ တရားမဝင်သစ်ထုတ်လုပ်ခြင်းများကြောင့် သစ်တောများ ပြုန်းတီးမှုမဖြစ်အောင် ကာကွယ်တားဆီးရန် လိုအပ်ပါကြောင်း၊ ယခု ရေကြီးရေလျှံမှုကြောင့် နုန်းဖုံးသွားသော လယ်မြေများတွင် စပါးစိုက်ပျိုးရန် အချိန်မမီတော့သည့်အတွက် အောက်တိုဘာလကုန်ခန့်တွင် ပြန်လည်ထွန်ယက်ပြီး ဆောင်းသီးနှံများဖြစ်သည့် နေကြာနှင့် ပဲအမျိုးမျိုးကို စိုက်ပျိုးရန် လိုအပ်ပါကြောင်း။

ထိုကဲ့သို့ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သောမျိုးနှင့် ထွန်စက်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ တောင်ပေါ်ဒေသတွင်ဖြစ်ပေါ်နေသည့် သဘာဝတောင်ပြိုရေကန်နေရာများကို ကွင်းဆင်းစစ်ဆေးပြီးပါက အန္တရာယ်မဖြစ်စေဘဲ ရေလမ်းကြောင်းပြန်ဖွင့်နိုင်မည့် နည်းလမ်းများကို တင်ပြဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုကန်များကြောင့် အန္တရာယ်ဖြစ်နိုင်သည့် ကျေးရွာများရှိပါက ကြိုတင်သတိပေးထားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကလေးမြို့သို့ရောက်ရှိပြီး အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

### ✻ သီလဝါမှ

ဆောင်ရွက်ပေးမည်ဖြစ်သည်။ မစ်ဆူဘီရှိ ကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်များ၏ အကြံပြုချက်ကြောင့် Daizen Myanmar ကုမ္ပဏီ၏ ပထမဆုံးသော အာဆီယံဒေသ ရင်းနှီးမြှုပ်နှံမှုတည်နေရာအဖြစ် သီလဝါ အထူးစီးပွားရေးဇုန်ကို ရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်း မစ္စတာယာဘေးက ပြောကြားသည်။ သီလဝါဆိပ်ကမ်းမှ ငါးကီလိုမီတာဝန်းကျင်နှင့် ရန်ကုန်မြို့တော်မှ ၂၅ ကီလိုမီတာ ကွာဝေးသည့် စတုရန်းမီတာ ၁၀၀၀၀ ရှိသော ယင်းထောက်ပံ့ပို့ဆောင် ရေး စင်တာမှာ မြေဧရိယာ စတုရန်းမီတာ ၁၇၀၄၅ ပေါ်တွင် တည်ဆောက်မည် ဖြစ်သည်။

## သံအမတ်ကြီးဦးမြင့်နောင် သံအမတ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၄**

ပေါ်တူဂီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် လစ်စဘွန်းမြို့၌ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာနီဘယ်ကာဗာကိုဆေးလ်ဗာထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

**(သတင်းစဉ်)**



ဩဂုတ် ၁၃ ရက်က ရာဇဂြိုဟ်ရေလှောင်တမံ ရေပိုလွှဲမြောင်းအတွင်းရှိ သစ်တုံးများအား ဆင်များဖြင့် ဆွဲယူနေစဉ်။ (ဆည်/မြောင်း)

## ပြည်တွင်းရေးရာ

**❒ရေရှည်တည်တံ့သည့်မှ**



ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရို အာစို တို့ KOYORAD စက်ရုံ၌ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး မစ္စတာ ယိုစုကီ တာကာကီတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် ရင်းနှီးတည်ဆောက်သူ မြန်မာ-ဂျပန် သီလဝါတည်ဆောက်ရေး ကုမ္ပဏီလီမိတက်တို့သည် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ရှေ့မှောက်တွင် သဘောတူညီကတိကဝတ်ပြုလုပ်ကာ သီလဝါအထူးစီးပွားရေးဇုန် ခရီးလမ်းကို စတင်လျှောက်လှမ်းခဲ့ကြပါကြောင်း၊ယခု ဖွင့်လှစ်သည့် သီလဝါ အထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြားခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှု၏ ပြယုဂ်ဖြစ်ပါကြောင်း၊ စိန်ခေါ်မှုများစွာကို ကောင်းတူဆိုးဖက် ဖြတ်သန်းလျက်နှစ်နိုင်ငံအတူတကွ စီမံပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ပြီး အတူတကွ အောင်မြင်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံ ပုဂ္ဂလိက ကဏ္ဍတို့၏ ကတိကဝတ်ပြုမှုနှင့် အထောက်အပံ့များ မပါဘဲ ယခုအဆင့်သို့ မည်သို့မျှရောက်ရှိနိုင်မည် မဟုတ်ပါကြောင်း၊ သီလဝါအထူး စီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ပထမဆုံး အထူးစီးပွားရေးဇုန်ဖြစ်သည်နှင့်အညီ မိမိတို့၏ ရည်မှန်းချက်သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြင့်မားရေးဆိုသည့် ဒေသတွင်းနိုင်ငံများ၏ သာမန်ရည်မှန်းချက်ထက် များစွာပိုမိုပါကြောင်း၊ မိမိတို့၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍပါရာဒိုင်း အရွေ့(Paradigm shift)ပင်ဖြစ်ပါကြောင်း၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများအတွက် ကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဖန်တီးရန်အတွက် အတွေးအမြင်အသစ်များ၊ မူဝါဒအသစ်များ၊ လုပ်ထုံးလုပ်နည်းအသစ်များနှင့်အတူ အခန်းကဏ္ဍများစွာတွင် ညှိနှိုင်းပေါင်းစပ်အဆင်ပြေစေမည့် ရင်းနှီးမြှုပ်နှံပုံစံကို သီလဝါအထူးစီးပွားရေးဇုန်အဖြစ် စတင်ခဲ့ပြီးဖြစ်ပါကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံသူများကလည်း တာဝန်သိ ရင်းနှီးမြှုပ်နှံမှုများအဖြစ် နမူနာကောင်းကို ပြသနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ချက်ကို ပြုလုပ်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်အား နိုင်ငံတကာအကြံပေးအဖွဲ့ဖြင့် ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ စက်မှုကဏ္ဍကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေနိုင်သည် ဆိုသည်ကိုလည်း သီလဝါအထူးစီးပွားရေးဇုန်က သက်သေပြနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှု အပြောင်းအလဲသမိုင်းတစ်ကွေ့ကို မိတ်ဆွေဂျပန်နိုင်ငံနှင့်အတူ ဖြတ်သန်းခွင့်ရရှိသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အလားတူ သီလဝါ အထူးစီးပွားရေးဇုန်တွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူ မိတ်ဆွေများကလည်း မိမိတို့နှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူကြမည်ဟု ယုံကြည်ပါကြောင်း။

ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန်ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် သီလဝါအထူးစီးပွားရေးဇုန်၌ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသော One Stop Service Center သည် အလွန်အရေးကြီးကြောင်း၊ မလိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို လျှော့ချ၍ လွယ်ကူရှင်းလင်းပြီး မြန်ဆန်သော လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးရန် တည်ထောင်ခဲ့ပြီး စံပြုလုပ်ထုံးလုပ်နည်းများကိုလည်း ရေးဆွဲခဲ့ကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်သည် မြန်မာ-ဂျပန် နှစ်နိုင်ငံ

> **ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများအတွက် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဖန်တီးရန်အတွက် အတွေးအမြင်အသစ်များ၊ မူဝါဒအသစ်များ၊ လုပ်ထုံး လုပ်နည်း အသစ်များနှင့်အတူ အခန်းကဏ္ဍများစွာတွင် ညှိနှိုင်းပေါင်းစပ်အဆင်ပြေစေမည့် ရင်းနှီးမြှုပ်နှံပုံစံကို သီလဝါ အထူးစီးပွားရေးဇုန်အဖြစ် စတင်ခဲ့ပြီး ဖြစ်။**

ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေးမှ ပေါက်ဖွားလာခြင်းဖြစ်သော်လည်း နိုင်ငံတကာတာဝန်သိ ရင်းနှီးမြှုပ်နှံသူအားလုံးကိုလည်း တံခါးဖွင့်ကြိုဆိုလျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း ရပ်ဝေး ရပ်နီးနိုင်ငံပေါင်းစုံက ရင်းနှီးမြှုပ်နှံသူများသည် သီလဝါအထူးစီးပွားရေးဇုန်တွင် စိတ်အားထက်သန်စွာဖြင့် ရင်းနှီးမြှုပ်နှံရန် လာရောက်စာရင်းပေးထားပြီးဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူအားလုံးကို သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစို က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် တစ်ဆင့်ချင်း တစ်ဆင့်ချင်း ခိုင်ခိုင်မာမာဖြင့် တိုးတက်




ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရို အာစို နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

လာပါကြောင်း၊ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ အသစ်တစ်ဖန် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းကာ တက်တက်ကြွကြွဖြင့် အစွမ်းကုန်အားပေးထောက်ပံ့လျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးနှင့် ထောက်ပံ့ရေးများမှ တစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကာ ကောင်းမွန်သည့် လည်ပတ်မှုကို ဖော်ဆောင်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှု၏ အသီးအပွင့်များကို မြန်မာပြည်သူပြည်သားများ လက်တွေ့ခံစားနိုင်ရန်အရေးကြီးပါကြောင်း၊ ရန်ကုန်မြို့ပြ၏အနီးတွင်တည်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာနိုင်ငံအတွက် စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်စွမ်းကို ဖြစ်စေမည့် အထူးအရေးပါသည့် စီမံကိန်းဖြစ်မည်ဟု အခိုင်အမာ ယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန်သို့လည်း လာရောက်ခဲ့ပါကြောင်း၊ ယခု နှစ်နှစ်အကြာတွင် သီလဝါသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည်ကို တွေ့မြင်ရပါကြောင်း၊ ၂၀၁၄ ခုနှစ် မေလတွင် မြေနေရာစတင်ရောင်းချခဲ့သည့်အချိန်မှစ၍ ယခုအချိန်ထိ ကုမ္ပဏီပေါင်း ၄၇ ခု ရင်းနှီးမြှုပ်နှံမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ယင်းကုမ္ပဏီများသည် ဂျပန်၌သာမက အာရှတစ်ခွင်တွင် အတွေ့အကြုံရှိသည့် ကုမ္ပဏီများဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာစီးပွားရေးအဆင့်အတန်းသို့တက်လှမ်းနိုင်ရေးအတွက် အလားအလာကောင်းများပင်ဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် ဂျပန်နည်းပညာဖြင့် တည်ဆောက်ထားပြီး ပတ်ဝန်းကျင်နှင့် လူမှုဘဝများကိုပါ နိုင်ငံတကာစံနှုန်းနှင့်အညီ ထည့်သွင်းတည်ဆောက်ထားသည့် အထူးစီးပွားရေးဇုန်ဖြစ်ပါကြောင်း၊ သီလဝါအထူး စီးပွားရေးစီမံကိန်းမှတစ်ဆင့် မြန်မာနှင့် ဂျပန်နှစ်နိုင်ငံလုံးအတွက် အကျိုးရလဒ်ကောင်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပထမအဆင့် စီမံကိန်းအောင်မြင်ခြင်းမှတစ်ဆင့် နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေပါကြောင်းကိုလည်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဂျပန်သီလဝါအများပိုင်ကုမ္ပဏီလီမိတက် ကိုယ်စားလှယ် Mr.Nakamura နှင့် မြန်မာသီလဝါအများပိုင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် သီလဝါ အထူးစီးပွားရေးဇုန် ဒုတိယအဆင့်စီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုဧရိယာအဖြစ် အကောင်အထည်ဖော်ရန် ဟက်တာ ၅၀၀ မှ ၇၀၀ ခန့် သတ်မှတ်သည့် နားလည်မှုစာချွန်လွှာ(MoU)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစိုတို့ ရှေ့မှောက်တွင် နှစ်နိုင်ငံနှစ်ဖက်ကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ ဦးဆောင်သော အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ ဦးဆောင်သော နှစ်ဖက်ကိုယ်စားလှယ်များသည် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီရုံး၌ ဖွင့်လှစ်ထားရှိသည့် One Stop Service Center ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့် စီမံကိန်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါအထူးစီးပွားရေးဇုန် မုခ်ဦးရှေ့ဥပစာ၌ကျင်းပရာ ဒုတိယသမ္မတဦးညွန့်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရို အာစိုတို့က မုခ်ဦးကိုစက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစိုတို့ဦးဆောင်သော နှစ်ဖက်ကိုယ်စားလှယ်များသည် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ ဦးဆောင်သော အဖွဲ့ဝင်များသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မကြာမီဖွင့်လှစ်မည့် KOYORAD (Japan) ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး မစ္စတာ ယိုစုကီတာကာကီ ဦးဆောင်သည့်

**စာမျက်နှာ ၅ သို့**

- ❊ ၂၀၁၄ ခုနှစ်မေလတွင် မြေနေရာစတင်ရောင်းချခဲ့သည့်အချိန်မှစ၍ ယခုအချိန်ထိ ကုမ္ပဏီပေါင်း ၄၇ ခု ရင်းနှီးမြှုပ်နှံမှုများ စတင်ဆောင်ရွက်နေပြီဖြစ်၊
- ❊ ယင်းကုမ္ပဏီများသည် ဂျပန်၌သာမက အာရှတစ်ခွင်တွင် အတွေ့အကြုံရှိသည့် ကုမ္ပဏီများဖြစ်၊
- ❊ မြန်မာနိုင်ငံသည် နိုင်ငံတကာစီးပွားရေး အဆင့်အတန်းသို့ တက်လှမ်းနိုင်ရေး အတွက် အလားအလာကောင်းများဖြစ်၊
- ❊ သီလဝါအထူးစီးပွားရေးဇုန်သည် ဂျပန်နည်းပညာဖြင့် တည်ဆောက်ထားပြီး ပတ်ဝန်းကျင်နှင့် လူမှုဘဝများကိုပါ နိုင်ငံတကာစံနှုန်းနှင့်အညီ ထည့်သွင်း တည်ဆောက်ထားသည့် အထူးစီးပွားရေးဇုန်ဖြစ်။

**စာမျက်နှာ ၄ မှ**

ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ လက်ခံတွေ့ဆုံပြီး သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုကဏ္ဍတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန် ဖွင့်ပွဲအထိမ်းအမှတ် ညစာစားပွဲကို ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရို အာစိုတို့ ဦးဆောင်သည့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းသည် ၂၀၁၂ ခုနှစ် ဧပြီ ၂၁ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့အကြား နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခဲ့ခြင်းမှ အစပြုခဲ့သည့် စီမံကိန်းတစ်ရပ်ဖြစ်သည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်ကို ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် ပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းလွှာ (MoC) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ရန်ကုန်မြို့၌ လည်းကောင်း၊ မြန်မာနှင့်ဂျပန်ကုမ္ပဏီများ သီလဝါအထူးစီးပွားရေးဇုန်ကို ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် နားလည်မှုသဘောတူစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းကို ၂၀၁၃ ခုနှစ် မေ ၂၅ ရက်တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း သီလဝါဆိပ်ကမ်း၌ လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

**သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းသည် ဟက်တာ ၂၄၀၀ ကျယ်ဝန်း၊ စီမံကိန်းပထမအဆင့်အဖြစ် ၃၉၆ ဟက်တာကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်၊ လူနေနှင့် စီးပွားရေးဇုန်ဧရိယာ ၃၅ ဟက်တာလည်း ပါဝင်၊ စီမံကိန်းပထမအဆင့် အမေရိကန်၊ ဆွီဒင်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဩစတြေးလျနှင့် အရှေ့တောင် အာရှနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၇ ခု လုပ်ကိုင်ခွင့်ရရှိထား၊ စီမံကိန်းပထမအဆင့် ဇုန်ဧရိယာအတွင်း ကုမ္ပဏီ ၁၃ ခုမှာ ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်။**

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်ရန်အတွက် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းရန် သဘောတူညီချက် (JV Agreement) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ လည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း ပထမအဆင့် စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်း စတင်သည့် အခမ်းအနား (Commencement Ceremony ) ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ လည်းကောင်း ကျင်းပခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းသည် ဟက်တာ ၂၄၀၀ ကျယ်ဝန်းသည်။ စီမံကိန်းပထမအဆင့်အဖြစ် ၃၉၆ ဟက်တာကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဇုန်ဧရိယာအတွင်း လူနေနှင့်စီးပွားရေးဇုန်ဧရိယာ ၃၅ ဟက်တာလည်း ပါဝင်သည်။ စီမံကိန်းပထမအဆင့်အတွက် အမေရိကန်၊ ဆွီဒင်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဩစတြေးလျနှင့် အရှေ့တောင်အာရှနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၇ ခု လုပ်ကိုင်ခွင့် ရရှိထားသည်။ လက်ရှိတွင် စီမံကိန်းပထမအဆင့် ဇုန်ဧရိယာအတွင်း ကုမ္ပဏီ ၁၃ ခုမှာ ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

**(သတင်းစဉ်)**

# ပုဂံရှေးဟောင်းဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာမည်

**အမေး၊ အရေးနှင့် ဓာတ်ပုံ**
**မြင့်မောင်စိုး၊ နိုင်လင်းကြည်**

ပျူခေတ်အလွန် မြန်မာနိုင်ငံတွင် ပုဂံခေတ်ထွန်းကားခဲ့ရာ ယနေ့ပုဂံရှေးဟောင်းအမွေအနှစ်အဖြစ် စေတီပုထိုးအမျိုးမျိုးကျန်ရှိလျက်ရှိပေသည်။ ပုဂံရှေးဟောင်းဒေသကြီးအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသကြီးတစ်ခုဖြစ်လာရေး မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာရှင်များက ယူနက်စကို တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ဆောင်ရွက်ကြိုးပမ်းနေမှုများနှင့် ပတ်သက်၍တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဒေါ်ခင်ကြည်ပြာ-ပါမောက္ခချုပ်**
**(အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်-မန္တလေး)**

"ဒီအလုပ်ရုံဆွေးနွေးပွဲကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ၂၀၁၃ ခုနှစ်တုန်းက (၁၄)ကြိမ်မြောက် အာဆီယံ COCI ဆပ်ကော်မတီအစည်းအဝေး ရန်ကုန်မှာ ကျင်းပခဲ့တဲ့အချိန်မှာ တင်သွင်းခဲ့တဲ့ ပရောဂျက်ဖြစ်ပါတယ်။ ရှေးဟောင်းမြို့တော်များကွန်ရက်ဆိုတာ အာဆီယံနိုင်ငံတွေအကြားမှာ ရှေးဟောင်းမြို့တော်များကို စီမံချက်တင်သွင်းပြီးတော့ နိုဝင်ဘာလမှာ ဘရူနိုင်းနိုင်ငံမှာ ကျင်းပတဲ့ (၁၈)ကြိမ်မြောက် အာဆီယံ COCI အစည်းအဝေးမှာ အတည်ပြုခဲ့တာပါ။ အာဆီယံမှာရှိတဲ့ ရှေးဟောင်းမြို့တော်တွေကို Preserve လုပ်ဖို့နဲ့ အာဆီယံနိုင်ငံအချင်းချင်း အသိပညာတွေဖလှယ်ဖို့ အတွေ့အကြုံတွေ ဖလှယ်နိုင်တဲ့ အခွင့်အလမ်းတွေ ရရှိအောင် ဆောင်ရွက်တာဖြစ်ပါတယ်။

အာဆီယံ(၁၀)နိုင်ငံအပြင် ရှေးဟောင်းနည်းပညာဆိုင်ရာ ကျွမ်းကျင်သူတွေပါ တက်ရောက်ပါတယ်။ ပုဂံဒေသကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖို့ လက်ရှိဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့ ယူနက်စကို စာရင်းဝင်ပြီးဖြစ်ပါတယ်။ ဒါကြောင့် အဲဒါတွေပြီးကတည်းက ပုဂံကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖို့လည်း အမည်စာရင်းတင်သွင်းထားပါတယ်။ ဒါပေမယ့် ဆက်လက်ဆောင်ရွက်ဖို့ အဆင့်တွေတော့ လိုပါသေးတယ်။ ပုဂံဒေသကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖို့ အဓိက ဆောင်ရွက်တာကတော့ ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာနဖြစ်ပါတယ်။ အင်းလေးဒေသကိုလည်း Culture Space of Inlay Region ဆိုပြီးတော့ ဒြပ်မဲ့ယဉ်ကျေးမှုအတွက် စာရင်းကောက်နေပါတယ်"ဟု ပြောကြားခဲ့သည်။

**ဦးသိန်းလွင်(ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)**

မြန်မာနိုင်ငံမှာ ပျူရှေးဟောင်းမြို့တော်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ပြီးကတည်းက ပုဂံရှေးဟောင်းဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဖြစ်ဖို့ ကြိုးစားနေပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အီတလီနိုင်ငံက လိုအပ်တဲ့ငွေများအကူအညီနဲ့အတူ ဆောင်ရွက်တာလည်းရှိပါတယ်။ ၂၀၁၄ ခုနှစ်ကတည်းက ယူနက်စကိုက အလုပ်ရုံဆွေးနွေးပွဲတွေလုပ်တယ်။ ပုဂံဒေသမှာ လေ့လာမှုတွေ၊ စီမံခန့်ခွဲမှုတွေလုပ်တယ်။ ပုဂံဒေသမှာ ရှေ့ဆက်ပြီးလုပ်ရမယ့်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုတွေဖြစ်တဲ့ နတ်ကိုးကွယ်မှုသမိုင်းတွေ၊ စေတီပုထိုးစာရင်းကောက်ယူမှုတွေ လုပ်တယ်။ နံရံဆေးရေးပန်းချီကားတွေ ထိန်းသိမ်းရေးစတဲ့လုပ်ငန်းတွေမှာ ယူနက်စကိုကရော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်း စတဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပုဂံဒေသကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဖြစ်ဖို့ နိုင်ငံတော်အဆင့် တင်ပြထားပြီးဖြစ်ပါတယ်"ဟု ပြောသည်။



ဒေါ်ခင်ကြည်ပြာ ပါမောက္ခချုပ် (အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်-မန္တလေး)

**ဦးစိုးစိုးလင်း**
**(ဒုတိယညွှန်ကြားရေးမှူး-ပုဂံရှေးဟောင်းဌာနခွဲ)**

"ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖို့ဆိုရင် အဓိကအားဖြင့် စံခြောက်ချက်နဲ့ ကိုက်ညီရတယ်။ စံခြောက်ချက်နဲ့ကိုက်ညီမှ ယူနက်စကိုစာရင်းဝင်မှာဖြစ်တယ်။ ယူနက်စကိုက ဝင်ချင်တိုင်း ဝင်လို့မရဘူး၊ လက်ရာကောင်းလို့ဝင်မှာလား၊ အဲဒီခေတ်ကလူတွေမှာ စတိုင်တွေက ဘာတွေကျန်သေးလို့လဲ စတဲ့အချက်တွေအပေါ်မှာ အခြေခံပါတယ်။ ကျွန်တော်တို့ပုဂံက ယူနက်စကိုက သတ်မှတ်တဲ့ စံခြောက်ချက်နဲ့ ကိုက်ညီပါတယ်။ ပုဂံရှေးဟောင်းအမွေအနှစ်ဒေသဟာ ယူနက်စကိုဝင်ဖို့ စံသတ်မှတ်ချက်တွေနဲ့ကိုက်ညီပါတယ်။ စံသတ်မှတ်ချက်တွေ အပြည့်အဝရှိပါတယ်။ ကျွန်တော်တို့ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့ ယူနက်စကိုနဲ့ ခေါင်းစဉ်ငါးခုနဲ့ ဆွေးနွေးပွဲလုပ်တာ ငါးကြိမ်ရှိသွားပါပြီ။ နောက်ဆုံး



ယူနက်စကိုနဲ့ ဆွေးနွေးဖို့ရှိပါတယ်။ ဒီဆွေးနွေးပွဲပြီးရင်တော့ Report ထွက်လာဖို့ မျှော်လင့်ရပါတယ်။"

ပုဂံရှေးဟောင်းဒေသကို ယူနက်စကိုအမွေအနှစ်ဖြစ်ရေး ကြိုးပမ်းလျက်ရှိရာတွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦးကလည်း ဤသို့ ပြောကြားခဲ့သည်။



ဦးသိန်းလွင် (ဒုတိယ ညွှန်ကြားရေးမှူးချုပ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန)။

**ဦးအောင်ကျော်ဝင်း**
**(လက်ထောက်ညွှန်ကြားရေးမှူး-ထိန်းသိမ်းရေးဌာနစု)**

"ထိန်းသိမ်းရေးမှာ အဆောက်အအုံပိုင်း ထိန်းသိမ်းရေးနဲ့ အနုလက်ရာပိုင်းထိန်းသိမ်းရေးဆိုပြီး နှစ်ပိုင်းခွဲထားပါတယ်။ သိပ္ပံနဲ့ကျောင်းပြီးတဲ့သူတွေဆိုရင် အနုလက်ရာပိုင်းထိန်းသိမ်းရေးအတွက် ထားရှိဆောင်ရွက်ပါတယ်။ တချို့ဟာတွေဆိုရင် ဖုန်လေးသုတ်လိုက်တာနဲ့ရတယ်။ တချို့ဟာတွေကတော့ နှစ်ရှည်လများ နှစ်ရာထောင်ချီပြီး ချွတ်လို့မရတဲ့ ချေးတွေရှိတယ်။ တချို့ကို ဓာတုဗေဒဆေးတွေ သုံးရတယ်။ ဒါပေမယ့် ဓာတုဗေဒဆေးတွေကိုလည်း ယူနက်စကိုက ကျွမ်းကျင်ပညာရှင်တွေက စမ်းသပ်ပြီးမှ သုံးရတယ်။ သူတို့က သင်တန်းတွေပေးတယ်၊ ပြီးတော့ လက်တွေ့လုပ်ခိုင်းတယ်။ ဘာလို့လဲဆိုရင် အနုလက်ရာပိုင်းတွေဆိုတာ သာမန်လူတွေ မလုပ်နိုင်လို့ပဲဖြစ်ပါတယ်။

ထိန်းသိမ်းရေးကို ၁၉၇၅ ခုနှစ် မတိုင်ခင်ကတည်းက လုပ်ပါတယ်။ ဒါပေမယ့် ဌာနဝန်ထမ်းက နည်းတာရယ်၊ အသိအမြင်နည်းတာရယ်ကြောင့် အခုလောက်တော့ မလုပ်နိုင်ခဲ့ဘူး။ လတ်တလောပျက်စီးနေတာကိုပဲ ဆက်ပြီး မပျက်စီးအောင် လုပ်ခဲ့ရတယ်။ ၁၉၇၅ ခုနှစ် ပုဂံငလျင်လှုပ်တဲ့အချိန်မှာတော့ ငလျင်မလှုပ်မီက ပြင်ထားတာတွေရော လုံးဝမလုပ်ရသေးတဲ့အရာတွေပါ အကုန်ပျက်စီးကုန်တယ်။ ထီးတော်တွေဆိုရင် ပြိုကျ၊ အင်္ဂတေတွေ ကွာကျ စတာတွေဖြစ်တယ်။ အတွင်းဘက်နံရံဆေးရေးပန်းချီတွေဆိုရင်လည်း အချပ်လိုက်ကွာကုန်တယ်။ ၁၉၈၂-၁၉၈၃ ခုနှစ်ကနေစပြီး အစိုးရနဲ့ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်တို့ ချိတ်ဆက်ပူးပေါင်းပြီး ကျွမ်းကျင်ပညာရှင်တွေကိုလည်း မြန်မာနိုင်ငံကို စေလွှတ်တယ်။ ပြီးတော့ ဌာနကဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီးလုပ်ဆောင်တယ်။ ဒီနှစ်အထိလည်း သင်တန်းတွေပေးတာတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်တာတွေ ရှိပါတယ်။ အဆောက်အအုံပိုင်းထိန်းသိမ်းရေးကို လူတိုင်းနီးပါး လုပ်နိုင်ပေမယ့် အနုလက်ရာပိုင်းဆိုရင်တော့ ခံစားချက်ရှိတဲ့သူမှ လုပ်နိုင်တယ်။ ဒါကြောင့် ဌာနကလူတွေလောက်ပဲလုပ်နိုင်တယ်။ အပြင်က ခေါ်ပြီးခိုင်းရင် ၁၀ ယောက်လောက်ခေါ်မှ သုံးယောက်လောက်ပဲ လုပ်နိုင်ကြတယ်"ဟု ရှင်းပြသည်။

မြန်မာနိုင်ငံတွင် ပျူရှေးဟောင်းမြို့တော်များ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာပြီးနောက် ပုဂံရှေးဟောင်းမြို့ကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာရေး ကြိုးပမ်းနေပြီဖြစ်ပါသည်။ ပုဂံဒေသသည် ရှေးဟောင်းအမွေအနှစ်ဒေသဖြစ်လာမည်ဆိုပါက ရှေးဟောင်းအမွေအနှစ်များကို ပိုမိုတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်လာမည်ဖြစ်သကဲ့သို့ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဒေသဖြစ်သည့်အတွက် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်ကာ ကမ္ဘာ့လှည့်ခရီးသွားဧည့်သည်များ ပိုမိုဆွဲဆောင်လာနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးမြင့်မားရန်လိုအပ်သဖြင့် တတ်နိုင်သမျှကူညီဆောင်ရွက်ခဲ့


**နေပြည်တော် စက်တင်ဘာ ၂၃**

တိုင်းရင်းသားများစုစည်းနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်၊ မြန်မာဆိုသည့်စိတ်ဓာတ်တို့ဖြင့် ဝိုင်းဝန်းလုပ်ဆောင်မည်ဆိုပါက တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်သူများ ပူပေါင်းဆောင်ရွက်ခြင်းဖြင့် ပညာရေးတိုးတက်ကောင်းမွန်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူရမည်ကို တွေ့မြင်နိုင်ပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာများပေးအပ်လှူဒါန်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနား၌ ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အေးဝင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အေးလွင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ အလှူရှင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကယားပြည်နယ်သည် ယခင်ကတည်ငြိမ်အေးချမ်းမှုမရှိ၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးအစွမ်းကုန်ကြိုးစားခဲ့ရပါကြောင်း၊ ၂၀၁၁ ခုနှစ်နှောင်းပိုင်းမှစ၍ ကယားပြည်နယ်တွင် သိသာစွာပြောင်းလဲသွားပြီး တည်ငြိမ်အေးချမ်းရေး အသီးအပွင့်ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုများ ခံစားနေရပြီဖြစ်ပါကြောင်း၊ မိမိတို့၏ ပြင်းပြသောဆန္ဒမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာဖြင့် တိုင်းပြည်တိုးတက်အောင်လုပ်ဆောင်ရန်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးမြင့်မားရန် လိုအပ်သဖြင့် ပညာရေးမြင့်မားရေးအတွက် တတ်နိုင်သမျှ ကူညီဆောင်ရွက်ခဲ့ကြောင်း၊ အနာဂတ်ဖွံ့ဖြိုးရေးအတွက် လူငယ်လူရွယ်များအပေါ် များစွာမူတည်ပါကြောင်း၊ လူငယ်လူရွယ်များ၏ အခန်းကဏ္ဍကြီးမားခြင်းကြောင့် စာသင်ကျောင်းများတွင် ပညာသင်ကြားရေး၊ ပညာကြိုးစားရေး၊ ပညာရည်မြင့်တင်ရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ခေတ်မီသည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဖြင့် ဒေသကို အထောက်အကူပြုရမည်ဖြစ်ကြောင်း၊ ယခုကွန်ပျူတာများ ထောက်ပံ့ပေးခြင်းသည် ပညာသင်ကြားရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ပညာသင်ကြားနိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်မှုလည်း အရေးကြီးသဖြင့် တပ်မတော်အနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိကမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်၍ တပ်မတော်မှ အစွမ်းကုန်ကြိုးစားနေသကဲ့သို့ ဒေသခံများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကယားပြည်နယ်ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာအလုံး ၁၅၀ နှင့် ဆက်စပ်ပစ္စည်းများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းငွေကျပ်သိန်း ၃၀၀ နှင့် ဗလာစာအုပ် ဒါဇင် ၃၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။ ထို့နောက် အလှူရှင်များက စုစုပေါင်းလှူဒါန်းငွေကျပ်သိန်းပေါင်း ၁၆၅၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖားဆောင်းမြို့နယ် မော်ချီးဒေသသို့ ရောက်ရှိကြသည်။

ထို့နောက် မော်ချီးသတ္တုတွင်းစီမံကိန်းရုံး အစည်းအဝေးခန်းမတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်ပြောကြားသည်။ ယင်းနောက် ဘော်လခဲခရိုင်အုပ်ချုပ်ရေးမှူးနှင့် မော်ချီးကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဒေသဆိုင်ရာ အချက်အလက်များနှင့် မော်ချီးဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များပြောကြားခဲ့ပြီး MEC-Tel မိုဘိုင်းဖုန်းဆက်သွယ်အသုံးပြုနိုင်ရေး၊ လူမှုရေးအသင်းအဖွဲ့အတွက် မော်တော်ယာဉ်တစ်စီး လှူဒါန်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကူညီဆောင်ရွက်ရေးတို့အား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ သတ္တုတွင်းစီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းဒါရိုက်တာက စီမံကိန်းဆိုင်ရာအချက်အလက်များအား Power-Point ဖြင့် ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်ချီးကျေးရွာတွင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘော်လခဲမြို့သို့ရောက်ရှိပြီး ဘော်လခဲပြည်သူ့ဆေးရုံသို့ သွားရောက်ကာ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုအား ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# တပ်ပိုင်စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများသည် ဒေသတွင်းကုန်ဈေးနှုန်းတည်ငြိမ်စေရန် တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းနိုင်

**နေပြည်တော် စက်တင်ဘာ ၂၃**

တပ်မတော်၏ မူလတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် တိုက်စွမ်းအားရှိရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းအားရှိရေးအတွက် စစ်တိုက်တတ်သော၊ စစ်တိုက်ရဲသော၊ စစ်တိုက်တော်သော တပ်များဖြစ်ရန်လိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် ဖရူဆိုတပ်နယ်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေး သင်တန်းကျောင်း၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံစဉ်ပြောကြားသည်။



တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အေးဝင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အေးလွင်၊ သင်တန်းကျောင်းမှ နည်းပြအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုက်စွမ်းအားရှိရန်အတွက် စွမ်းရည်မြှင့်တင်ပေးသည့် စစ်လက်နက်ပစ္စည်းများ၊ ယာဉ်ယန္တရားများ၊ လေယာဉ်ရေယာဉ်များ တပ်ဆင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်တွင်လက်ရှိသုံးစွဲနေသည့် အကူပစ်လက်နက်များ၊ အမြောက်၊ ဒုံးများကို စွမ်းရည်ထက်မြက်သော စစ်လက်နက်ပစ္စည်းများဖြစ်စေရန်၊ ထိရောက်စွာ အသုံးပြုနိုင်ရန်၊ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန်အတွက် လေ့ကျင့်ခြင်းသည် တိုက်စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ခေတ်မီတပ်မတော် တစ်ရပ်ထူထောင်ရာတွင် ခေတ်နှင့်အညီ နည်းပညာမြင့်မားသည့် စစ်လက်နက်ပစ္စည်းများ တပ်ဆင်အသုံးပြုရခြင်းကြောင့် ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် လိုအပ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အရှိန်မလျှော့ဘဲ မိသားစုအပိုဝင်ငွေ ရရှိသည်အထိ ဆက်လက်လုပ်ဆောင်ရန်တိုက်တွန်းလိုကြောင်း၊ တပ်ပိုင်စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများသည် ဒေသတွင်းကုန်ဈေးနှုန်းတည်ငြိမ်စေရန် တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းနိုင်ပါကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းရာတွင် သစ္စာရှိရှိဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် လာမည့်အောက်တိုဘာလ ၁ ရက်မှစ၍ စစ်မှုထမ်းသက်ပေါ်တွင် မူတည်ပြီး အဆင့်အလိုက် စစ်သည်များအား ရာထူးတိုးမြှင့်ပေးသွားမည်ဖြစ်ပြီး တပ်မတော်၏ဝတ်စုံအချို့ကိုလည်း ပြင်ဆင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်အပါအဝင် အရေးကြုံလာပါက တပ်မတော်သားတစ်ဦးချင်း မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို မှန်မှန်ကန်ကန် လုပ်ဆောင်ခြင်းဖြင့် ပြည်သူက အားကိုးသော၊ တိုင်းပြည်က အားထားသောတပ်များ ဖြစ်လာမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းအတွက် သုတရသစာအုပ်စာစောင်များနှင့် ကျောင်းသုံးဗလာစာအုပ်များကိုပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ဇင်းနောက် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေးက အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဘော်လခဲတပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်နေမှု အခြေအနေများ၊ တပ်များ၏ အရည်အသွေးတိုးတက်စေရေး၊ တိုက်စွမ်းအားမြင့်မားစေရေးအတွက် လေ့ကျင့်ရေးလုပ်ဆောင်ရန်များ၊ မဲဆန္ဒပေးရာတွင် အခြေခံစဉ်းစားသင့်သည့်အချက်များ၊ လစာနှင့် စရိတ်များကို ချင့်ချိန်သုံးစွဲခြင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊ မွေးမြူရေးကို စနစ်တကျ လုပ်ဆောင်ခြင်းတို့အား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဘော်လခဲတပ်နယ်အတွက် သုတရသစာအုပ်စာစောင်များနှင့် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ ဇင်းနောက် စစ်ထောက်ချုပ်နှင့် စစ်ဥပဒေချုပ်တို့က စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ်က အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မော်ချီးဒေသ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအား သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

❐

### ○ကျွန်းစုမှ

အဆိုပါ စီမံကိန်းတွင် နိုင်ငံတကာအဆင့်မီဟိုတယ်၊ သဘာဝအပန်းဖြေနားနေစခန်းများ၊ ဒေသသုံးပစ္စည်းများနှင့်ဒေသယဉ်ကျေးမှုများဖြင့် ဘန်ဂလိုများ၊ သဘာဝတောအတွင်း ယာယီအပန်းဖြေအနားယူတဲများ၊ သက်ကြီးရွယ်အိုများပြုစုစောင့်ရှောက်ရေးနေအိမ်များ၊ သဘာဝကျန်းမာရေးလေ့ကျင့်ရေးစခန်းများ၊ ပင်လယ်ပြင်ကျွန်းများ၊ ငှက်သိုက်နှင့် ပုလဲကျွန်းများ လေ့လာရေးခရီးစဉ်များ၊ ပင်လယ်ပြင်ကျွန်းပေါ် ဂေါက်ကွင်းများ၊ လင်းပိုင်နှင့် သဘာဝတိရစ္ဆာန်မျးစောင့်ကြည့်ခြင်း၊ ရိုးရာယဉ်ကျေးမှုနှင့် ဂီတပွဲတော်များပြုလုပ်ခြင်း၊ ဒေသထွက်ရိုးရာလက်မှုပစ္စည်းအရောင်းဌာနများပြုလုပ်ပေးခြင်းများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသယဉ်ကျေးမှုများဖော်ထုတ်မြှင့်တင်စေရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိကာ ကျွမ်းကျင်မှုနည်းပညာများ လက်ဆင့်ကမ်းပြောင်းလဲရရှိစေရေး ဦးတည်ချက်ဖြင့် အကောင်ထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(MARCUS GROUP ISLANDS) လေးကျွန်းပေါ်တွင် လေးကျွန်းဟိုတယ်နှင့် ပင်လယ်ပြင် အပန်းဖြေခရီးသွားလုပ်ငန်းစီမံကိန်းကြီးကို အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ သန်း မတည်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး (MFG) ကုမ္ပဏီနှင့် မြိတ်၊ ကျွန်းစုဒေသလုပ်ငန်းရှင်များက အဆင့်ငါးဆင့်ခွဲကာ ငါးနှစ်အတွင်း ပြီးစီးအောင် အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောမြေဧရိယာ ၄၈၅ ဒသမ ၇၁ ဧကအား နှစ်ရှည်ငှားရမ်းခွင့်ပြုနိုင်ရေး သက်ဆိုင်ရာဌာနအသီးသီးများသို့ တင်ပြထားကြောင်းလည်းသိရသည်။ **ရန်နိုင်(ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

# မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ယန္တရားတင်ခြေလျင်တပ်မဟာသို့ သွားရောက်ကြည့်ရှုလေ့လာ၊ ဗုဒ္ဓစွယ်တော်မြတ်အားဖူးမြော်ကြည်ညို

**နေပြည်တော် စက်တင်ဘာ ၂၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် တီရန်ကျင်းမြို့ရှိ အမှတ်(၁၉၆) ယန္တရားတင်ခြေလျင် တပ်မဟာ (Mechanized Infantry Brigade) သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့သည် ပေကျင်းမြို့မှ ၇၅ ကီလိုမီတာအကွာ တီရန်ကျင်းမြို့ရှိ ပေကျင်းစစ်ဒေသကြီး (Beijing Military Region) ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၉၆) ယန္တရားတင်ခြေလျင်တပ်မဟာ (Mechanized Infantry Brigade) သို့ ရောက်ရှိရာ တပ်မဟာမှူး Senior Colonel She Jian Wang နှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တပ်မဟာဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး တပ်မဟာမှူးနှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။ ထို့နောက် ဌာနချုပ်ရုံးခန်းမတွင် တပ်မဟာသမိုင်း၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို တပ်မဟာမှူးက ရှင်းလင်းတင်ပြမှုအပေါ် မေးမြန်းဆွေးနွေးခဲ့ပြီး ကွပ်ကဲမှုအောက်တပ်ရင်းများ၏ စစ်သည်အိပ်ဆောင်များနှင့် တပ်မဟာလေ့ကျင့်ရေးကွင်းတွင် စစ်ရေးစွမ်းရည်သရုပ်ပြမှုများအား ကြည့်ရှုလေ့လာကြရာ တပ်မဟာမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ပေကျင်းမြို့ရှိ Laing Guan Si ဘုရားကျောင်းသို့ ရောက်ရှိပြီး ဆရာတော် Chang Zang အား ဖူးမြော်၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဗုဒ္ဓစွယ်တော်မြတ်ကို ဖူးမြော်ကြည်ညိုကြသည်။



ညနေပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ပေကျင်းမြို့ တောင်ပိုင်းဘူတာမှ မြန်နှုန်းမြင့်ရထားဖြင့် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဆက်လက်ထွက်ခွာခဲ့ရာ ရှန်ဟိုင်းမြို့ ဖုန်းချောင်ဘူတာသို့ ဒေသစံတော်ချိန် ည ၉ နာရီ ၁၂ မိနစ်တွင် ရောက်ရှိစဉ် ရှန်ဟိုင်းမြို့ မြို့စောင့်တပ် ဒုတိယတပ်မှူး ဗိုလ်ချုပ် Wan Zhi Ping နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ ၁၃၁၈ ကီလိုမီတာကွာဝေးပြီး သာမန်ရထားဖြင့် နာရီ ၂၀ခန့်ကြာမြင့်သော်လည်း ယခုမြန်နှုန်းမြင့်ရထားမှာ တစ်နာရီလျှင် ၃၀၅ ကီလိုမီတာနှုန်းဖြင့် ငါးနာရီကျော်ခန့်သာကြာမြင့်ပြီး သက်သာစွာဖြင့် ခရီးသွားလာနိုင်ကြောင်း၊ ရှန်ဟိုင်းနှင့် ပေကျင်းမြို့သို့ နေ့ချင်းပြန် အလုပ်အကိုင်နှင့် အလည်အပတ်ခရီးများ သွားလာနိုင်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# Media Crisis Management သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

ပဋိပက္ခများနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ ဌာနများ အနေဖြင့် မီဒီယာဖြင့် ကာကွယ်နိုင်ရန်နှင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ဖြေရှင်းနိုင်ရန် ရည်ရွယ်ကာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် စင်ကာပူသံရုံးတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် Media Crisis Management သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ပဋိပက္ခများ ဖြစ်ပွားရာတွင် ပဋိပက္ခများ ပို၍မကြီးကျယ်စေရန်၊ လျော့နည်းသွားရန်၊ ပျောက်ပျက်သွားရန်နှင့် ပြည်သူများထံ အမှန်သတင်းများ ရောက်ရှိစေရေးဆောင်ရွက်နိုင်ရန်၊ သတင်း၏ နောက်ဆက်တွဲနှင့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့်ဆိုးကျိုးများ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်နိုင်ရန်၊ စီမံဆောင်ရွက်နိုင်ရန်စသည့် ကိစ္စရပ်များကို နည်းပြများက အတွေ့အကြုံများနှင့် ယှဉ်ပြီးပို့ချခဲ့ပါကြောင်း၊ ပြည်သူအတွက် သတင်းအမှန်ကို ပေးနိုင်မှသာ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စင်ကာပူသံရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ် မစ္စတာ ကော်ချိချင်နှင့် သင်တန်းနည်းပြများ၊ တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများအား သင်တန်းမှ ရရှိခဲ့သည့် အတွေ့အကြုံနှင့် ဗဟုသုတဆိုင်ရာများကို မေးမြန်းခဲ့ရာတွင် "အခုအချိန်မှာ မီဒီယာလောက က အလွန်အရေးကြီးနေပါပြီ။ ကျွန်တော်တို့ဌာနတွေအနေနဲ့လည်း ဒီလိုသင်တန်းတွေ တက်ရောက်ရတဲ့အတွက် လုပ်ငန်းဆိုင်ရာကိစ္စတွေမှာ ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်ပေးနိုင်မှာ ဖြစ်ပါတယ်။ အလားတူ ပြည်သူထံမှ သတင်းပိုင်းဆိုင်ရာတွေကိုလည်း ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိလာနိုင်မှာ ဖြစ်ပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးနေမျိုးအောင်က ပြောကြားသည်။


မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးဘုန်းခန့်အောင်က "ဒီသင်တန်းကို တက်ရောက်ခြင်းအားဖြင့် ကိုယ်ကျင်လည်နေတဲ့ နယ်ပယ်အတွင်းမှာ နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပြည်သူတွေအတွက် အတိုင်းအတာတစ်ခုအထိ အထိတ်တလန့်နဲ့ စိုးရိမ်ပူပန်မှုဖြစ်စေမယ့် ကောလာဟလသတင်းတွေကို ချေဖျက်ပစ်နိုင်မယ့် အခွင့်အရေးတွေ ရရှိလာတယ်လို့ စိတ်ထဲမှာ ခံစားရပါတယ်" ဟု ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ကြည်စန်းက "ဒီလိုသင်တန်းမျိုးကို တက်ရောက်ရတဲ့အတွက် အတွေ့အကြုံတွေ အများကြီးရပါတယ်။ ကိစ္စတစ်စုံတစ်ခု ဖြစ်ပေါ်လာတဲ့အခါ တခြားသတင်းဌာနက မထုတ်ပြန်နိုင်သေးတဲ့ သတင်းအချက်အလက်တွေကို ကျွန်မတို့အနေနဲ့ ချက်ချင်းလက်ငင်း သိရှိလာချိန်မှာ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်နိုင်မှာဖြစ်ပါတယ်။ ဒီလိုသင်တန်းမျိုး တက်ခွင့်ရလို့ ပညာတွေအများကြီး ရရှိပါတယ်။ ဒီလိုသင်တန်းမျိုးကို အခြားဆက်စပ်ဌာနတွေအနေနဲ့လည်း တက်ရောက်ကြတာ ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ နယ်တွေမှာက တစ်ခုခုဖြစ်လာပြီဆိုရင် ဌာနဆိုင်ရာတွေအားလုံး ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရတာဖြစ်လို့ပါ" ဟု ဖြေကြားသည်။

ကမ္ဘာပေါ်ရှိ နေရာဒေသအသီးသီးတွင် အဓိကရုဏ်းများ၊ အကျပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်များနှင့် လူစုလူဝေးဆိုင်ရာများ ဖြစ်ပွားကြသည့် အချိန်အခါမျိုးတွင် မီဒီယာဖြင့် မည်သို့မည်ပုံ စီမံခန့်ခွဲဆောင်ရွက်ရန်လိုအပ်သည်၊ မည်သို့ကြိုတင်ကာကွယ်မည်၊ ဖြစ်ပွားပြီးပါကလည်း မည်သည့်နည်းဖြင့် လုပ်ဆောင်ရမည်၊ ကျော်လွှန်ဖြတ်သန်းနိုင်မည်စသည့်ကိစ္စရပ်များကို မီဒီယာဖြင့် စီမံခန့်ခွဲမှု ပြုလုပ်နိုင်စေရန်အတွက် စင်ကာပူနိုင်ငံ၏ အကူအညီဖြင့် ပြုလုပ်ခဲ့သည့် အဆိုပါသင်တန်းသည် မီဒီယာနှင့် သက်မွေးဝမ်းကျောင်းပြုသူများအတွက် အလွန်တန်ဖိုးရှိသည့် အတွေ့အကြုံ၊ ဗဟုသုတနှင့် သင်ခန်းစာများ ရရှိခဲ့ကြသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာ ပို့ချခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဌာနဆိုင်ရာနှင့် ရုံးများမှ အမှုထမ်း၊ အရာထမ်း သင်တန်းသား ၃၃ ဦး တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**





# အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ ပုဂံရှေးဟောင်းမြို့တော် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ ရှေးဟောင်းမြို့တော်များကွန်ရက်စီမံကိန်းအောက်တွင် ဆောင်ရွက်သည့် ပုဂံရှေးဟောင်းမြို့တော်၏ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပုဂံမြို့ဟောင်းရှိ ပုဂံဟိုတယ် ဧရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အာဆီယံလူမှုရေး၊ ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ရှေးဟောင်းသုတေသနဆိုင်ရာ သုတေသီများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းသည် ရှေးဟောင်းသုတေသနနယ်ပယ်နှင့် ရှေးဟောင်းအမွေအနှစ်ဆိုင်ရာစီမံခန့်ခွဲမှုနယ်ပယ်တို့တွင် လုပ်ငန်းများဆောင်ရွက်နေကြသည့် ကျွမ်းကျင်ပညာရှင်များ၏ အတွေ့အကြုံများကို မျှဝေရန်နှင့် ပိုမိုခဲ့ထွင်နိုင်ရန် ဖြစ်ပါကြောင်း။

လူသားအချင်းချင်းဆက်သွယ်မှုကို မြှင့်တင်ပေးခြင်း၊ မိမိတို့အသိုက်အဝန်းများအကြား နားလည်မှုပိုမိုရရှိလာအောင် ဆောင်ရွက်ခြင်းနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များတွင် တာဝန်ယူဆောင်ရွက်မှုရှိသည့် အာဆီယံအသိုက်အဝန်းပေါ်ပေါက်ရေးသည် ယခုအချိန်တွင် အလွန်အရေးကြီးနေပြီ ဖြစ်ပါကြောင်း၊ ယခုအစီအစဉ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သမိုင်းဆိုင်ရာ ရှုထောင့်များကိုအခြေခံပြီး အာဆီယံပြည်သူလူထုအကြား နားလည်မှုကို ပိုမိုနက်ရှိုင်းခိုင်မာစေမည် ဖြစ်ပါကြောင်း။

အာဆီယံဒေသသည် တိုးတက်လျက်ရှိပြီး ဒေသဆိုင်ရာဗိသုကာပညာသည် လျင်မြန်စွာပြောင်းလဲလျက်ရှိပါကြောင်း၊ ထို့ကြောင့် အာဆီယံ၏ ယဉ်ကျေးမှုလက္ခဏာကို ပိုမိုရင်းနှီးကျွမ်းဝင်မှုရှိစေခြင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ အနုပညာဓလေ့ထုံးစံများနှင့် အာဆီယံဒေသ၏ တန်ဖိုးကို ပိုမိုနားလည်မှုရှိစေခြင်းတို့အတွက် မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြင့် ဒေသအတွင်း ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာနယ်ပယ်တွင် တာဝန်ထမ်းဆောင်နေကြသူများအကြား ဆက်သွယ်မှုကွန်ရက်တစ်ခုကို တည်ထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုနယ်ပယ်တွင် ကြုံတွေ့နေရသည့် အဓိက စိန်ခေါ်အားစမ်းမှုများနှင့် ပြဿနာရပ်များကို စဉ်းစားသုံးသပ်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) မှ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အာဆီယံရှေးဟောင်းမြို့တော်များကွန်ရက်စီမံကိန်း အောက်တွင် ဆောင်ရွက်သည့် ပုဂံရှေးဟောင်းမြို့တော်၏ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟားခါးမြို့ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတဦးသိန်းစိန် ကလေးမြို့နယ် ပျဉ်သာကျေးရွာရှိ ဒေသခံပြည်သူများအား နှုတ်ဆက်အားပေးစဉ်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတဦးသိန်းစိန် ပျဉ်သာကျေးရွာအနီးရှိ မြစ်သာမြစ်၏ မြစ်ကျဉ်း(၁)တွင် ရေစီးရေလာကောင်းမွန်စေရေး မြစ်ကြောင်းချဲ့ထွင်မည့် လုပ်ငန်းများအား စစ်ဆေးစဉ်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တီးတိန်မြို့နယ် ကယ်ဆယ်ရေးစခန်းအမှတ်(၂)ရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ **(သတင်းစဉ်)**



ထောက်ပံ့ပေးအပ်


နိုင်ငံတော်သမ္မတဦးသိန်းစိန် တီးတိန်မြို့ ကယ်ဆယ်ရေးစခန်းအမှတ်(၂)ရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်စဉ်။ **(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

# ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ငဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**




# ငဝန်မြစ်ရေ အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ၁ ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(ကြေးမုံ)**



# ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သောအိမ်များအား အသစ်ပြန်လည်ဆောက်လုပ်ပေး

**ကောလင်း စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သော အိမ် ၁၃ လုံးအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်တို့က စီစဉ်ဆောင်ရွက်ဆောက်လုပ်ပေးလျက်ရှိသည်။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ မြေနေရာရွေးချယ်သတ်မှတ်ချထားပေးခြင်း၊ မြေနေရာရှင်းလင်းပေးခြင်း၊ အမိုးနှင့် ကြမ်းခင်းများပြီးစီး၍ ၇၀ ရာခိုင်နှုန်းခန့် လုပ်ငန်းများဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အိမ်များကို နိုင်ငံတော်က သတ်မှတ်ပုံစံအတိုင်း အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်ပေးလျက်ရှိကြောင်းသိရသည်။ **ကိုကိုမောင်(ကောလင်း)**

## ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီပေး

# ကျွန်မတို့ကို နိုင်ငံတော်အစိုးရကနေပြီး ကူညီတယ်၊ ပြီးတော့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းကလည်း ကူညီတယ်

သတင်းအဖွဲ့

ပြာခပန်း နည်းပြ(၂)၊ မူလတန်းပြဆရာမ

ချင်းပြည်နယ်တွင် ကိုမန်ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားခဲ့သည့်အတွက် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တွင် နေအိမ်ပေါင်း ၁၁၂၆ လုံး ပျက်စီးဆုံးရှုံးခဲ့သည်။ အချို့နေရာများတွင် မြေသားခိုင်မာမှုမရှိ၍ အန္တရာယ်ရှိပြီး ဆက်လက်နေထိုင်ရန်မသင့်ဘဲ ပြောင်းရွှေ့ရမည့်အခြေအနေများ ဖြစ်ပေါ်လာခဲ့သည်။ ယခုကဲ့သို့ မမျှော်လင့်ဘဲ သဘာဝဘေးအန္တရာယ်ကို တွေ့ကြုံခံစားခဲ့ကြရသည့် ဒေသခံပြည်သူများ၏ စကားသံအချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**ပြာခပန်း**
**နည်းပြ(၂)၊ မူလတန်းပြဆရာမ**

ကျွန်မတို့ဆီမှာ ၇ လပိုင်း မိုးရွာတာကတော့ ၁၅ ရက်က စရွာတယ်။ ကျွန်မက အဲဒီကျောင်းရဲ့ ကွာတားမှာနေပါတယ်။ အဲဒီကွာတားကနေ မြေပြိုတဲ့ အခြေအနေရောက်တော့ ကျွန်မတို့က အထက(၂) ကယ်ဆယ်ရေးစခန်းကို ရောက်ခဲ့ရပါတယ်။ ကျွန်မတို့ကို အစိုးရဘက်ကနေပြီးတော့လည်း ကူညီတယ်။ ပြီးတော့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းဘက်ကလည်း ကူညီတယ်။ ကျွန်မတို့ အခုထိတော့ ကောင်းကောင်းမွန်မွန်နေနေပါတယ်။ ကျွန်မတို့ကျောင်းကြီးကလည်း ပြိုနေပြီဆိုတော့ ကျွန်မတို့ ကျောင်းလည်းပဲ အဲဒီ အထက(၂)မှာ တက်ပြီးတော့ အိမ်ရှင်ကျောင်းကတော့ မနက်ပိုင်းမှာ ၇ နာရီကနေ ၁၂ အထိ သူတို့တက်တယ်။ ကျွန်မတို့က ၁ နာရီကနေ ညနေ ၆ နာရီ ၁၅ အထိ တက်ရပါတယ်။ အခုလို ကျွန်မတို့ ပြည်နယ်နေရာဒေသအထိကို သမ္မတကြီးကိုယ်တိုင် လာပြီးတော့ အားပေးစကားတွေ ပြောတယ်။ ပြီးတော့မှ အလှူပစ္စည်းတွေပေးတယ်။ အမျိုးမျိုး အဘက်ဘက်ကနေ ကူညီပေးတဲ့အတွက် သမ္မတကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်။

**သိက္ခာတော်ရဆရာဒေါက်တာ ဆခါး**
**ကချင်နှစ်ခြင်းအသင်းတော် သင်းအုပ်ဆရာ**

ဒီလိုသဘာဝဘေးအန္တရာယ်ကြုံတွေ့တဲ့အခါမှာ မမျှော်မှန်းနိုင်တဲ့ အနေအထား ဖြစ်တာကတစ်ကြောင်း၊ မကြုံဖူးတဲ့ အနေအထားဖြစ်တဲ့ အတွက်ကြောင့် တစ်ခါတည်းဖြစ်တာနဲ့ လန့်ပါတယ်။ အဲ့ဒါက သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့မှာ မကြုံဖူးတဲ့ မိုးရွာသွန်းမှုကလည်း အဆက်မပြတ် ခုနစ်ရက်လောက်ကြုံတဲ့အခါမှာ မြေကြီးက မခံနိုင်လို့ ဖြစ်တဲ့သဘောပဲလို့ ခံယူလိုက်ပါတယ်။ သို့သော်လည်းပဲ ဒီလိုဖြစ်လာတဲ့အခါကျတော့ လူနေထိုင်မကောင်းတော့တဲ့နေရာတွေကို ရွှေ့ပြီးတော့ တခြားသင့်တော်တဲ့နေရာကို အစိုးရကလုပ်ပေးနိုင်ရင်တော့ အကောင်းဆုံး မျှော်မှန်းထားတဲ့အရာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေရာကိုပဲ နှစ်သက်ပါတယ်။ သို့သော်လည်းပဲ လုံးဝမသင့်တော်တော့တဲ့အထဲက နေဖို့မကောင်းတော့ဘူး။ ပြောင်းရမှာဆိုတဲ့ အချက်ဖြစ်လာရင်တော့ ကျွန်တော်တို့က အသက်အိုးအိမ်ဆိုတာ အရေးကြီးတဲ့အတွက် နေထိုင်လို့မကောင်းတော့ဘူးဆိုပြီးတော့ သတ်မှတ်လိုက်တယ်ဆိုရင် ပြောင်းဖို့ရွှေ့ဖို့ကိုလည်း ဆုံးဖြတ်ပြီးသားဖြစ်ပါတယ်။

သမ္မတကြီးကို တောင်းဆိုချင်တာကတော့ အခုလောလောဆယ် အိမ်ခြေ ၇၀၀ လောက် ပြောင်းရွှေ့ဖို့ သေချာသလောက်ဖြစ်နေပါပြီ။ ဒီလို ပြောင်းရွှေ့တဲ့အခါမှာလည်း ပြောင်းရွှေ့သွားတဲ့ အိမ်ထောင်စုမိသားစုတိုင်းကိုလည်း သမ္မတကြီးက အကောင်းဆုံး နှစ်သိမ့်ပေးတဲ့အနေနဲ့ ကူညီပေးဖို့ တောင်းဆိုလိုပါတယ်။ နောက် ပြောင်းရွှေ့တဲ့အခါမှာလည်း ဘုရားကျောင်းတွေဆောက်တဲ့အခါမှာလည်း အတတ်နိုင်ဆုံး ကူညီပံ့ပိုးပြီးတော့ အကောင်းဆုံး ဆောက်လုပ်ပေးခြင်းက အစ၊ မြေကြီးကိစ္စကအစ အားလုံး ဖြည့်ဆည်းပေးနိုင်ရင်တော့ အကောင်းဆုံးဖြစ်မှာပါ ဆိုတာကို သမ္မတကြီးကို တင်ပြချင်ပါတယ်။

**ဦးခွန်လျှံထွန်း**

ကျွန်တော်တို့ ဟားခါးမြို့နယ်က အရင်ကဆို ဒီလို သဘာဝဘေးအန္တရာယ်ကြုံဖူးတဲ့ မြို့နယ်တော့ မဟုတ်ပါဘူး။ အခုဟာက မမျှော်လင့်ဘဲနဲ့ သဘာဝဘေးအန္တရာယ်ကြုံတွေ့တဲ့အခါကျတော့ ကျွန်တော်တို့ နှစ်ပေါင်းဒီလောက်ကြာမှ တစ်ခါမှ မကြုံတွေ့ဖူးတဲ့အခြေအနေကို တွေ့ရပါတယ်။

မြေကလည်း ပြိုတာမဟုတ်ဘဲနဲ့ အကုန်လုံး အက်ကွဲတာ။ ပြီးတော့မှ နေလို့မရအောင်ကို တော်တော်ပျက်စီးတာတွေ့ရပါတယ်။ အခုလောလောဆယ်အဲဒီမှာ ကျွန်တော်တို့ မနေနိုင်တော့ဘဲနဲ့ တခြားကယ်ဆယ်ရေးစခန်းမှာ သွားနေရပါတယ်။ အခုဆို ကယ်ဆယ်ရေးစခန်းမှာ နိုင်ငံတော်အနေနဲ့ ကူညီပံ့ပိုးတာနဲ့ NGO အဖွဲ့တွေကလည်း ကူညီပံ့ပိုးတာနဲ့ တော်တော်လေးကို အဆင်ပြေနေပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကိုလည်း အခုလိုလာပေးတဲ့အတွက် အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။


ပြာခပန်း။


သိက္ခာတော်ရဆရာ ဒေါက်တာ ဆခါး။


ဦးခွန်လျှံထွန်း။


ဒေါ်ခွာကီး။



ဦးကမ်လင်းထန်း။

**ဒေါ်ခွာကီး**

ဟားခါးမှာနေတာ အသက်(၄၀)လောက်ရှိပြီ။ အန်တီက ဒီဟားခါးဇာတိ မဟုတ်ဘူးလေ။ အန်တီက ဒီဟားခါးနဲ့ မိုင်(၂၀)လောက်ဝေးတယ်။ အဲဒီမှာနေတယ်။ ဈေးရောင်းတာ အခုသိပ်မကောင်းပါဘူး။

**ဦးကမ်လင်းထန်း**
**တီးတိန်မြို့ မြို့မိမြို့ဖတစ်ဦး**

ကျွန်တော်တို့ မိုးကြီးပြီးတော့ ရွာတွေပျက်စီးနေတဲ့ အချိန်မှာ လတ်တလော ဆန်ရေစပါးအခက်အခဲကြုံရပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့မမျှော်လင့်ဘဲနဲ့ နယ်မြေခံတပ်ရင်းကနေ ဆန်၊ ဆီ၊ ကုလားပဲတွေ ပံ့ပိုးပေးတဲ့အတွက် တပ်ရင်းကိုလည်းကောင်း၊ တပ်မတော်နဲ့အားလုံးကိုလည်းကောင်း၊ ကျွန်တော်တို့ မြို့မိမြို့ဖများနဲ့ တစ်မြို့လုံးက အထူးကျေးဇူးတင်ပါတယ်။ ဒါ့အပြင် လက်ရှိအစိုးရသစ်တက်လာတဲ့ အချိန်မှာ ခုတင်(၁၀၀)ဆေးရုံကို ကျွန်တော်တို့ရခဲ့ပါတယ်။ ခုတင်(၁၀၀)မရခင်တုန်းကဆိုရင် ကျွန်တော်တို့လူနာတွေကို အနည်းနဲ့အများ ကလေးမြို့ကို သွားလိုက်၊ ဖလမ်းမြို့ကိုသွားလိုက်ပေါ့။ ဒီအချိန်မှာတော့ သွားစရာမလိုတော့ဘဲနဲ့ ဒီမှာအထူးကု ဆရာဝန်တွေရှိတဲ့အတွက် ပြည်သူတွေအတွက် များစွာ အကျိုးဖြစ်ထွန်းခဲ့ပါတယ်။ ကျေးဇူးလည်း အများကြီးတင်ပါတယ်။

# လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂၃**

ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန်မျိုးစုံတို့ကို ပေးပို့ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ယာဉ်မောင်းလိုင်စင်ပျောက်လျှောက်ထားမှု ကညနရုံးတွင် လွယ်ကူစွာပြုလုပ်ပေးနိုင်ရန်ညှိနှိုင်း

**ရန်ကုန် စက်တင်ဘာ ၂၃**

ယာဉ်မောင်းလိုင်စင်ပျောက် လျှောက်ထားမှုများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်) တွင် လွယ်ကူစွာ ပြုလုပ်ပေးနိုင်ရန် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး (ရန်ကုန်) မှ သိရသည်။

ယာဉ်မောင်း လိုင်စင်ပျောက် လျှောက်ထားရာတွင် ယာဉ်ထိန်းတပ်ဖွဲ့တွင်ရဲမှုကင်းရှင်းခြင်း ရှိမရှိစစ်ဆေးမှုများပြုလုပ်ရပြီး ရဲမှုကင်းရှင်းကြောင်း ထောက်ခံချက်ရရှိမှသာ ကညနရုံးတွင် လိုင်စင်ပြန်လည်လျှောက်ထားခြင်းများကို ပြုလုပ်ရသည်ဟု သိရသည်။ ယခုအခါ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယာဉ်မောင်းလိုင်စင်ပျောက်ဆုံးမှုအား ပြန်လည်လျှောက်ထားခြင်း လုပ်ငန်းစဉ်များတွင် ကညနရုံး၌ အမှုစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်ညှိနှိုင်းလျက်ရှိပြီး အဆင်ပြေလွယ်ကူစွာဖြင့် လိုင်စင်ပျောက်ပြန်လည်လျှောက်ထားနိုင်ရန် ညှိနှိုင်းဆောင်ရွက်နေသည်ဟု သိရသည်။

"လိုင်စင်ပျောက် လျှောက်တဲ့အခါ ကညနရုံးမှာပဲ လွယ်ကူအဆင်ပြေအောင်လုပ်ပေးနိုင်ဖို့ ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးနဲ့ ညှိနှိုင်းနေပါတယ်။ တပ်ဖွဲ့မှူးကလည်း အဆင်ပြေလွယ်ကူစေချင်သလို ကျွန်တော်တို့ကညနအနေနဲ့ကလည်း ယာဉ်မောင်းလိုင်စင်သာမကဘဲ မော်တော်ယာဉ် သက်တမ်းတိုးလိုင်စင်လုပ်တာတွေအကုန်လုံးကို လွယ်လွယ်ကူကူ အဆင်ပြေပြေဖြစ်စေချင်ပါတယ်။ တစ်နေရာတည်းမှာပဲ အကုန်လုံး ရရှိအဆင်ပြေစေချင်ပါတယ်။ အာမခံကလည်း ဆောင်ရွက်ပေးနေပါပြီ"။

"ဒါကြောင့်လည်း ဖြေလျှော့မှုတွေကိုလုပ်ပေးပြီး လွယ်ကူအဆင်ပြေစေဖို့ ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ကားအလွန်များလို့ကြာတာ၊ လူများလို့ ကြာတာလောက်ပဲရှိတော့ပါတယ်။ တစ်ယောက်ကို သုံးမိနစ်လောက်ပဲ ကြာမယ်ဆိုရင် ရှေ့မှာလူအယောက် ၃၀ လောက်ရှိရင် မိနစ် ၉၀ လောက် စောင့်ရတဲ့သဘောဖြစ်သွားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးက ဒီကိုလာသလို ဖြစ်နေလို့ပါ။ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးတာကတော့ သက်ဆိုင်ရာရုံးတွေမှာ လုပ်လို့ရပေမယ့် လိုင်စင်ဖြေတဲ့အခါမှာတော့ ဒီတိုင်းရုံးကိုပဲ လာရတဲ့အတွက် လူများရင် စောင့်ရတဲ့သဘောပါ" ဟု တိုင်းဒေသကြီး ဦးစီးမှူးရုံး(ရန်ကုန်) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း မှတ်ပုံတင်ထားသော ယာဉ်မောင်းလိုင်စင်စာရင်းမှာ ၆၇၄၄၃၃ ဖြစ်ပြီး နေ့စဉ် ယာဉ်မောင်းလိုင်စင်လာရောက်ဖြေဆိုမှုမှာ ရာဂဏန်းမျှရှိကြောင်းနှင့် လဆန်းရက်များတွင် ဖြေဆိုသူပိုမိုများပြားကြောင်း သိရသည်။ ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်းကို စနစ်တကျ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး သက်တမ်းတိုးဆောင်ရွက်ခြင်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာရုံးများအပြင် ယာဉ်မောင်းလိုင်စင်ရုံးခွဲ(ဘူတာကြီး)၊ ယာဉ်မောင်းလိုင်စင်ရုံးခွဲ (ဝါးတန်း) တို့တွင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ဆက်လက်၍ ယာဉ်မောင်းလိုင်စင်ပျောက်လျှောက်ထားခြင်းများကို ကညနရုံးတွင်သာ လွယ်ကူလျင်မြန်စွာ လျှောက်ထားဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

**(၀၀၁)**



# ရေဘေးဒဏ်ခံခဲ့ရသောပြည်သူများအတွက် campaign ပြုလုပ်၍ ကူညီထောက်ပံ့မှုများ ဆက်လက်ပံ့ပိုး

**ရန်ကုန် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံ၏ နေရာဒေသအနှံ့အပြားတွင် လွန်ခဲ့သည့် ဇူလိုင်လနောက်ဆုံးနှစ်ပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီး၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့သည်။အဆိုပါရေကြီးမှုများကြောင့် လူဦးရေ ၁ ဒသမ ၇ သန်းကျော် ရေဘေးဒဏ်ခံစားခဲ့ရကာ လယ်ဧကပေါင်း ၁ ဒသမ ၂၉ သန်းကျော် ရေဖုံးလွှမ်းခဲ့ပြီး လယ်ဧက ပေါင်း ၆၈၇၂၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီရန်အတွက် Samsung မှ ရောဝတီနှင့် ပဲခူးတိုင်းဒေသကြီးရှိ ရေဘေးဒဏ်ခံရသောဒေသများသို့ သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံအတွင်း ရောင်းချရသော ၎င်း၏ တရားဝင် ထုတ်ကုန်များဖြစ်သည့် မိုဘိုင်းဖုန်းနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများမှ ရရှိသောငွေကြေးအကျိုးအမြတ်များအား ရေဘေးသင့်ပြည်သူများကို ကူညီပေးမည့် campaign တွင် လှူဒါန်းခြင်းအားဖြင့် ပါဝင်ထောက်ပံ့ကူညီပေးမည်ဖြစ်ပြီး Samsung နှင့် သုံးစွဲသူများအနေဖြင့် ယင်းလှုပ်ရှားမှုအစီအစဉ်တွင် ထိထိရောက်ရောက် ပါဝင်ထောက်ပံ့ ကူညီနိုင်ကြောင်း အသိပေးထားသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံက ရေဘေးကယ်ဆယ်ထောက်ပံ့ရေးအစီအစဉ်တွေကို ထိထိရောက်ရောက် ထောက်ပံ့ ကူညီပံ့ပိုးဆောင်ရွက်သွားမယ်ဆိုတာကို အပြည့်အဝ ကတိပြုပါတယ်။ We Support Save Myanmar Better Together လှုပ်ရှားမှုအစီအစဉ်ဟာ ကျွန်တော်တို့ရဲ့ ရေဘေးကယ်ဆယ်ထောက်ပံ့ရေးမှာ ပါဝင်ကူညီပံ့ပိုးပေးနိုင်မယ့် နည်းလမ်းတစ်ခု ဖြစ်ပါတယ်"ဟု ဈေးကွက်တာဝန်ခံ Mr.Richard See က ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ ကူညီထောက်ပံ့ပေးလိုတဲ့ ဆန္ဒလည်းရှိပြီး ကျွန်တော်တို့ရဲ့ ပစ္စည်းတွေကို ဝယ်ယူသုံးစွဲတဲ့သူတွေပါ ပါဝင်ကူညီနိုင်ဖို့ ဒီအထောက်အပံ့ အစီအစဉ်တွေကို တိုးချဲ့ဆောင်ရွက်ပေးနိုင်တဲ့အတွက် ဝမ်းသာမိပါတယ်။ Samsung Myanmar အနေနဲ့ သုံးစွဲသူများထံမှ အလှူငွေကောက်ယူခြင်းများ ပြုလုပ်မှာမဟုတ်ဘဲ ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေကို ရောင်းချခြင်းမှ ရရှိတဲ့ အမြတ်ငွေကြေးတွေနဲ့ ထောက်ပံ့ကူညီမှာ ဖြစ်ပါတယ်။ ဒီလှုပ်ရှားမှု အစီအစဉ်အတွက် သူတို့ရဲ့ ထောက်ပံ့ကူညီမှုကို စတစ်ကာများနဲ့ ပြသနိုင်မှာ ဖြစ်ပါတယ်။ ရောင်းချလို့ရရှိတဲ့ အမြတ်ငွေကြေးပမာဏတွေကို မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ကယ်ဆယ်ရေးအေဂျင်စီများထံ ပံ့ပိုးပေးအပ်သွားမှာဖြစ်ပါတယ်"ဟု ၎င်းကပင် ဖြည့်စွက်ပြောကြားသည်။

Samsung Myammar ၏ Managing Director Mr.Nam SikAhn က "ကျွန်တော်တို့ Samsung အနေနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနဲ့လည်း လက်တွဲပြီး ကြက်ခြေနီ၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေသားအနေနဲ့ အမေရိကန်ဒေါ်လာ တစ်သိန်းနှင့် အမေရိကန်ဒေါ်လာ သုံးသောင်းခန့်တန်ဖိုးရှိ Samsung TV များကို ကြက်ခြေနီမှတစ်ဆင့် ရေဘေးသင့်ဒေသများရှိ စာသင်ကျောင်းများ၊ အများပြည်သူအသုံးပြုအဆောက်အအုံများ အစရှိသည့်နေရာများသို့ ပေးအပ်ထောက်ပံ့သွားမှာဖြစ်ပါတယ်။ Samsung TV များကို အသုံးပြုပြီး မိုးလေဝသနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိရန်နဲ့ ပညာရေးဆိုင်ရာကဏ္ဍများကို အသိပညာများတိုးပွားရန်အတွက် လေ့လာဆည်းပူးရာတွင် အသုံးပြုနိုင်ရန်အတွက် ရည်ရွယ်လှူဒါန်းရခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်က Samsung မှ လှူဒါန်းသည့်ငွေများကို ရေဘေးသင့်ဒေသများမှာ ဆောင်ရွက်နေတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အသုံးပြုသွားပါမယ်။ အမေရိကန်ဒေါ်လာ သုံးသောင်းခန့် တန်ဖိုးရှိ Samsung TV များကိုလည်း လိုအပ်တဲ့ နေရာတွေမှာ စနစ်တကျ ပြန်လည် ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင် ပံ့ပိုးကူညီမှုအစီအစဉ်များဖြစ်သည့် တက္ကသိုလ်ကျောင်းသားများအား မိုဘိုင်းအက်ပလီကေးရှင်းရေးဆွဲမှု သင်တန်းပေးခြင်းဖြစ်သော Samsung Tech Institute MYME ရွှေလျားပညာသင်ကြားရေးအစီ အစဉ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ကျန်းမာရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် ရေတွင်းရေကန်များတူးဖော်ပေးခြင်း၊ ရေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးပေးခြင်းအစရှိသော ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ငွေကျပ်သိန်းပေါင်း တစ်သောင်းကျော်ခန့်ဖြင့် ယခုနှစ်အတွင်း ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ဖတ်စရာ မှတ်စရာ

# အပြုံးနှင့်မေတ္တာပေါင်းစပ်ဝန်ဆောင်ပါ

စာရေးသူ ရန်ကုန်မြို့ထဲသို့ခရီးသွားတိုင်း ပါရမီခရီးသည် သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းမှကားများကို စီးလေ့ရှိပါသည်။ စီးသည့်အခါတိုင်း ယာဉ်ပေါ်တွင် ရေးထားသည့် "အပြုံးနှင့်မေတ္တာပေါင်းစပ်ဝန်ဆောင်ပါ" စာတန်းကို စာရေးသူအလွန်နှစ်သက်ခံစားမိပါသည်။ ဖော်ရွေခင်မင်ကြောင်းပြသည့်အပြုံးနှင့် ရန်အပေါင်းကင်းစင်၍ ချစ်ခင်ကြင်နာတတ်ကြောင်းပြသည့် မေတ္တာတို့ပေါင်းစပ်လျက် ခရီးသည်များကို ဆက်ဆံဝန်ဆောင်မှုပေးကြရန် ယာဉ်ဝန်ထမ်းများကို သတိပေးထားသည့် ဤစာတန်းကား ပါရမီခရီးသည် သယ်ယူပို့ဆောင်ရေးယာဉ်တွင်သာမက အခြားယာဉ်လိုင်းများမှကားများတွင်လည်း တဖြည်းဖြည်းလက်တွေ့အသုံးချလာနိုင်လိမ့်မည်ဟု စာရေးသူယုံကြည်မိပါသည်။

ယခုစာရေးသူအဓိကရေးသားတင်ပြလိုသည်မှာ ပါရမီခရီးသည်သယ်ယူပို့ဆောင်ရေးယာဉ်များမှ ယာဉ်ဝန်ထမ်းများ၏ ဝန်ဆောင်မှုအကြောင်းတော့မဟုတ်ပါ။ စီးပွားရေးလုပ်ငန်းများကို အပြိုင်အဆိုင်လုပ်ကိုင်လျက်ရှိကြသော ယနေ့ကုမ္ပဏီများရှိဝန်ထမ်းများသည်လည်း လုပ်ငန်းခွင်ဆက်ဆံရေးအပိုင်းတွင် ပါရမီခရီးသည် သယ်ယူပို့ဆောင်ရေးယာဉ်များမှ ယာဉ်ဝန်ထမ်းများကဲ့သို့ အပြုံးနှင့်မေတ္တာပေါင်းစပ်ဝန်ဆောင်သွားစေလိုသည့် အကြောင်းသာဖြစ်ပါသည်။

နိုင်ငံတော်တွင် ယနေ့ကျင့်သုံးလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်နှင့် အတူအမည်အမျိုးမျိုးဖြင့် ကုမ္ပဏီများစွာ ပေါ်ပေါက်လာသလို ကုမ္ပဏီဝန်ထမ်းလုပ်ကိုင်သူ ဦးရေမှာလည်း များပြားလာပေသည်။ စာရေးသူအိမ်ထောင်စုတွင်လည်း သမီးကြီးဖြစ်သူက ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်နေပေသည်။ သမီးအလုပ်မှ အိမ်ပြန်ရောက်သည့်အခါတိုင်း ကုမ္ပဏီတွင်တစ်နေ့တာဖြစ်ပျက်ခဲ့သောအကြောင်းစုံ ပြောပြသည်ကို နားထောင်ပေးရသည်မှာ စာရေးသူအဖို့ မရိုးနိုင်သောနေ့စဉ်အလုပ်တစ်ခုပင်ဖြစ်နေသည်။

ယနေ့ကုမ္ပဏီများသည် ကုမ္ပဏီလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာရန် အချိန်နှင့်တစ်ပြေးညီ အပြိုင်အဆိုင်ဆောင်ရွက်နေချိန်တွင် အလုပ်နှင့်လက်မပြတ် အားသွန်ခွန်စိုက် ကြိုးစားလုပ်ကိုင်နေရသည်ဆိုသော သမီး၏ ပြောစကားကို စာရေးသူ အားရကျေနပ်နေမိပါသည်။ သို့သော် ဝန်ထမ်းများအချင်းချင်းလုပ်ငန်းခွင်ဆက်ဆံရေးအပိုင်းမှာမူ မပြေပြစ်ဘဲရှိနေသည်ဆိုသော သမီး၏ရင်ဖွင့်စကားကိုကား စာရေးသူဘဝင်မကျလှပေ။

ဤသို့လုပ်ငန်းခွင်အတွင်း ဝန်ထမ်းအချင်းချင်းဆက်ဆံရေးအခြေအနေကောင်းမွန်ခြင်းကို ကုမ္ပဏီတိုင်းတွင် မတွေ့နိုင်သော်လည်းကုမ္ပဏီအချို့တွင်မူ အမှန်တကယ်တွေ့နေရသည်ကို ကုမ္ပဏီဝန်ထမ်းဟောင်းများနှင့် ဆက်စပ်ရင်းနှီးသူတိုင်း သိပေလိမ့်မည်။

ကုမ္ပဏီဝန်ထမ်းများ၏ လုပ်ငန်းခွင်ဆက်ဆံရေးအပိုင်းဟု ဆိုရာတွင် ကုမ္ပဏီအကြီးအကဲသည် ဝန်ထမ်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာ တင်ပြချက်များကို လိုအပ်သလို လမ်းညွှန်ကူညီပေးရမည့်အစား မချေမငံပြောဆိုဆက်ဆံဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းတာဝန်မကျေပွန်သူများကို နောင်သတိပြု ဆင်ခြင်နိုင်အောင် လမ်းညွှန်ဆုံးမပေးရမည့်အစား အခြားဝန်ထမ်းများ၏ အထင်အမြင်သေးခံရလောက်အောင် ရိုင်းပျစွာဆက်ဆံပြောဆိုခြင်းတို့ကို တွေ့ရှိရပေသည်။

ထို့အတူ ကုမ္ပဏီဝန်ထမ်းများအချင်းချင်း လုပ်ငန်းခွင်ဆက်ဆံရေးအပိုင်းတွင်လည်း တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးစွာဆက်ဆံဖေးမကူညီပေးရမည့်အစား မချေမငံရိုင်းပျစွာ ဆက်ဆံခြင်းနှင့် ပုဂ္ဂိုလ်ရေးမကျေနပ်မှုကို ရှေ့တန်းတင်ကာ တစ်ဦးကိုတစ်ဦး ရန်သဘောဆောင်၍ ဆက်ဆံကြခြင်းတို့ကို တွေ့ရှိရပေသည်။

ဤသို့ ကုမ္ပဏီဝန်ထမ်းများအချင်းချင်း လုပ်ငန်းခွင်ဆက်ဆံရေး မပြေပြစ်မှုကြောင့် ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှုမရှိဘဲ စိတ်ဝမ်းကွဲပြားလာခြင်း၊ လုပ်ငန်းများအပေါ်အလေးအနက်မထားတော့ဘဲ ဝတ်ကျေတမ်းကျေ ပေါ့ပေါ့တန်တန်သာ ဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။

လုပ်ငန်းခွင်ဆက်ဆံရေးမပြေပြစ်မှုကြောင့်ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ကြည့်ခြင်းအားဖြင့် ကုမ္ပဏီတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အကြီးအကဲနှင့် လက်အောက်ဝန်ထမ်းများ၏ လုပ်ငန်းခွင်ဆက်ဆံရေးအပိုင်းနှင့် ဝန်ထမ်းများအချင်းချင်း လုပ်ငန်းခွင်ဆက်ဆံရေးအပိုင်းနှစ်ခုလုံး ပြေပြစ်ကောင်းမွန်ခြင်းသည် အလွန်အရေးကြီးကြောင်း ထင်ရှားစွာ တွေ့နိုင်ပေသည်။

သို့ဖြစ်၍ ကုမ္ပဏီအကြီးအကဲသည် "ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု" ဟူသည့် နာယကဂုဏ်ခြောက်ပါးနှင့်အညီ လက်အောက်ဝန်ထမ်းများကို ပြောဆိုဆက်ဆံတတ်ဖို့လိုအပ်သလို ဝန်ထမ်းများအချင်းချင်းသည်လည်း "ကြီးသူရိုသေ၊ ရွယ်တူလေးစား၊ ငယ်သူသနား" ဟူသည့် မြန်မာ့လူမှုဆက်ဆံရေး ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့်အညီ ပြောဆိုဆက်ဆံတတ်ဖို့လိုအပ်ပေသည်။

အထူးသဖြင့် ကုမ္ပဏီအကြီးအကဲနှင့် လက်အောက်ဝန်ထမ်းများအားလုံးသည်"ချစ်စေလိုလည်း ခံတွင်းလက်လေးသစ်၊ မုန်းစေလိုလည်း ခံတွင်းလက်လေးသစ်" ဆိုစကားကို အစဉ်နှလုံးသွင်းလျက် ပါရမီခရီးသည် သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းမှ ယာဉ်ဝန်ထမ်းများကဲ့သို့" "အပြုံးနှင့်မေတ္တာ ပေါင်းစပ်ဝန်ဆောင်သွားကြပါ"က လုပ်ငန်းခွင်ဆက်ဆံရေးပြေပြစ်ကောင်းမွန်လာမည့်အပြင် ကုမ္ပဏီလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းရေးသားလိုက်ရပေသည်။

**စောရန်ကျော်**

နိုင်ငံတကာ

# တရုတ်သမ္မတ ရှီကျင့်ဖျင် အမေရိကန်ခရီးစဉ်စတင်




**ဆီယက်တယ်လ် စက်တင်ဘာ ၂၃**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အမေရိကန်ခရီးစဉ်၏ ပထမနေ့တွင် အမေရိကန်ပြည်သူများကို နှုတ်ခွန်းဆက်သလိုက်ပြီး အမေရိကန်-တရုတ်ဆက်ဆံရေးဆိုင်ရာ ၎င်း၏ အမြင်ကို ဖော်ပြသည့် မူဝါဒရေးရာမိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

သမ္မတရှီသည် သမ္မတကတော် ပန်းလီယွမ်နှင့်အတူ ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဆီယက်တယ်လ်မြို့သို့ စက်တင်ဘာ ၂၂ ရက်တွင် ရောက်ရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စုသို့ တရားဝင်ချစ်ကြည်ရေးခရီးအဖြစ် ပထမဆုံးအကြိမ် လာရောက်သည့် ခရီးစဉ်အဖြစ် သမ္မတရှီသည် ဝါရှင်တန်ပြည်နယ် ဆီယက်တယ်လ်မြို့သို့ လေယာဉ်ဖြင့်ဆိုက်ရောက်လာခဲ့သည်။သမ္မတရှီဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ဝါရှင်တန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂျေးအင်စလီ၊ တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ဟောင်း ဂါရီလော့နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

သမ္မတရှီသည် ဆီယက်တယ်လ်မြို့သို့ ရောက်ရှိသည့်နေ့မှာပင် ဝေါစထရိဂျာနယ်၏ လူတွေ့မေးမြန်းမှုကို ဖြေကြားခဲ့သည်။ တရုတ်နှင့် အမေရိကန်အကြား ဖြစ်ပေါ်နေသည့် ဆက်ဆံရေးပြဿနာအချို့နှင့် ပတ်သက်၍ ဖြေရှင်းနိုင်မည့်နည်းလမ်းများကို သမ္မတရှီက ပြောကြားခဲ့သည်။

သမ္မတရှီသည် ဝါရှင်တန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဆီယက်တယ်လ်ရှိ စီးပွားရေးလုပ်ငန်းခေါင်းဆောင်များက ပူးတွဲတည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ပြီး မူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။

**ဆင်ဟွာ။**



# ဘိုးရင်းလုပ် ရဟတ်ယာဉ်များ အိန္ဒိယဝယ်ယူရေး သဘောတူညီချက် အပြီးသတ်ရေးဆွဲ

**နယူးဒေလီ စက်တင်ဘာ ၂၃**

ယခုရက်သတ္တပတ် နှောင်းပိုင်းတွင် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည့် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၏ ခရီးစဉ်အတွင်း ဘိုးရင်းကုမ္ပဏီထံမှ အိန္ဒိယနိုင်ငံသို့ ရောင်းချမည့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ တိုက်ခိုက်ရေးရဟတ်ယာဉ်များနှင့် အကြီးစားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များ ဝယ်ယူရေး သဘောတူညီချက်ကို အပြီးသတ်ရေးဆွဲထားပြီးဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် စစ်လက်နက်ပစ္စည်းဝယ်ယူတင်သွင်းသည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည်။

အိန္ဒိယဝန်ကြီးအဖွဲ့ လုံခြုံရေးဆိုင်ရာကော်မတီသည် သဘောတူညီချက်မူကြမ်းကို အတည်ပြုပေးလိုက်ပြီဖြစ်သည်။ ဘိုးရင်းကုမ္ပဏီထုတ် အပါချီအမျိုးအစား တိုက်ခိုက်ရေး ရဟတ်ယာဉ် ၂၂ စင်းနှင့် လေးလံသည့်ဝန်များ သယ်ဆောင်နိုင်သည့် ချီနွတ်အမျိုးအစားရဟတ်ယာဉ် ၁၅ စင်းဝယ်ယူရန် ယင်းသဘောတူညီချက်တွင် ဖော်ပြထားကြောင်း ပီတီအိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

လေးလံသောဝန်စည်သယ်ဆောင်နိုင်သော ရဟတ်ယာဉ်များနှင့် အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့က အသုံးပြုခဲ့သော အပါချီအမျိုးအစားတိုက်ခိုက်ရေး ရဟတ်ယာဉ်များ ဝယ်ယူရရှိရေးအတွက် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့သည် ၂၀၁၃ ခုနှစ်ကပင် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

**ပီတီအိုင်။**

# အမေရိကန်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးများ စက်တင်ဘာလကုန်ပိုင်းတွင် တွေ့ဆုံမည်

**နယူးယောက် စက်တင်ဘာ ၂၃**

အမေရိကန်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးများသည် စက်တင်ဘာလကုန်ပိုင်း၌ အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် အစည်းအဝေးတစ်ရပ်ကျင်းပမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဆိုသည်။

၎င်းတို့တွေ့ဆုံရခြင်းမှာ တောင်တရုတ်ပင်လယ်အတွင်း နယ်မြေအငြင်းပွားသည့်ကိစ္စနှင့် ယင်းဒေသတွင် တရုတ်နိုင်ငံက ပင်လယ်ရေကြောင်းဆိုင်ရာ လုပ်ဆောင်ချက်များ တိုးမြှင့်လုပ်ဆောင်လျက်ရှိခြင်းတို့နှင့် ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဂျွန်ကယ်ရီက ဆက်လက်ပြောကြားသည်။

ယင်းအစည်းအဝေးသည် အိန္ဒိယဝန်ကြီးချုပ် မိုဒီ၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတဘာရက် အိုဘားမားတို့ ယမန်နှစ်က သဘောတူညီခဲ့ကြသည့်သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် နောက်ဆက်တွဲအစည်းအဝေးတစ်ရပ်လည်း ဖြစ်သည်။

ခေါင်းဆောင်သုံးဦးက အာရှ-ပစိဖိတ်ဒေသနှင့် အိန္ဒိယသမုဒ္ဒရာဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန် လိုအပ်ကြောင်း သဘောတူညီထားကြသည်။ ယခုရက်သတ္တပတ်အတွင်း ကျင်းပမည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အမေရိကန် သမ္မတ အိုဘားမားနှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့တွေ့ဆုံနိုင်ဖွယ်ရှိသည်။

တရုတ်နိုင်ငံ၏ စစ်အင်အားမြှင့်တင်နေခြင်းကို ကိုင်တွယ်ထိန်းချုပ်သည့်အနေဖြင့် အမေရိကန်က ဂျပန်၊ အိန္ဒိယနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အခိုင်အမာတည်ဆောက်နေကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

# တရုတ်တွင် အမေရိကန်အမျိုးသမီးတစ်ဦး သူလျှိုလုပ်မှုဖြင့် ဖမ်းဆီးခံထားရ

**ပေကျင်း စက်တင်ဘာ ၂၃**

တရုတ်-အမေရိကန် ထိပ်သီးဆွေးနွေးပွဲ မကျင်းပမီရက်အနည်းငယ်အလိုတွင် တရုတ်တာဝန်ရှိသူများက အမေရိကန်အမျိုးသမီးတစ်ဦးကို သူလျှိုလုပ်သည်ဟု စွပ်စွဲချက်ဖြင့် ဖမ်းဆီးထားသည်။

အဆိုပါအမျိုးသမီးကို ထောက်ခံသည့် ဝက်ဘ်ဆိုက်တစ်ခု၏အဆိုအရ ဆန်ဒီဖန်ဂျီးလစ်သည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့မှ တရုတ်နိုင်ငံသို့ စီးပွားရေးအဖွဲ့တစ်ဖွဲ့နှင့်အတူ လာရောက်ခဲ့ခြင်းဖြစ်သည်။ ဆန်ဒီဖန်ဂျီးလစ်ကိုလွှန်ခဲ့သည့်ခြောက်လက ကွမ်တုံးပြည်နယ်မှ မကာအိုမြို့သို့ သွားရောက်ရန် ကြိုးပမ်းစဉ် လုံခြုံရေးတာဝန်ရှိသူများက ထိန်းသိမ်းခဲ့ပြီး ယခုလတွင် တရားဝင်ဖမ်းဆီးလိုက်ပြီဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အမေရိကန်နိုင်ငံသို့ ရောက်ရှိနေပြီး သောကြာနေ့တွင် သမ္မတ အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။ လေ့လာသုံးသပ်သူများက ထိပ်သီးဆွေးနွေးပွဲမတိုင်မီ ဆန်ဒီဖန်ဂျီးလစ်ကို ဖမ်းဆီးသည့် သတင်းထုတ်ပြန်မှုမှာ လူအများအာရုံစိုက်မှု များနိုင်သမျှများအောင် ပြုလုပ်ခြင်းဖြစ်သည်ဟု ယူဆကြသည်။

ဆန်ဒီဖန်ဂျီးလစ်ကို တရုတ်တာဝန်ရှိသူများက အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ်ရာများကို စစ်ဆေးမေးမြန်းလျက်ရှိသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လေက ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယပြောရေးဆိုခွင့်ရှိသူ မက်တိုနာက အမေရိကန်ကောင်စစ်ဝန်ရုံးမှတာဝန်ရှိသူများက ဆန်ဒီဖန်ဂျီးလစ်နှင့် ခြောက်ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ပြီး သူ၏ကျန်းမာရေးအခြေအနေကို စစ်ဆေးခဲ့သည်ဟု ပြောကြားသည်။

အိမ်ဖြူတော်အနေဖြင့် ယင်းကိစ္စနှင့် ပတ်သက်၍ တရုတ်တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်ဆက်သွယ်မေးမြန်းခဲ့သော်လည်း ပြည့်ပြည့်စုံစုံ ပြန်လည်တုံ့ပြန်ခဲ့ခြင်းမရှိကြောင်း မက်တိုနာက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



# ကာလီနင်ဂရက်မြို့၌ ပဲ့ထိန်းဒုံးလက်နက်များ ဖြန့်ကြက်ဖွယ်ရှိဟု သမ္မတပူတင်ပြော

**မော်စကို စက်တင်ဘာ ၂၃**

အမေရိကန်ပြည်ထောင်စုသည် ဂျာမနီနိုင်ငံရှိ ယင်း၏နျူကလီးယားလက်နက်များကို အဆင့်မြှင့်တင်မည်ဆိုပါက မိမိတို့အနေဖြင့် ကာလီနင်ဂရက်မြို့၌ ပဲ့ထိန်းဒုံးလက်နက်များကို ဖြန့်ကြက်ရဖွယ်ရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်ဟု အင်တာဖက်စ်သတင်းဌာနက စက်တင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်က နျူကလီးယားလက်နက်ဖြင့် ခြိမ်းခြောက်လာဖွယ်ရှိမှုကို အသေးစိတ်သုံးသပ်လေ့လာပြီးနောက် ကာလီနင်ဂရက်မြို့၌ ပဲ့ထိန်းဒုံးလက်နက်များ ဖြန့်ကြက်ရန် သင့်၊မသင့် အပြီးသတ်ဆုံးဖြတ်ချက်ကို ချမှတ်ရမည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

ဥရောပ၌ အင်အားချိန်ခွင်လျှာထိန်းညှိနိုင်ရေးအတွက် အမေရိကန်အား တန်ပြန်နိုင်မည့် အစီအစဉ်များကို ရုရှားနိုင်ငံက ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သမ္မတပူတင်၏ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီ ပက်စကော့က ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုသည် ယခုနှစ်နှောင်းပိုင်းတွင် ဂျာမနီနိုင်ငံ ဘူချယ်လေတပ်စခန်း၌ ဘီ၆၁-၁၂ အမျိုးအစား နျူကလီးယားဗုံး အလုံး ၂၀ ဖြန့်ကြက်ရန် ရည်ရွယ်ချက်ရှိသည်ဟု ဂျာမနီ ဇက်ဒအက်ဖ်ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်ခဲ့ပြီးနောက် ပူတင်၏ပြောရေးဆိုခွင့်ရှိသူက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အမေရိကန်က နျူကလီးယားလက်နက်ဖြန့်ကြက်ပါက မိမိတို့ကလည်း ကာလီနင်ဂရက်ဒေသတွင် အစ္စခန်ဒါအမျိုးအစားပဲ့ထိန်းဒုံးလက်နက်များ ဖြန့်ကြက်ရဖွယ်ရှိကြောင်း ပက်စကော့က ပြောကြားသည်။ **ရိုက်တာ။**



# ဆယ်နှစ်ပြည့်သွားပြီဖြစ်တဲ့ စူပါဂျူနီယာရဲ့ဂီတခရီး

တောင်ကိုရီးယားအမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် စူပါဂျူနီယာသည် အဖွဲ့၏အနုပညာသက်တမ်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် “Super Camp”ဟု အမည်ရသည့် အစီအစဉ်တစ်ခုကိုပြုလုပ်ခဲ့သည်။

အဆိုပါအစီအစဉ်ကို စက်တင်ဘာ၁၉ရက်ကို ဆိုးလ်တက္ကသိုလ်၏ အားကစားခန်းမတွင်ပြုလုပ်ခဲ့ရာ ဖျော်ဖြေပွဲများအပြင် စူပါဂျူနီယာပရိသတ်ကြီးနှင့် ရင်းနှီးမှုရစေရန် ရည်ရွယ်ကာ ကစားနည်းများစွာကို အဖွဲ့ဝင်များက ပရိသတ်နှင့်အတူ ပါဝင်ကစားခဲ့သည်။

ဖျော်ဖြေပွဲတွင် စူပါဂျူနီယာ၏နောက်ဆုံးထွက်ရှိသောတေးအယ်လ်ဘမ်မှ တေးသီချင်းသစ်နှစ်ပုဒ်ဖြစ်သော “Magic”နှင့် “Strange”ကို ပထမဦးဆုံးအကြိမ်အဖြစ်သီဆိုဖျော်ဖြေခဲ့သည်။ ထို့ပြင်အဖွဲ့၏ လူကြိုက်အများဆုံးသော တေးသီချင်းများဖြစ်သည့် “Sorry Sorry”၊ “Mr. Simple”၊ “Devil”၊ “Alright”၊ “We Can”နှင့် “Winter love”စသည့် သီချင်းများနှင့်လည်း ဖျော်ဖြေခဲ့သည်။

**ခင်ခင်သက်**

## အီတလီကိုအလည်အပတ်ထွက်နေတဲ့ လီမင်ဟို



တောင်ကိုရီးယားသရုပ်ဆောင်မင်းသားချောလီမင်ဟိုသည် အီတလီနိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေပြီး ရောမမြို့အနှံ့သွားရောက်လည်ပတ်ကာ လှပသောရှုခင်းများနှင့်အတူတွဲရိုက်ထားသော သူ၏ အမှတ်တရဓာတ်ပုံများကိုလည်း စက်တင်ဘာလ ၂၀ရက်တွင် လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် ဖော်ပြခဲ့ သည်။

လီမင်ဟိုသည် သူ၏နွေရာသီအားလပ်ရက်ခရီးရှည်အဖြစ် ယခုကဲ့သို့ ကမ္ဘာ့စိတ်ကူးယဉ်စရာ အကောင်းဆုံးနိုင်ငံဖြစ်သည့် အီတလီသို့ သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်ကာ ရောမမြို့ရှိ များစွာသော ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများနှင့် ပါသီနွန်ဘုရားကျောင်းကြီးသို့လည်း သွားရောက်လည် ပတ်ခဲ့ကြောင်းသိရသည်။

သူသည်လတ်တလောတွင် တောင်ကိုရီးယားနှင့် တရုတ်ဖျော်ဖြေရေး အေဂျင်စီနှစ်ခုတို့ ပူးပေါင်းရိုက်ကူးသည့် ဟာသအက်ရှင်ရုပ်သံဇာတ်လမ်းတွဲသစ် “Bounty Hunters”ကို ရိုက်ကူးလျက်ရှိသည်။

**အေးပြည့်**

## ကောလာဟလများကို ငြင်းဆန်ခဲ့သည့် လီမင်ဟိုနှင့် ဆူဇီ

Miss A အဖွဲ့မှ ဆူဇီနှင့် မင်းသားချော လီမင်ဟိုတို့က ၎င်းတို့ပြတ်စဲကြောင်း ကောလာဟလများထွက်ပေါ် လာမှုကို ငြင်းဆိုခဲ့ကြောင်းသိရသည်။

“သူတို့နှစ်ယောက် ကွဲတယ်ဆိုတဲ့သတင်းဟာ တကယ်တော့မမှန်ကန်ပါဘူး”ဟု စက်တင်ဘ ၂၂ ရက်က ဆူဇီ၏ အေဂျင်စီဖြစ်သည့် ဂျေဝိုင်ပီ အင်န်တာတိန်းမန့်က Xports News သို့ ပြောကြားခဲ့ပြီး အလားတူ လီမင်ဟို၏ အေဂျင်စီကလည်း “သူတို့ကွဲတယ်ဆိုတဲ့ကောလာဟလက မဟုတ်ပါဘူး။ သူတို့တွဲနေကြပါတယ်”ဟု ရှင်းလင်းခဲ့ကြောင်း သိရသည်။

ယခုရက်အစောပိုင်းက ဆူဇီနှင့် လီမင်ဟိုတို့သည် ချစ်သူဇာတ်လမ်းပြတ်စဲခဲ့သော်လည်း သူငယ်ချင်းသံယောဇဉ် ဖြင့်သာ ဆက်လက်ခင်မင်သွားရန် ဆုံးဖြတ်ထားကြကြောင်း မီဒီယာတစ်ခုမှ သတင်းထုတ်ပြန်လာမှုအပေါ် “သူတို့ နှစ်ယောက်ခုတလောအဆက်ပြတ်သလိုဖြစ်နေတာက တစ်ဦးချင်းစီက အလုပ်ရှုပ်နေကြလို့ပါ”ဟု ၎င်းတို့နှစ်ဦး၏ သူငယ်ချင်းဖြစ်သူတစ်ဦးက ဆိုသည်။

ဆူဇီနှင့် လီမင်ဟိုတို့သည် ၎င်းတို့၏ချစ်သူဖြစ်ကြောင်းအတည်ပြုချက်ကို လွန်ခဲ့သည့် မတ်လက ကြေညာခဲ့ပြီး လီမင်ဟိုသည် ယခုလက်ရှိတွင် ကိုရီးယား-တရုတ်ပူးတွဲရိုက်ကူးသည့် Bounty Hunters ဇာတ်ကားရိုက်ကူးလုပ်ငန်းများဖြင့် အလုပ်များလျက်ရှိနေပြီး ဆူဇီအနေဖြင့် သူ၏ဇာတ်ကားသစ် The Hymn ထွက်ရှိရန် စောင့်စားလျက်ရှိနေသည်။

**မျိုးစန္ဒာမောင်**

## ရုပ်မြင်သံကြားအစီအစဉ်များ

၂၄ - ၉ - ၂၀၁၅ (ကြာသပတေးနေ့)

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၉း၃၅ | “ပန်းပျိုးလက်တို့၏ သမာဓိနှလုံးသားများ” (ဒုတိယပိုင်း) |
| ၁း၂၀ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ “ဒူးမနာသား” (ဖူးချစ်၊ အေဏီဇော်) (ဒါရိုက်တာ-ဟိန်းစိုး) |
| ၁း၄၀ | “စိတ်၏ကကြိုး” |
| ၂း၃၅ | “၂၀၁၅ ခုနှစ် စက်တင်ဘာလ အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်နှင့် ကြိုတင်သတိပြုဖွယ်ရာများ” |
| ၄း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အိမ်တွင်းစီးပွား၊ စီးပွားရေးပညာအထူးပြုများ) (စီးပွားစီမံ) |
| ၄း၅၀ | “စိမ်းလန်းစိုပြည် ပုပ္ပါးမြေ” |
| ၅း၅၀ | “သာယာလှပ မိတ္ထီလာအလှ” |
| ၇း၀၀ | မွန်အမျိုးသားပါတီ -ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ -ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ |
| ၈း၃၅ | “ဆန္ဒတူညီမဲပေးကြမည်” -ပြည်သူ့နီတိ “စံပေတံဖြင့်တိုင်းတာခြင်း” -ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် “မေတ္တာရှင်မလေးငြိမ်းငြိမ်းအိ” (အပိုင်း-၁) |

### MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ် |
| ၅း၄၀ | “ဝိသာခါတောင်းဆု (၈)ပါး” တရားတော် [(ဓမ္မဒူတဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညိ သာရာဘိဝံသ] |
| ၈း၀၀ | Cartoon Series (Welcome To Sky Ville) |
| ၈း၄၀ | ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာ ပွင့်သောပန်း” (အပိုင်း-၉၄) |
| ၁၁း၀၀ | Food & Decor |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၅၇) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “အိမ်နီးချင်း” (အပိုင်း-၄၅) |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ”(အပိုင်း-၆၂) |
| ၃း၄၀ | မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း |
| ၄း၄၅ | နွေးထွေးသောကမ်းလက်များ |
| ၄း၅၅ | ခေတ်သစ်ပျိုမေ |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၆၃) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “အိမ်နီးချင်း” (အပိုင်း-၄၆) |
| ၈း၁၅ | ရသစုံညွန့်တမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာ ပွင့်သောပန်း” (အပိုင်း-၉၅) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၅၈) |
| ၉း၅၀ | အနုပညာမိုးကောင်းကင် |
| ၁၁း၂၅ | World of Knowledge (Undercovered USA Ghosts) |
| ၃း၂၅ | Education Talk [မိဘဆရာအသင်းဖွဲ့စည်းပုံနှင့် ရွေးချယ်တင်မြှောက်ခြင်း] |
| ၄း၅၀ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (မဟာအံ့ထူးကံသာ ဆုတောင်းပြည့်စေတီတော်) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၂၀ | မေတ္တာပို့ |
| ၆း၂၅ | ဓမ္မပူဇာတေး |
| ၆း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၄၅ | မျိုးချစ်တပ်မတော် |
| ၆း၅၀ | မှတ်တမ်း |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၂၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | ရှေးဟောင်းသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၈း၅၅ | လျှပ်တစ်ပြက် |
| ၄း၂၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၄၀ | ဇာတ်လမ်းတို |
| ၄း၄၅ | ဗီစီဒီကျော်ကြားတေး |
| ၄း၅၀ | မွေးမြူသုတ |
| ၅း၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၀ | မော်ဆရာနဲ့အပျော်ဆရာ |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၇၆) |
| ၆း၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၆း၃၅ | Hello Miss Universe |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း (အပိုင်း-၁၇) - ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ)အပိုင်း(၂၉) |

### mitv

| | |
|---|---|
| 07:26 | .....Changes |
| 07:42 | Kyauk Gu Umin Cave Gu Pha Ya |
| 08:26 | A Heart......Filled With Noble Volunteerism |
| 08:38 | Waso Charity Feast |
| 09:26 | Myanmar's Traditions and Culture "Myanmar Pottery" |
| 09:49 | Sagaing: Gold Leaf |
| 10:26 | The Richly Blessed Gem Land |
| 10:52 | Kindhearted Pet Lovers |
| 07:26 | A Day In Bagan |
| 07:47 | Natural Lake: Fish Breeding Business |
| 08:26 | Myanmar Delicate Artistic Creations- Gem Stone Painting |
| 08:44 | Myanmar Leading Woman: May Sabai Phyu @ L. Hkawn Htoi |
| 09:26 | " Let's Cook (EP-2) Spaghetti with Dried Chilli and Bacon & Chocolate Covered Strawberry |
| 09:52 | Sagaing: Gold Leaf |

## အားကစား

# ပရီမီယာလိဂ်ရင်ခုန်သံ – ၈

ရှိုင်းမင်းမင်း



*ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်(၇) ကို စက်တင်ဘာလ ၂၆၊ ၂၇၊ ၂၉ ရက်တို့မှာ ယှဉ်ပြိုင်ကစားသွား ဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာပွဲစဉ် (၆) တုန်းက ဝက်စ်ဟမ်းရှုံးနိမ့်ခဲ့ရတဲ့ မန်စီးတီးက စပါးနဲ့ ထပ်မံဆုံတွေ့နေရတာကြောင့် နိုင်ပွဲရယူသွားနိုင်ပါ့မလားဆိုတာ ကြည့်သွားရဖို့ရှိနေသလို အာဆင်နယ်အနေနဲ့လည်း နိုင်ပွဲ ရှာဖွေနိုင်ဖို့ လိုအပ်နေပါတယ်။*

**စပါး-မန်စီးတီး** ည - ၆း၁၅(၂၆-၉-၁၅)

စပါးဟာ ဒီပွဲမတိုင်ခင်မှာ ကက်ပီတယ်ဝမ်းဖလားပွဲစဉ်အဖြစ် အာဆင်နယ်နဲ့ရင်ဆိုင်ခဲ့ရတာကြောင့် မန်စီးတီးထက် ပွဲပိုပန်းနေနိုင်ပါတယ်။ ဒ့ါအပြင် လက်ရှိစပါးရဲ့ ခြေစွမ်းကလည်း တည်ငြိမ်မှုအားနည်းပြီး တိုက်စစ်ကပါ အဆုံးသတ်မသေချာလို့ မန်စီးတီးအခွင့်အရေးရနိုင်ပါတယ်။ ချန်ပီယံလိဂ်ရှိပေမယ့် မန်စီးတီးနိုင်ပွဲပြန်ရမှာပါ။

**လက်စတာ-အာဆင်နယ်** ည - ၈း၃၀(၂၆-၉-၁၅)

စပါးနဲ့ ကက်ပီတယ်ဝမ်းဖလားပွဲစဉ်ကစားခဲ့ရတာကြောင့် အာဆင်နယ်တို့ပွဲပန်းနေနိုင်သလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိနေပါတယ်။ ဒါကြောင့် အာဆင်နယ်တို့ ခြေကုန်ထုတ်ဖို့ ခက်ခဲနေဦးမှာပါ။ ဒ့ါအပြင် လက်စတာရဲ့ တုံ့ပြန်ကစားအားကလည်း ကောင်းမွန်နေတာကြောင့် အာဆင်နယ်အခက်တွေ့နိုင်တယ်။

**လီဗာပူး-ဗီလာ** ည - ၈း၃၀(၂၆-၉-၁၅)

လီဗာပူးက ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစား ရဖို့ရှိနေပါတယ်။ ဒ့ါအပြင် လက်ရှိအချိန်မှာ လီဗာပူးရဲ့ခြေစွမ်းကလည်း အကောင်းဆုံးပုံစံမှာရှိမနေပါဘူး။ ဒါပေမယ့် အိမ်ကွင်းဖြစ်တဲ့အတွက် အမှားအယွင်းအဖြစ်ခံမှာ မဟုတ်သလို ဗီလာရဲ့ခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေများလွန်းနေပါတယ်။

**စတုတ်-ဘုန်းမောက်** ည - ၈း၃၀(၂၆-၉-၁၅)

လက်စတာနဲ့ပွဲစဉ်မှာ နိုင်ပွဲမရခဲ့ပေမယ့် စတုတ်ရဲ့ ကစားပုံမညံ့ခဲ့ပါဘူး။ အထူးသဖြင့် ကာကစ်ပြန်လည်ပါဝင်လာနိုင်လို့ စတုတ်ရဲ့ထိုးဖောက်ကစားပုံက ပိုမိုကောင်းမွန်လာပါတယ်။ ဘုန်းမောက်ကတော့ အသင်းလိုက်ကစားပုံမဆိုးပေမယ့် အဝေးကွင်းခံစစ်မတည်ငြိမ်ပါဘူး။ စတုတ်တို့နိုင်ပွဲပြန်ရမှာပါ။

**ဝက်စ်ဟမ်း-နော့ဝှစ်ချ်** ည - ၈း၃၀(၂၆-၉-၁၅)

ဝက်စ်ဟမ်းခြေစွမ်းပိုင်းကောင်းမွန်ပါတယ်။ မန်စီးတီးကို နိုင်ခဲ့တဲ့ပွဲမှာ တိုက်စစ်ကစားပုံရော ခံစစ်စုဖွဲ့မှုပါ ကောင်းမွန်ခဲ့တာတွေ့ရပါတယ်။ ဒ့ါအပြင် ဒီပွဲကလည်း အိမ်ကွင်းဖြစ်တာကြောင့် ဝက်စ်ဟမ်းတို့ ခြေသာမန်သာရှိတဲ့ နော့ဝှစ်ချ်ကို ဖိအားပေးသွားနိုင်မှာပါ။

**မန်ယူ-ဆန်းဒါးလန်း** ည - ၈း၃၀(၂၆-၉-၁၅)

မန်ယူအနေနဲ့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိသလို အဲဒီချန်ပီယံလိဂ်မှာလည်း အဖွင့်ပွဲတုန်းကရှုံးထားတဲ့အတွက် နိုင်ပွဲရအောင်အား စိုက်ရဦးမှာပါ။ ဒါကြောင့်မန်ယူတို့ ဒီပွဲစဉ်မှာ ခြေကုန်ထုတ်ဖို့ ခက်ပါလိမ့်မယ်။ ဒါပေမယ့် ဆန်းဒါးလန်းခံစစ်ကလည်း အားနည်းမှုတွေများလွန်းတာကြောင့် မန်ယူနိုင်ပွဲတော့ရသွားမှာပါ။

**ဆောက်သမ်တန် - ဆွမ်ဆီး** ည - ၈း၃၀(၂၆-၉-၁၅)

အဲဗာတန်နဲ့ သရေကျခဲ့ရပြီး နှစ်ပွဲဆက်တိုက်အနိုင်ပျောက်ဆုံးခဲ့ရတာကြောင့် ဆွမ်ဆီးတို့နိုင်ပွဲ ပြန်လည်ရရှိရေးအားစိုက်လာဖို့ ရှိနေပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ကို ဆောက်သမ်တန်ကွင်းမှာ အသာရဖို့ဆိုတာ အဆုံးသတ်ပိုင်း ကျဆင်းလာတဲ့ ဆွမ်ဆီးအတွက်ခက်ခဲပါလိမ့်မယ်။

**နယူးကာဆယ် - ချယ်လ်ဆီး** ည - ၁၁း၀၀(၂၆-၉-၁၅)

နယူးကာဆယ်ခြေက တောက်လျှောက်အားနည်းလာပါတယ်။ တိုက်စစ်ပိုင်းကတစ်ပွဲတစ်ဂိုးလောက်သွင်းနိုင်ဖို့အတွက်တောင်ရုန်းကန်နေရသလို ကိုလိုချိနီဦးဆောင်တဲ့ ခံစစ်ကလည်း ကျစ်လျစ်မှု အားနည်းလာလို့ ချယ်လ်ဆီးကို ထိန်းချုပ်ဖို့ခက်ပါလိမ့်မယ်။ ချန်ပီယံလိဂ်ရှိသလို ခြေစွမ်းသာမန်သာရှိပေမယ့် ချယ်လ်ဆီးနိုင်ပွဲဆက်မှာပါ။

**ဝတ်ဖို့ဒ် - ခရစ္စတယ်ပဲလေ့စ်** ည - ၉း၃၀(၂၇-၉-၁၅)

နှစ်ပွဲဆက်တိုက် အနိုင်ရလာတဲ့ ဝတ်ဖို့ဒ်ရဲ့ ခြေစွမ်းပိုင်း မဆိုးပါဘူး။ ဒီပွဲကအိမ်ကွင်းလည်း ဖြစ်နေတာကြောင့် အမှတ်ရဖို့ အားစိုက်လာဦးမှာပါ။ ဒါပေမယ့် ခရစ္စတယ်ပဲလေ့စ်ကလည်း အသင်းကောင်းတစ်သင်းဖြစ်လို့ ဝတ်ဖို့ဒ်တို့ အခက်အခဲတွေနဲ့ ရင်ဆိုင်ရဖို့သာရှိနေပါတယ်။

**ဝက်စ်ဘရွန်း - အဲဗာတန်** နံနက် - ၁း၃၀ (အင်္ဂါနံနက်) (၂၉-၉-၁၅)

အဲဗာတန်ရဲ့ ခြေစွမ်းက ဒီရာသီမှာ ကောင်းမွန်မှုရှိနေပါတယ်။ အထူးသဖြင့် ဂျာဂျယ်ကာနဲ့ ဂွန်စတုန်းတို့ရဲ့ ခံစစ်ပိုင်းကကျစ်လျစ်မှုရှိတာကြောင့် ဝက်စ်ဘရွန်းရဲ့ အိမ်ကွင်းအားကို ထိန်းချုပ်နိုင်ဖို့ ရှိနေပါတယ်။ ဝက်စ်ဘရွန်း အသင်းလိုက်ကစားပုံမဆိုးပေမယ့် တိုက်စစ်ပိုင်းမှာ အားနည်းမှုတွေရှိနေပါတယ်။

## အာဆင်နယ်ကိုအနိုင်ရခဲ့လို့ စိတ်ဓာတ်ခွန်အားတက်လာတဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းအနေဖြင့် ပြီးခဲ့သည့် စနေနေ့က ကစားခဲ့သောပွဲစဉ်တွင် အာဆင်နယ်လ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီးနောက် နောင်ဆက်လက်ကစားရမည့် ပွဲစဉ်များအတွက် ယုံကြည်ချက်များနှင့် စိတ်ဓာတ်ခွန်အားများ ရရှိလာခဲ့ကြောင်း ချယ်လ်ဆီးအသင်းမှ အလယ်တန်းနောက်ခံကစားသမား နမန်ဂျာမက်တစ်ကပြောသည်။

ထို့ပြင်သူက အာဆင်နယ်ကိုအနိုင်ရခဲ့ခြင်းမှာ ယခုနှစ်ဘောလုံးရာသီအတွင်း ချယ်လ်ဆီးတို့ဖော်ဆောင်မည့် အောင်မြင်မှုများအနက် ပထမဦးဆုံးသော အောင်မြင်မှုတစ်ခုသာဖြစ်ကြောင်း ပြိုင်ဘက်အသင်းများကို သတိပေးပြောကြားခဲ့သည်။


သူက "ကျွန်တော်တို့ကစားသမားတွေအတွက် အနိုင်ဆိုတာ ယုံကြည်မှုကို ဖြစ်စေတယ်လေ။ လတ်တလောမှာ ကျွန်တော်တို့နှစ်ပွဲကစားပြီး ခြောက်မှတ်ရရှိထားတယ်။ ဒီလိုအောင်မြင်မှုရခဲ့တဲ့အတွက် အသင်းသားတွေအနေနဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေ၊ ဆက်လက်ယှဉ်ပြိုင်ဖို့ စိတ်ဓာတ်ခွန်အားတွေနဲ့ အသင်းအဖွဲ့စိတ်ဓာတ်တွေ ပိုမိုကောင်းမွန်လာစေပါတယ်"ဟု ဆိုသည်။

ဆက်လက်ပြီးသူက ချယ်လ်ဆီးအသင်းသည် စိတ်ဓာတ်အင်အားအလွန်ကို ကောင်းမွန်နေပြီဖြစ်သည့်အတွက် အောင်ပွဲများဆက်တော့မည်ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောဆိုခဲ့သည်။



ခင်ခင်သက်-စုစည်းသည်

## အာဆင်နယ်ကြယ်ပွင့် ကိုကွာလင် ဒူးဒဏ်ရာကြောင့် အနားယူရ



စက်တင်ဘာ၂၂ရက်ညပိုင်းက စပါးကွင်းတွင် ကစားခဲ့သော ပွဲစဉ်၌ အာဆင်နယ်အသင်းမှ အလယ်တန်းကစားသမား ဖရန်စစ်ကိုကွာလင်သည် ဒူးခေါင်းတွင်ဒဏ်ရာရရှိခဲ့ပြီး ပွဲမှ ထွက်ခဲ့ရ၍ သူ၏နေရာတွင် မာတီဆက်ကာက ဝင်ရောက်ကစားခဲ့သည်။

ကိုကွာလင်သည် လတ်တလောတွင် ဝင်ရောက်ကစားနိုင်ခြင်းမရှိဘဲ ကွင်းပြင်ပတွင်သာ ကြည့်ရှုအားပေးနေရပြီး နောင်ကစားမည့်ပွဲစဉ်များတွင် ကိုကွာလင်၏နေရာတွင် အတွေ့အကြုံရှိသော ကစားသမားငယ်များကို ထည့်သွင်းကစားသွားမည်ဖြစ်ကြောင်း အာဆင်နယ်အသင်း၏ မန်နေဂျာဖြစ်သူ အာစင်ဝင်းဂါးက အာဆင်နယ်ဒေ့ါကွန်းသို့ ပြောကြားခဲ့သည်။

အာစင်ဝင်းဂါးက "ကိုကွာလင်မကစားနိုင်တော့ပေမယ့် အသင်းအတွက်ပြဿနာကြီးကြီးမားမားတော့မဖြစ် ပါဘူး။ အတွေ့အကြုံရှိတဲ့ကစားသမားလေးတွေကို ထည့်သွင်းကစားသွားမှာပါ။ ကိုကွာလင်ရဲ့ဒူးဒဏ်ရာကြောင့် လတ်တလောတော့ ဒူးခေါင်းရောင်နေပေမယ့် ဒါအခိုက်အတန့်ပါ။ နာတာရှည်ဒဏ်ရာမဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး အာစင်ဝင်းဂါးက နောင်ကစားမည့်ပွဲများတွင် ထည့်သွင်းကစားရန် ကစားသမားတစ်ဦးသို့မဟုတ် နှစ်ဦးအား ရည်ရွယ်ထားကြောင်း ဆိုခဲ့သည်။ အာစင်ဝင်းဂါးရည်ညွှန်းပြောဆိုသည့်ကစားသမားများအနက်မှ တစ်ဦးမှာ အသက်(၁၉)နှစ်အရွယ်တိုက်စစ်ကစားသမား အယ်လက်ဇ်အိုင်ဝိုဘီဖြစ်နိုင်ကြောင်း အာဆင်နယ်ဒေ့ါကွန်းက ထင်ကြေးပေးပြောဆိုခဲ့သည်။ အကြောင်းမှာ အာစင်ဝင်းဂါးက အိုင်ဝိုဘီကို ကောင်းကောင်းကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ချီးကျူးခဲ့သောကြောင့် ဖြစ်သည်။

## ဇနီးသည်နဲ့ လမ်းခွဲလိုက်ပြီဖြစ်တဲ့ အာစင်ဝင်းဂါး

အသက် (၆၅)နှစ်အရွယ် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်ဂါးသည် ဇနီးဖြစ်သူ အန်းနီနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ဒေသခံမီဒီယာများက ဖော်ပြခဲ့သည်။

နှစ်ပေါင်းများစွာ ချစ်သူများအဖြစ်လက်တွဲလာခဲ့ပြီး ၂၀၁၀ခုနှစ်က လက်ထပ်ခဲ့ကြသော သူတို့နှစ်ဦးသည် ပြီးခဲ့သည့်ဇွန်လကစတင်၍ လမ်းခွဲခဲ့ကြပြီးနောက် ယခုအခါ တရားဝင်ကွာရှင်းပြတ်စဲခဲ့ခြင်းဖြစ်ကြောင်း Daily Mirror သတင်းစာက ဖော်ပြခဲ့သည်။

အာစင်ဝင်းဂါး၏ ဇနီးသည် အန်းနီသည် သူနှင့် ၂၀၁၃ ခုနှစ်မှ စတင်ကာ အတူတွဲဓာတ်ပုံရိုက်ခြင်းကို လက်မခံတော့ပေ။ ထိုသို့တစ်စတစ်စ အေးစက်လာခဲ့သောဆက်ဆံရေးမှ ယခုကဲ့သို့လမ်းခွဲခြင်းဆီ ဦးတည်လာခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ဦးလမ်းခွဲချိန်တွင် သူတို့၏ သမီးကလေးသည်ပင် အသက်(၁၈) နှစ် အရွယ်ရှိနေပြီဖြစ်သည်။



**အားကစားမြင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# စိတ်ကြွရူးသွပ်ဆေးပြားများသုံးစွဲရန်နှင့် တစ်ဆင့်ဖြန့်ဖြူးရောင်းချသူများအား ဖမ်းဆီးရမိ

**နောင်ချို စက်တင်ဘာ ၂၃**

နောင်ချိုမြို့နယ်တွင် လူငယ်များ မူးယစ်ဆေးဝါး သုံးစွဲပြီး မပျက်စီးစေရန်အတွက် ရောင်းချသူ၊ သုံးစွဲသူများ အား နောင်ချိုမြို့နယ်ရဲတပ်ဖွဲ့မှုုလမ်းညွှန်မှု၊ မြို့မရဲစခန်း တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ် နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိရာ စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီခွဲက နောင်ချိုမြို့မရဲစခန်းမှ ရဲအုပ်အောင်ငွေးဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် စိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲဖြန့်ဖြူးရောင်းချနေသူ နောင်ချိုမြို့နယ် ကံကြီး ကျေးရွာအုပ်စု လက်ပံကုန်းရွာနေ သန်းလွင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀ (အလေးချိန် ၁၀ ဒသမ ၄ ဂရမ်ခန့်)နှင့် နောင်ချိုမြို့နယ် လက်ပံကုန်းကျေးရွာနေ မြင့်ဦးနေအိမ်မှ စိတ်ကြွရူးသွပ် ဆေးပြား လေးပြား (အလေးချိန် သုည ဒသမ ၄ ဂရမ်ခန့်) သိမ်းဆည်းရမိခဲ့ သဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသုံးစွဲ၊ ဖြန့်ဖြူး ရောင်းချသူ နောင်ချိုမြို့နယ် လက်ပံကုန်းကျေးရွာနေ သန်းလွင် (၄၉)နှစ်နှင့် နောင်ချိုမြို့နယ် လက်ပံကုန်း ကျေးရွာနေ မြင့်ဦး(၄၂)နှစ်တို့အား နောင်ချိုရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**



မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းဆုံမီးပွိုင့်တွင် စက်တင်ဘာ ၂၂ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က ခရီးသည်တင်ယာဉ်နှင့် ကိုယ်ပိုင်ယာဉ်တို့တိုက်မိမှု ဖြစ်ပွားခဲ့စဉ်။

**ညီညီ(သမိုင်း)**

# ဆိုင်ကယ်နှင့်မော်တော်ယာဉ်မျက်နှာချင်းဆိုင်တိုက်မိ

**ကျိုက်ထို စက်တင်ဘာ ၂၃**

ကျိုက်ထိုမြို့နယ် တောင်ကလေး ကျေးရွာအနီး ပြုပြင်လျက်ရှိသော ကျိုက်ထို-ကင်မွန်းချောင်း တံတား လမ်းကျဉ်း၌ စက်တင်ဘာ ၁၉ ရက် ညနေ ၅နာရီခွဲခန့်တွင် ဆိုင်ကယ်နှင့် မော်တော်ယာဉ်တိုက်မှု ဖြစ်ပွားခဲ့၍ လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ ပြုပြင်လျက်ရှိသော တံတားလမ်းကျဉ်း၌ ကျိုက်ထိုမှ ကင်မွန်းချောင်းဘက်သို့ ယာဉ်မောင်း မင်းနောင်(ခ)အောင်ကျော်စိုး (၃၁) နှစ် မောင်းနှင်လာသော မီနီဘတ် မှန်လုံယာဉ်နှင့် မျက်နှာချင်းဆိုင်မှ ညီညီလွင် (၂၃)နှစ် မောင်းနှင်ပြီး နောက်မှ ထိန်လင်းအောင် (၁၅) နှစ် နှင့် ရန်အောင်(၁၅)နှစ်တို့ လိုက်ပါ လာသည့် Wave ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိ၍ ဆိုင်ကယ် စီးလာသူသုံးဦးမှာ ပြင်းထန်စွာ ဒဏ်ရာရပြီး ရန်အောင်မှာ အခင်းဖြစ် နေရာတွင်သေဆုံးခဲ့သဖြင့် မင်းနောင် နှင့် ညီညီလွင်တို့အား ကျိုက်ထိုမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထား ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၀ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် လားရှိုးမှ မန္တလေး သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ ထွန်းမြင့်နှင့် ညိုဝင်းတို့နှစ်ဦးထံမှ စုစုပေါင်း ဘိန်းဖြူအလေးချိန် သုည ဒသမ ၅၀၄၉ ကီလိုကိုလည်းကောင်း၊ အလားတူ မုဒုံမြို့ မြို့မ(၂)ရပ်ကွက် စည်းစိမ်တိုး စားသောက်ဆိုင်ရှေ့ မုဒုံကားလမ်းဘေးတွင် တွေ့ရှိသူ ဝင်းသန်း(ခ)မုတ်ဆိတ် အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိ သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

**(ကြေးမုံ)**



ထွန်းမြင့်နှင့် ညိုဝင်းတို့နှစ်ဦးအား သိမ်းဆည်းရမိဘိန်းဖြူများနှင့် အတူ တွေ့ရစဉ်



# အရှိန်မထိန်းနိုင်သည့် ၁၂ ဘီးယာဉ် လမ်းဘေးဓာတ်တိုက်ဝင်တိုက်

**ကျောက်တံခါး စက်တင်ဘာ ၂၃**

ကျောက်တံခါးမြို့မရဲစခန်းအပိုင် စခန်းမြောက်ဘက် ၄ မိုင်ခန့်အကွာ ရင်းတိုက်ကုန်းကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်း(လမ်းဟောင်း) မီးရထား သံလမ်းအနီး မိုင်တိုင်အမှတ်(၁၁၇/၄) အနီးတွင် စက်တင်ဘာ ၂၂ ရက် ည ၁၁ နာရီခန့်တွင် ရန်ကုန်မှမန္တလေးသို့ ယာဉ်မောင်း ဟန်ကြည် ဘူတာ ရပ်ကွက် ရွှေဘိုမြို့နေသူမောင်းနှင်လာသော 2J/--- နီဆန်းဒီဇယ် ၁၂ ဘီးယာဉ်သည် စားအုံးဆီပီပါအလုံး ၉၀ တင်ဆောင်၍ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ လျှပ်စစ်မီးသွယ်တန်းထားသော ကွန်ကရစ် ဓာတ်တိုင်အား တိုက်မိ၍တိမ်းမှောက်သွားသဖြင့် ကျောက်တံခါးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

# လှေတိမ်းမှောက်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံး

**အောင်လံ စက်တင်ဘာ ၂၃**

အောင်လံမြို့နယ် ကံလုံမှော်ရွာမှ အမျိုးသမီးကိုးဦး ပေါင်းထိုးပြီး လှေဖြင့် ရွာသို့အပြန်တွင် လှေတိမ်းမှောက်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့မှု စက်တင်ဘာ ၂၁ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ၂၁ ရက် ညနေ ၅နာရီခန့်က မနွဲ့နွဲ့ဝင်း၊ မနွဲ့ကြည်၊ မတင်ခိုင်၊ မလှလှဝင်း၊ မအေးမြတ်သူ၊ မကြူမီအောင်၊ မဖြိုးဝေဇင်၊ မသန်းသီရိအောင်၊ မကေသီဦးတို့ ကိုးဦးသည် ကံမလေးရွာမှ ပေါင်းထိုးပြီး ကံမလေးရွာနှင့် ကံလုံမှော်ရွာအကြား အနက် ၁၀ပေ၊ အကျယ်ပေ ၂၀၀ခန့်ရှိ အင်းအတွင်း ခင်ဇော်(၂၀)နှစ် ဇေယျာကျေးရွာ အောင်လံမြို့နယ်နေသူနှင့် လက်လှော်လှေငှား၍ ကံလုံမှော်ရွာသို့ လှေစီးပြီးအပြန် ကံမလေးရွာနှင့် ကံလုံမှော်ရွာအကြားတွင် လှေတိမ်းမှောက်ခဲ့ခြင်းဖြစ်ကာ အခြားလှေတစ်စင်းမှ လာရောက်ကယ်တင်ရာတွင် မနွဲ့နွဲ့ဝင်းမှာ သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး ကျန်သူများအား ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ကျော်ဇေယျ)**

# မီးရှူး၊ မီးပန်း၊ ဗြောက်အိုးနှင့် ရှူးဒိုင်းများပစ်ဖောက်နေ ကြိုတင်အသိပေးချက် အချိန်မီ ထုတ်ပြန်သင့်

**သီပေါ စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့တွင် မီးရှူး၊ မီးပန်း၊ ဗြောက်အိုးများနှင့် ရှူးဒိုင်းများကို သီတင်းကျွတ်နှင့် တန်ဆောင်တိုင်ကာလများတွင်သာ ပစ်ဖောက် ကြသော်လည်း ယခုအခါ ထိုသို့မဟုတ်ဘဲ စက်တင်ဘာလလယ်မှစပြီး ပစ်ဖောက်နေကြသည်။

အဆိုပါဗြောက်အိုးများသည် တစ်ဖက်နိုင်ငံမှဝင်ရောက်လာခြင်းဖြစ်ကာ ကုန်သည်အချို့က စီးပွားဖြစ်ရောင်းဝယ်ဖောက်ကားကြပြီး တရားဝင်သုံးစွဲ ခွင့်ပြုထားသည့် ပစ္စည်းများမဟုတ်သကဲ့သို့ မိန်းမပျိုလေးများအနီး ပစ်ဖောက်ခြင်းဖြင့် အထိတ်တလန့်ဖြစ်စေခြင်း၊ သက်ကြီးရွယ်အိုများအတွက် လည်း အန္တရာယ်ဖြစ်စေခြင်း၊ နှလုံးရောဂါရှိသူများအတွက် အသက်အန္တရာယ်ရှိ စေနိုင်ခြင်း၊ မီးရှူး၊ မီးပန်းများမှတစ်ဆင့် မီးဘေးအန္တရာယ်ကျရောက်နိုင်ခြင်း၊ မီးရှူး၊ မီးပန်း၊ ဗြောက်အိုး၊ ရှူးဒိုင်းများဖောက်ခြင်းဖြင့် ကောင်းကျိုးမရှိဘဲ ဆိုး ကျိုးများသာဖြစ်စေနိုင်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများ အနေဖြင့် ကြိုတင်အသိပေးထုတ်ပြန်ချက်များကို အချိန်မီထုတ်ပြန်နိုင်ရန် လိုအပ်ကြောင်း မြို့မိမြို့ဖတစ်ဦးက ဆိုသည်။

**စိုင်း(သီပေါ)**

◆ ◆ ◆

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်**
**ကုန်ကြမ်းစက္ကူများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်း စက္ကူများကို အောက်ပါအတိုင်း ပြည်တွင်း(ကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) Woodfree Paper (70gsm) Reel

| | | |
|---|---|---|
| (၁) | 28¼" | 1700MT |
| (၂) | 40" | 300MT |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၃-၉-၂၀၁၅ရက်မှ ၃၀-၉-၂၀၁၅ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေ ရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၉-၂၀၁၅ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြား ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက် ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများဝယ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**

၂၀၁၅ ခုနှစ် သီတင်းကျွတ်ဘုရားဖူး ဈေးဝယ်ခရီးစဉ်
**ထားဝယ် နယ်စပ် – ထီးခီး (ကန်ချနာပူရီ)**
၂၃ – ၁၀ – ၂၀၁၅ မှ ၂၉ – ၁၀ – ၂၀၁၅ အထိ
**သုခစိန်စာငဝ** 01 253079 / 09 51 55654 / 09 30184137

ဦးရဲမင်းပိုင်(သချာ)
၁၀တန်းဘာသာစုံ
စည့်သူများအတွက်
နှစ်ဆတိုးသင်ပေးနေသည်
မေးခွန်းဟောင်းများနှင့်
လေ့ကျင့်ပေးသည်။ "ဖွင့်ပြီ"
ဂ လပြည့်စိုင်း
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်။၀၉၇၃၁၆၁၁၄၀

လစာကောင်းကောင်းဖြင့် ယာဉ်မောင်း (၂) ဦးအလိုရှိသည်။
၁။ အသက် (၂၅) နှင့် (၃၅) နှစ်ကြား ဖြစ်ရမည်။
၂။ နယ်ကားမောင်းရန် ကာလ ကြာရှည်စွာ မောင်းနိုင်သူ ဦးစားပေးမည်။
၃။ အတွေ့အကြုံ (၃)နှစ် နှင့် အထက် ရှိရမည်။
၄။ ရန်ကုန်မြို့အတွင်း လမ်းကြောင်း ကျွမ်းကျင်စွာ မောင်းနိုင်သူဖြစ်ရမည်။
သက်ဆိုင်ရာ စာရွက်စာတမ်းများဖြစ်သော ရဲစခန်းထောက်ခံစာ ၊ ရပ်ကွက်ထောက်ခံစာ၊ မှတ်ပုံတင် ၊ သန်းခေါင်စာရင်း ၊ လိုင်စင် မိတ္တူ များ ယူဆောင်လာပြီး တစ်ပတ် အတွင်း အောက်ပါ လိပ်စာအတိုင်းလာရောက် လျှောက်ထားနိုင်သည်။
New Motion Travels & Tours
အမှတ် (၁၆)၊ [illegible] ဖုန်း- [illegible]

ကျန်းမာရေးဆောင်းပါး

ဒေါက်တာကံညွန့်




# ဆေးပညာ သတင်းဆန်းများ ၁၁၂

သွေးလွန်တုပ်ကွေး ရန်ကို ကြောက်နေကြရတဲ့ မိခင်တွေအတွက် ဝမ်းသာစရာသတင်း တစ်ပုဒ်ကို ပထမဦးဆုံး တင်ပြချင်ပါတယ်။ ဘရာဇီးနိုင်ငံကျန်းမာရေးဝန်ကြီးက သူတို့နိုင်ငံဟာ ၂၀၁၈ခုနှစ်မှာသွေးလွန်တုပ်ကွေးကာကွယ်ဆေးကို ထုတ်လုပ်နိုင်လိမ့်မယ်လို့ ကြေညာလိုက်ပါပြီ။ ဒီဆေးကို ယခုအောင်မြင်စွာ တွေ့ရှိထားပြီဖြစ်ပြီး ကနဦးစမ်းသပ်မှုမှာလည်း အောင်မြင်ပြီဖြစ်တယ်လို့ ဆိုပါတယ်။ ဒီဆေးကို ဆော်ပေါ်လိုမြို့နှင့် ရီယိုဒီဂျနေးရိုးမြို့မှ Fiocruz Institute က ဆေးပညာရှင်တွေက စမ်းသပ်ဖော်ထုတ်နိုင်ခဲ့တာလို့ ဆိုပါတယ်။ ဒီဆေးကို ဘရာဇီးနိုင်ငံရဲ့ ဆေးဘက်ဆိုင်ရာ အမြင့်ဆုံးအဖွဲ့ဖြစ်တဲ့ National Technical Commission for Biosecurity အဖွဲ့ကြီးရဲ့ ခွင့်ပြုချက်ကိုလည်း ရထားပြီလို့ဆိုပါတယ်။ ဒီဆေးကို မထုတ်လုပ်ခင် အကြီးစားစမ်းသပ်မှုကို US Biomedical Research နှင့် National Institute of Health (NIH) တို့နှင့် ပူးတွဲပြုလုပ်ကြမှာပါ။ သွေးလွန်တုပ်ကွေးရောဂါဟာ တစ်နှစ်ထက်တစ်နှစ် ဖြစ်ပွားနှုန်း ပိုများလာပြီး ကမ္ဘာတစ်လွှား တစ်နှစ်မှာ လူသန်းပေါင်း ၃၉၀ ခန့် ဒီရောဂါခံစားနေကြရကာ ယခုအခါ ဒီရောဂါကြောင့် ကလေးငယ်ပေါင်း ၉၆ သန်းခန့် သေဆုံးခဲ့ပြီဆိုတာတင်ပြလိုက်ရပါတယ်။



နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ ပင်လယ်စာအစားကြမ်းသူတွေအတွက် ဆင်ခြင်ရမယ့် သတင်းတစ်ပုဒ်ပါ။ ဒီသတင်းကတော့ ကနေဒါနိုင်ငံ အိုတာဝါမြို့ Pubilc Health Agency of Canada က ကြေညာခဲ့တဲ့သတင်းပါ။ သူတို့နိုင်ငံမှာ လူ ၆၇ ဦးဟာ ပင်လယ်စာစားပြီး အော့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ မသက်မသာဖြစ်ခြင်းတို့ကြောင့် ဆေးရုံကိုရောက်ခဲ့တယ်။ ဒီလူတွေကို စမ်းသပ်ကြည့်လိုက်တဲ့အခါ Vibrio Parahaemolytica ခေါ်တဲ့ ရောဂါပိုးကြောင့်ဖြစ်ရတာ တွေ့ရတယ်လို့ဆိုပါတယ်။ ဒီလူတွေအားလုံးဟာ ရောဂါမဖြစ်ခင်က အခွံမာထဲမှာရှိတဲ့ ပင်လယ်စာ ခရုကောင်ကို မချက်ပြုတ်ဘဲ အစိမ်းသက်သက်စားခဲ့တယ်လို့ ဆိုပါတယ်။ Vibrio လို့ခေါ်တဲ့ Bacteria မျိုးဟာ ပင်လယ်ကမ်းခြေတွေမှာရှိတတ်ပြီး ပင်လယ်ရေ အပူရှိန်မြင့်တက်နေချိန်မှာ ပိုရှိနိုင်တယ်လို့ ဆိုပါတယ်။ ဒီလိုပင်လယ်စာကို မချက်ပြုတ်ဘဲ အစိမ်းသက်သက် စားတာဟာ တစ်ခါတစ်ရံ ဘာမှမဖြစ်တတ်ကြပေမယ့် ဒီလိုရောဂါပိုးရှိတတ်တဲ့အခါ အန္တရာယ်ရှိနိုင်တာကြောင့် ချက်ပြုတ်ပြီးမှသာ စားသင့်တယ်လို့ ဆိုပါတယ်။ အထူးသဖြင့် ကိုယ်ခံအားကျနေချိန်၊ ကလေးငယ်တွေ၊ ကိုယ် ဝန်ဆောင်မိခင်တွေနဲ့သက်ကြီးရွယ်အိုတွေဟာ လုံးဝအစိမ်းသက်သက် မစားသုံးသင့်ဘူးဆိုတာ တင်ပြလိုက်ရပါတယ်။

ရှာဖွေလေတွေ့ရှိလေ ဆိုတဲ့အတိုင်း ဆေးပညာရှင်တွေရဲ့ ကြိုးစားအားထုတ်မှုကြောင့် မထင်မှတ်တာတွေ တွေ့လာရပါတယ်။ ဦးနှောက်အပါအဝင် လူ့ခန္ဓာကိုယ်ထဲက Organs တွေမှာရှိတဲ့ Enzyme တစ်မျိုးကို Block လုပ်လိုက်တာနဲ့ ဦးနှောက်ရဲ့ မှတ်ဉာဏ်စွမ်းအင်၊ လိမ္မာပါးနပ်မှု ထူးထူးခြားခြားတိုးတက်လာပြီး စိုးရိမ်ကြောက်ရွံ့မှုမရှိသလောက် တွေ့ရတယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီတွေ့ရှိချက်ကိုတော့ ဗြိတိန်နှင့် ကနေဒါနိုင်ငံက ဆေးပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အဆိုအရ သူတို့ဟာ ဦးနှောက်ရောဂါတချို့မှာ အသုံးပြုနိုင်မယ့်ဆေးကို ဖော်ထုတ်နိုင်ဖို့ ရှာဖွေစမ်းသပ်ရင်း ယခုလိုတွေ့ရှိခဲ့တာလို့ ဆိုပါတယ်။ လူ့ခန္ဓာကိုယ်ထဲမှာ PDE4B လို့ အတိုကောက်ခေါ်တဲ့ Phosphodiesterase 4B Enzyme ကို မထွက်နိုင်အောင် Gene တစ်ခုကို နည်းတစ်မျိုးနှင့် ပြောင်းလဲလိုက်တဲ့အခါ ဓာတ်ခွဲခန်းက ကြွက်ကလေးတွေမှာ ဒီလိုအပြောင်းအလဲတွေ တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီလိုထူးဆန်းစွာတွေ့ရှိခဲ့ပုံကို အထောက်အထားများနဲ့ အတူ Neurospycho pharmacology ဂျာနယ်မှာ ဖော်ပြထားပါတယ်။ ဒီတွေ့ရှိမှုဟာ အသက်ကြီးတဲ့သူတွေမှာဖြစ်တဲ့ ဦးနှောက်ရောဂါတွေထဲက အမေ့လွန်ရောဂါ Alzheimer,Dimentia နှင့်အကြောက်လွန်ရောဂါဖြစ်တဲ့ Schizophrenia ရောဂါတွေကို ကုသဆေးဖော်ထုတ်နိုင်ဖို့ လမ်းစဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။





နောက်ထပ်ဖော်ပြလိုတဲ့ သတင်းကတော့ ကိုယ်ဝန်ဆောင်ချင်သူအမျိုးသမီးတွေအတွက် သတိထားစရာ သတင်းတစ်ပုဒ်ပါ။ ဒီသတင်းက တစ်ပတ်မှာ နာရီ ၄၀ ထက်ပိုပြီး အလုပ်ဆင်းရသူတွေနဲ့အလုပ်ထဲမှာ အလေးအပင်မပြီး အလုပ်လုပ်နေရတဲ့ အမျိုးသမီးတွေဟာ သာမန်အမျိုးသမီးတွေထက် ကိုယ်ဝန်ရဖို့ ပိုကြာနိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Harvaed တက္ကသိုလ် School of Public Health က သုတေသီတွေက ပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ အော်စတွန်မြို့တစ်ဝိုက်ကဆေးရုံတွေမှာ အလုပ်လုပ်နေကြတဲ့ သူနာပြု ၂၀၀၀နီးပါးကို ၂၀၁၀ခုနှစ်ကနေ ၂၀၁၄ခုနှစ်အတွင်း လေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့အဆိုအရ ပုံမှန်ဆိုရင် ဇနီးမောင်နှံနှစ်ဦး လက်ထပ်ပြီးရင် ၃ လမှ ၆ လ အတွင်း ကိုယ်ဝန်ရှိနိုင်ကြတာဖြစ်တယ်။ ဒါပေမယ့် အသက်ကြီးသူတွေနဲ့ အဝလွန်သူ၊ ဆေးလိပ်၊ အရက်နေ့စဉ်သောက်သူနှင့် ရောဂါတစ်ခုခုရှိသူတွေမှာ အနည်းငယ်ကြာတတ်တယ်။ အလုပ်တစ်ပတ်မှာ ၂၁ နာရီက နာရီ ၄၀ လုပ်သူတွေမှာ ပုံမှန်အတိုင်းဖြစ်ပြီး နာရီ ၄၀ ကျော်လုပ်သူတွေကတော့ ကိုယ်ဝန်ရဖို့ ၂၀ ရာခိုင်နှုန်းနောက်ကျနိုင်တယ်လို့ဆိုပါတယ်။ နောက်ပြီး သူတို့လေ့လာချက်အရ ၂၅ပေါင်ထက်ပိုလေးတဲ့ ပစ္စည်းတွေကို နေ့စဉ်မပြီး အလုပ်လုပ်နေကြသူတွေမှာ ၅၀ ရာခိုင်နှုန်းပိုကြာသွားနိုင်တယ်လို့ ဆိုပါတယ်။ နောက်ပြီး ကိုယ်ဝန်ရလိုသူတွေဟာ တစ်ပတ်မှာ အနည်းဆုံး နှစ်ကြိမ်အတူတူနေသင့်ပြီး ကိုယ်အလေးချိန်ပုံမှန်ဖြစ်အောင်နေခြင်း၊ ဆေးလိပ်၊ အရက် နေ့စဉ်သောက်သုံးခြင်းမှ ရှောင်ခြင်းတို့ ပြုလုပ်သင့်ကြောင်းဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။



တချို့လူငယ်တွေမှာဖြစ်တဲ့ သွေးကင်ဆာ၊ အရိုးကင်ဆာ၊ ဦးနှောက်ကင်ဆာ စတဲ့ကင်ဆာတွေနဲ့တခြားရောဂါတချို့မှာ ကိုယ်လက်အင်္ဂါကိုက်ခဲနာကျင်မှုကို မခံမရပ်နိုင်အောင် ခံစားရတတ်ပါတယ်။ ဒီလိုခံစားရတဲ့အခါ သာမန်အကိုက်အခဲပျောက်ဆေးတွေနဲ့ သက်သာအောင်မစွမ်းတဲ့အခါ နောက်ဆုံးအနေနဲ့ အသုံးပြုဖို့ Opium ခေါ်ဘိန်းဓာတ် အနည်းငယ်ပါတဲ့ အကိုက်အခဲသက်သာတဲ့ ဆေးတစ်ခုကို လူငယ်တွေမှာ အသုံးပြုဖို့ အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးက ခွင့်ပြုလိုက်ပါပြီ။ ဒီဆေးနာမည်ကတော့ Oxycontin ခေါ်တဲ့ဆေးဖြစ်ပါတယ်။ ဒီဆေးမှာ oxycodone 20 milligram ပါရှိပြီး ဒါဟာလူငယ်တစ်ယောက်အတွက် ဆေးစွဲမှုပြဿနာမရှိအောင် အနည်းဆုံးထည့်ထားတဲ့ အချိန်အဆဖြစ်တယ်လို့ဆိုပါတယ်။ ဒီဆေးသုံးစွဲသူတွေကိုလည်း ဆရာဝန်တွေက အထူးကြပ်မတ်ပြီး တကယ်လိုအပ်မှသာ ပေးဖို့ကိုလည်း ညွှန်ကြားထားပါတယ်။ ယခင်ကတော့ အများအားဖြင့် ကိုယ်ခန္ဓာမှာကပ်ပြီး အသုံးပြုတဲ့ Duragesic Patch တွေကို အသုံးပြုခဲ့ကြပြီး ဒီ Patch မှာပါတဲ့ Fentanyl ခေါ်တဲ့ဓာတ်ဟာ ကိုယ်ခန္ဓာထဲကို အရေပြားကတစ်ဆင့် စိမ့်ဝင်ပြီး အနာသက်သာစေခဲ့တာပါ။ ဒီဆေးကိုတော့ Opium ဆေးမသုံးခင် ကြာကြာခံပြီး အစွမ်းထက်တဲ့ Painkiller အနေနဲ့ ကလေးတွေမှာ သုံးခဲ့ကြတာဖြစ်ပါတယ်။ FDA အဖွဲ့ကြီးဟာ ဒီလို Opium ပါတဲ့ အနာသက်သာတဲ့ဆေးတွေ အသက်အရွယ် ကြီးရင့်သူတွေမှာ ခွင့်ပြုထားခဲ့တာ ကြာပြီဖြစ်ပေမယ့် လူငယ်တွေကိုတော့ ဆေးစွဲနိုင်မှုပြဿနာကြောင့် တားဆီးထားခဲ့ရာက ယခုတော့ ခွင့်ပြုလိုက်ခဲ့ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

ဩဂုတ် ၁၉ ရက်ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက လူသားချင်းစာနာရမယ့်နေ့ (World Humanitarian Day) လို့ သတ်မှတ်ထားပါတယ်။ ဒီနေ့မှာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေညာချက်မှာ ကမ္ဘာမှာ ယခုအခါ လူသားချင်းစာနာမှုအထောက်အကူ လိုအပ်နေတဲ့ လူပေါင်းသန်း ၂၀၀ ကျော်ရှိနေတယ်လို့ ဆိုပါတယ်။ ဒါဟာ ဒုတိယကမ္ဘာစစ်ပြီးဆုံးတဲ့ ၁၉၄၅ ခုနှစ်ကစပြီး အများဆုံးအရေအတွက်လို့ဆိုပါတယ်။ ဒီလူတွေဟာ သဘာဝဘေးအန္တရာယ်ကြောင့် လည်းကောင်း၊ လူသားတွေအချင်းချင်းဖြစ်ရတဲ့ ပဋိပက္ခတွေကြောင့်လည်းကောင်း၊ ဒုက္ခအမျိုးမျိုးရောက်နေ ကြရသူတွေဖြစ်တယ်။ ယခုလောလောဆယ် ဆီးရီးယားနှင့် အီရတ်နိုင်ငံတွေမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကြောင့် မြေထဲပင်လယ်ကို ဖြတ်ပြီး ဥရောပနိုင်ငံတွေကို ထွက်ပြေးခဲ့ကြတဲ့ လှေစီးပြေးဒုက္ခသည်ဟာ သုံးသိန်းကျော် ရှိနေပြီဖြစ်ပါတယ်။ ဒီလိုထွက်ပြေးနေကြရတဲ့ ဒုက္ခသည်ထဲက Austria နိုင်ငံ အဝေးပြေးလမ်းမကြီးမှာ စွန့်ပစ်ခဲ့တဲ့ ဘတ်စ်ကားပေါ်မှာ လူသေအလောင်း ၇၁ လောင်းကို တွေ့ရပြီး လှေစီးပြေးဒုက္ခသည် ၂၅၀၀ ကျော်ဟာလည်း ရေနစ်သေဆုံးခဲ့ကြရပါတယ်။ ရေကြီးရေလျှံတာ၊ လေမုန်တိုင်းတိုက်ခတ်၊ ငလျင်လှုပ် စတဲ့သဘာဝဘေးဒဏ်ကြောင့် မြန်မာ၊ နီပေါ၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန် စတဲ့ နိုင်ငံတွေမှာလည်း ဒုက္ခရောက်နေကြရသူတွေ သန်းနှင့်ချီပြီးရှိနေကြပါတယ်။

ဒီလူတွေဟာ စားစရာ၊ နေစရာ မရှိကြဘဲ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဒုက္ခအဝဝကို ခံစားနေကြရပြီး လူသားချင်းစာနာမှု အထောက်အကူအထူးလိုအပ်နေသူတွေဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလူတွေအတွက် လက်ရှိအထောက်အကူပေးနေတဲ့ လူပုဂ္ဂိုလ်တစ်ဦးတည်းကို သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုချင်းကိုသော်လည်းကောင်း စေတနာအလျောက် အထောက်အကူပေးနေသူအားလုံးကို ချီးကျူးဂုဏ်ပြုကြကြောင်းကိုလည်း ဖော်ပြထားပါတယ်။ လူသားတိုင်းဟာလည်း ဒီလူတွေအတွက် ပြောင်းလဲမှုတစ်ခုခုကို စွမ်းဆောင်နိုင် သူတွေဖြစ်ပြီး လူတွေအားလုံး ဒီလိုဒုက္ခရောက်နေသူတွေအတွက် အနည်းဆုံးနေ့တစ်နေ့လောက် လူသားချင်း စာနာမှုဆောင်ရွက်ချက် (Share Humanity Campaign) ပြုလုပ်ပေးကြဖို့လည်း တိုက်တွန်းထားပါတယ်။ စားရေး၊ နေရေး၊ ဆင်းရဲဒုက္ခရောက်နေရသူ လူသားတိုင်းမှာ ကျန်းမာရေးပြဿနာဆိုတာ မလွဲမသွေရှိကြမှာဖြစ်တာကြောင့် ဆေးပညာလောကမှာ ရှိနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေအားလုံး လူသားချင်းစာနာမှု အထောက်အကူပေးရေးမှာ ပါဝင်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

## စကုမြို့တွင် မြို့တွင်းရေမြောင်းများဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီး

**စကု စက်တင်ဘာ ၂၃**

စကုမြို့တွင် မိုးရာသီမိုးရေများဝင်ရောက်ခြင်း၊ မန်းချောင်း ရေလျှံခြင်းများကြောင့် နှစ်စဉ် မြို့တွင်းအိမ်များအတွင်း ရေဝင်ရောက်ခြင်း၊လမ်းပေါ်တွင်ရေလျှံခြင်းများဖြစ်ပေါ်ခဲ့သဖြင့် မင်းဘူး(စကု)မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အဖွဲ့ရန်ပုံငွေကျပ် ၂၅၀၀၀၀၀ ဖြင့် စကုမြို့တွင်းလမ်းများတွင် အကျယ်သုံးပေ၊ အနက်သုံးပေခန့်ရှိသော ရေမြောင်းများ စုပေါင်းမြောင်းအရှည် ၆၄၈၀ ပေ တူးဖော်ဆောင်ရွက်ခြင်းကိုစက်တင်ဘာ ဒုတိယအပတ်က ပြီးစီးခဲ့ကြောင်း မင်းဘူး(စကု)မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုလမ်းအား ၂၀၁၅ ဇူလိုင် ၁၂ ရက်တွင်စတင် ဆောင်ရွက်ခဲ့ပြီး လမ်းပိုင်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်းသာပြီးစီးချိန်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လုပ်ငန်းရပ်နားထားခဲ့ရပြီး ကျန်ရှိလမ်းပိုင်း၂၅ ရာခိုင်နှုန်းအား ယခုနှစ် စက်တင်ဘာ ၂ ရက်မှစ၍ အဖွဲ့ပိုင် Backhoe ဖြင့်စတင်လုပ်ငန်းစတင် ဆောင်ရွက်ခဲ့သည်။

ယခုစကုမြို့တွင်း ဖောက်လုပ်ခဲ့သော ရေမြောင်းလမ်းများမှာ စကုမြို့ အမှတ်(၁)ရပ်ကွက်ရှိ မန်းချောင်းအထွက် ပင်မမြောင်းမြောင်းအရှည်ပေ ၅၀၀၊ အမှတ်(၂)ရပ်ကွက်ဘောလုံးကွင်းလမ်းမြောင်း အရှည်ပေ ၁၈၉၀၊ အမှတ်(၂)ရပ်ကွက်၊ ရွှေပန်းရုံလမ်းပင်မမြောင်းအရှည်ပေ ၁၇၀၀၊ အမှတ်(၂)ရပ်ကွက် မိုးကုတ်ရိပ်သာလမ်းမြောင်းအရှည်ပေ ၂၆၀၊အမှတ်(၂) ရပ်ကွက် ဈေးတောင်ဘက်လမ်းမြောင်းအရှည် ၆၀၀၊အမှတ်(၂) ရပ်ကွက် အောင်ချမ်းသာပင်မမြောင်းအရှည်ပေ ၁၃၀၀၊ အမှတ်(၃)ရပ်ကွက်၊ ရွှေတောင်လမ်းပင်မမြောင်းအရှည်ပေ ၂၃၀၊ စုစုပေါင်းမြောင်းအရှည်ပေ ၆၄၈၀ ဖောက်လုပ်ပေးခဲ့ ခြင်းဖြစ်ကြောင်းမင်းဘူး(စကု)မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူက ပြောသည်။

"စကုမြို့တွင်းရေထွက်ရေမြောင်းတွေကို ဖောက်လုပ်ပြီးဖြစ်လို့ မိုးရာသီမှာ ရေဝင်ရောက်တာ၊ မြို့တွင်း ရေဝပ်တာတွေကြောင့် သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်တွေဖြစ်ပွားနိုင်တာရယ်၊ ကျောင်းသား ကျောင်းသူတွေ၊ ရပ်ကွက်နေပြည်သူတွေသွားလာရာမှာ အဆင်မပြေမှုတွေဖြစ်ပွားခြင်းက ကင်းဝေးသွားမှာပါ"ဟု စကုမြို့ အမှတ်(၂)ရပ်ကွက် နေသူတစ်ဦးက ပြောသည်။

**ကြေးမုံ**

## မြင်းလှည်းယာဉ်များ သုံးဘီးကယ်ရီဆိုင်ကယ်များနှင့် အပြိုင်ဖြစ်နေ၍ဝင်ငွေများကျဆင်းလာနေ



**မလှိုင် စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ပေါ်တွင် မောင်းနှင်ပြေးဆွဲလျက်ရှိသော မြင်းလှည်းယာဉ်များသည် ဆိုင်ကယ်ကယ်ရီသမားများ၊ သုံးဘီးဆိုင်ကယ်များနှင့် အပြိုင်ပြေးဆွဲနေရသဖြင့် အဆင်မပြေ ဝင်ငွေနည်းပါးလျက်ရှိကြောင်း သိရသည်။

မလှိုင်မြို့ပေါ်တွင် မြို့မဂိတ်၊ မြင်းခြံဂိတ်၊ ပန်းအိုင်ဂိတ်၊ ဈေးဂိတ် ၊ ကံကြီးဂိတ်ဟူ၍ မြင်းလှည်းယာဉ်ဂိတ်ငါးခုရှိပြီး လက်ရှိတွင် မြင်းလှည်းအစီးပေါင်း ၇၀ ကျော် ပြေးဆွဲနေကာ စီးနင်းသူများမှာ သုံးဘီးကယ်ရီဆိုင်ကယ်များကြောင့် မြင်းလှည်းငှားရမ်းမှုနည်းလာကြောင်း သိရသည်။

"မလှိုင်ဈေးကြီးနေ့ တစ်ရက်သာလျှင် (မြင်းစာဖိုး နှုတ်ပြီး) ကိုယ့်အတွက် ကျပ် ၆၀၀၀၊ ၇၀၀၀ ကျန်တယ်။ ကြားရက်တွေမှာ အဆင်မပြေပါဘူး။ ဝင်ငွေနည်းပါးနေပါတယ်။ မြင်းလှည်းမောင်းရတာ အရင်လို အဆင်မပြေပါဘူး။ ငါးရက်တစ်ဈေးခင်းတဲ့ ဈေးကြီးနေ့ တစ်ရက်ပဲ အားထားမောင်းနေရပါတယ်။

"ဆိုင်ကယ် ကယ်ရီသမားတွေ၊ သုံးဘီးဆိုင်ကယ်တွေနဲ့ အပြိုင်ပြေးဆွဲနေရတော့ ကြားရက်ဆို မြင်းစာဖိုးရအောင်ကို မနည်းကြိုးစားရှာနေရပါတယ်။ မြင်းစာက တစ်နေ့ကို ကျပ် ၂၅၀၀၊ ၃၀၀၀ ကုန်ပါတယ်။ ဒါအစာချော(ဂျုံဖွဲနု)ဖိုးရှိ ပါတယ်။ အစာကြမ်းဖြစ်တဲ့ ပြောင်းရိုးစင်းဖတ်ဖိုး မပါသေးပါဘူး။

"ခရီးသည်အများစုကလည်း ငွေကျပ် ၅၀၀၊ ၁၀၀၀ပေးရတာခြင်း အတူတူ မြန်တာစီးချင်ကြတာ။ ပစ္စည်းပါတဲ့သူ လောက်ပဲ မြင်းလှည်းယာဉ်ခေါ်စီးပါတယ်။ ဒီအလုပ်ကို အရင်ကတည်းက လုပ်လာတော့ မစွန့်လွှတ်ချင်တာရယ်၊ တခြား အလုပ်မလုပ်နိုင်တာရယ်ကြောင့် ဆက်လုပ်နေပါတယ်" မြင်းလှည်းမောင်းသူတစ်ဦးက ပြောပြသည်။

**အောင်ဌေး(မလှိုင်)**

## တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းလာသော ကြက်အူချောင်းများ မီးရှို့ဖျက်ဆီး

**မန္တလေး စက်တင်ဘာ ၂၃**



အကောက်ခွန်မဲ့ တရားမဝင်ကုန်ပစ္စည်းများနှင့် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော စားသောက်ကုန်များ ဝင်ရောက်မှုမရှိစေရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ မန္တလေးမြို့ဝင်ပေါက်များဖြစ်သော မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဂေါဝိန်ဆိပ်ကမ်း၊ မန္တလေးဘူတာကြီး၊ မန္တလေး-ပြင်ဦးလွင်လမ်း ၁၆ မိုင်စစ်ဆေးရေးဂိတ်၊ မန္တလေး-မိုးကုတ်လမ်း မတ္တရာလမ်းစုံစစ်ဆေးရေးဂိတ်တို့တွင် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ သတင်းမီဒီယာအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် တားဆီးစစ်ဆေးလျက်ရှိသည်။

မတ္တရာ MobileTeam အဖွဲ့သည် စက်တင်ဘာ ၁၉ ရက် နံနက် ၆ နာရီက ဗန်းမော်မှ မန္တလေးသို့ ထွက်ခွာလာသော ခရီးသည်တင်မှန်လုံယာဉ်များအား စစ်ဆေးရာခရီးသည် ထိုင်ခုံအောက်မှ တစ်ဖက်နိုင်ငံမှသယ်ဆောင်လာသော ကြက်အူချောင်း ၅၅ ဖာအား ပီနန်အိတ်များဖြင့်ထည့်လျက်ကျပ်၆၆၀၀၀၀ ခန့် သိမ်းဆည်းရမိခဲ့သည်။

FDAထောက်ခံချက်မပါ၊ ကျန်းမာရေးနှင့်ညီညွတ်မှုမရှိ၊ အများပြည်သူစားသုံးရန်မသင့်သဖြင့် စက်တင်ဘာ ၂၀ရက်ကMobile Teamအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သည်။

အလားတူ မတ္တရာ Mobile Team အဖွဲ့သည်စက်တင်ဘာ ၁၈ ရက် ည ၁၁ နာရီက မန္တလေးမှ မိုးကုတ်သို့ ထွက်ခွာလာသော Canter ခြောက်ဘီးကုန်တင်ယာဉ်အား စစ်ဆေးရာ တစ်ဖက်နိုင်ငံသို့ တင်ပို့မည့် နယ်ကျော်အမဲခြောက် ၅၀ ကျပ်သားပါ ၁၀ ထုပ်၊ အမဲခြောက်အဆီပါ တစ်ပိဿာထုပ် ၁၀ ထုပ် သိမ်းဆည်းရမိပြီး ၎င်းပစ္စည်းများအား မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ စက်တင်ဘာ ၁၉ ရက်တွင် လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ဒီးမော့ဆိုမြို့နယ်၌ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ကျင်းပ

**ဒီးမော့ဆို စက်တင်ဘာ ၂၃**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၆ နှစ်အောက် အလယ်တန်းဆင့်နှင့် အသက် ၁၀ နှစ်အောက် မူလတန်းဆင့် ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ဒီးမော့ဆိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဒေါင်ခါး) အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် အသက်(၁၆)နှစ်အောက် အလယ်တန်းဆင့်တွင် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ကိုးသင်းနှင့် အသက် ၁၀ နှစ်အောက် မူလတန်းဆင့်တွင် အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို ကျင်းပရခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဦးတည်ချက်ကို အထောက်အကူပြုနိုင်ရန်၊ မြို့နယ်လက်ရွေးစင် မျိုးဆက်သစ်ဘောလုံးသမားကောင်းများ ပေါ်ထွက်လာစေရန်၊ အားကစားပြိုင်ပွဲမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုရရှိပြီး ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်များရှင်သန်တိုးပွားလာစေရန်နှင့် ဘောလုံးကစားနည်း အခြေခံကောင်းများရရှိလာစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်သည်။

**မြို့နယ် (ပြန်/ဆက်)**

တူဒေးစာအုပ်တိုက်




သွက်လက်ထက်မြက်မှုရှိသော
ငွေရေးကြေးရေး စီမံအုပ်ချုပ်မှု

မြနှင်းဆီ (Mra Hninzi)

စီးပွားရေးလုပ်ငန်းအတွက် မတည်ငွေရှာဖွေခြင်း၊
ရင်းနှီးမြှုပ်နှံသူတို့နှင့် ဆက်ဆံရေးရှင်သန်စေခြင်း၊ ငွေစာရင်းပြုစုခြင်း၊
အစီရင်ခံခြင်း၊ အမျိုးအစားများပြားသော အစုရှယ်ယာဝင်တို့နှင့်
ထိရောက်စွာဆက်ဆံခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အနာဂတ်မျှော်မှန်းခြင်း၊
လုပ်ငန်းကုန်ကျစရိတ်များနှင့်ငွေလည်ပတ်မှုကို စီမံခန့်ခွဲခြင်း၊ လုပ်ငန်းစီမံကိန်းများကို
အောင်မြင်စွာချင့်ချိန်ဆုံးဖြတ်ခြင်းနှင့် ပိုင်ဆိုင်မှုများဝယ်ယူခြင်း
စသည့် လုပ်ငန်းတစ်ခုအနေဖြင့် နေ့စဉ်ကြုံမည့် ငွေရေးကြေးရေး
ကိစ္စရပ်များကို စီမံခန့်ခွဲသည့် နည်းစနစ်များကို
ကောင်းစွာလမ်းညွှန်ထားသည့်စာအုပ်...

တန်ဖိုး ၃,၀၀၀ကျပ်

အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

SEVEN ဝံ ဖာ
အုံ့ဆိပ်ကမ်း အရှေ့ပိုင်း
မတောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
SEVEN ဝံ နှင့်ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

**မြေကွက်ရောင်းမည်**

သန်လျင်၊ အေးသာယာရပ်ကွက်၊ နှင်းဆီ(၁၀)လမ်း၊ ပေ(၄၀×၆၀) ပါမစ်မြေ၊ ဂုတ်ကွက်၊ သိန်း(၃၅၀) ညှိနှိုင်း
ဖုန်း-၀၉-၅၁၉၀၄၅၀၊
၀၉-၈၆၃၀၈၇၇

**Volvo (290)**
**BLC** (used)
(2) စီးရောင်းရန်ရှိသည်။
Ph: 09-33261444,
09-781260134

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ဒေါ်နီလာခိုင်[၁၂/တမန(နိုင်)၀၄၈၆၄၄]၏သား မောင်ကောင်းဇေသူ[၁၂/တမန(နိုင်)၁၂၁၉၀၄]သည် မိခင်၏ပြောဆိုဆုံးမသည်ကို မလိုက်နာသည့်အတွက် ခွင့်မလွှတ်နိုင်သောအဆင့်သို့ ရောက်ရှိနေသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ မိခင်-ဒေါ်နီလာခိုင်

# အယ်ဒီတာထံ ပေးစာ

## လမ်းတစ်လမ်းလုံးပျက်စီးနေ

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ် (၂) ရပ်ကွက် (၅၇) လမ်းမှာ ပေါက်၊ ပြဲ၊ ရေတင်၊ ရွံ့ညွန်များ၊ အမှိုက်များ၊ ပလက်ဖောင်းနှင့် မြောင်းဖုံးများ ပျက်စီးယိုယွင်းနေပြီး ရဟန်းသံဃာများ၊ ကျောင်းသူ ကျောင်းသားကလေးသူငယ်များ သွားလာရာတွင် အလွန်အန္တရာယ်ရှိစွာ သွားလာနေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

## ကြက်သတ်လုပ်ငန်းအားသင့်လျော်ရာသို့ပြောင်းရွှေ့ပေးပါ

သန်လျင်မြို့နယ် အောင်ချမ်းသာ (၂) ရပ်ကွက် သီရိမင်္ဂလာလမ်းသွယ် အတွင်းရှိ အိမ်တစ်အိမ်တွင် စီးပွားဖြစ်ကြက်မွေးမြူခြင်း၊ ကြက်ရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်နေပါသည်။ ဘုန်းကြီးကျောင်းအနီး လူနေရပ်ကွက်အတွင်း နံနက် ၄ နာရီကျော်တွင် နေ့စဉ်နေ့တိုင်း ကြက်သတ်သည့် အသံ၊ ကြက်များ အော်သံကို စိတ်မချမ်းမြေ့ဖွယ် ကြားနေရပါသည်။

ကြက်မွေးများကိုလည်း ရေမြောင်းအတွင်း စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်တွင် အနံ့အသက်ဆိုးများအနီးအနား ရှိ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများ၊ ကလေးသူငယ်များ နေ့စဉ်ရှူရှိုက်နေရပါသည်။ သို့ပါ၍ အဆိုပါ ကြက်သတ်ရောင်းချသည့် လုပ်ငန်းအား သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**အများအကျိုးလိုလားသူ**

## ဘုန်းကြီးကျောင်းအနီးမှ အမှိုက်ပုံအားရှင်းလင်းပေးပါ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးတောင်ရပ်ကွက် ငါးထပ်ကြီးဘုရားလမ်းသွယ် ငါးထပ်ကြီး စာသင်တိုက် (ဝါဆိုကျောင်းတိုက်)အနီးတွင်ရှိသော အမှိုက်ပုံသည် ငါးထပ်ကြီးတောင်ရပ်ကွက်အတွင်းမှ အမှိုက်များကို လာရောက်စွန့်ပစ်နေပါသဖြင့် မြင်မကောင်းအောင်ဖြစ်နေပါသည်။ ကျောင်းအတွင်းမှ သံဃာတော်များနှင့် အနီးအနားတွင် နေထိုင်သူ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**အမြင်မတော်သူတစ်ဦး**

## စွန့်ပစ်ဆေးရည်အနံ့ဆိုးမခံနိုင် သင့်တော်သောနေရာသို့ပြောင်းရွှေ့ပေးပါ

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အေးသိဒ္ဓိလမ်း အမှတ်(၉၅၁)ရှိ ဆေးဆိုး ပန်းရိုက်လုပ်ငန်းနှင့်တံဆိပ်ရိုက်လုပ်ငန်းတို့မှ ထွက်ရှိလာသော စွန့်ပစ်ဆေးရည်များ မြောင်းအတွင်းသို့ သွန်ချသောကြောင့် အနံ့အသက်ဆိုးများထွက်ရှိပြီး ပတ်ဝန်းကျင်နေအိမ်များမှ အမြဲရှူရှိုက်နေရသောကြောင့် ကျန်းမာရေးကို များစွာထိခိုက်စေနိုင်ခြင်း၊ မီးအားအတက်အကျများဖြစ်ပေါ်ခြင်းများ နေ့စဉ်ရက်ဆက် ဖြစ်ပေါ်နေပါသဖြင့် အဆိုပါအလုပ်ရုံအား သင့်တော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**(ရပ်ကွက်နေပြည်သူများ)**

## လူနေရပ်ကွက်အတွင်းမှ နွားမွေးမြူရေးခြံ အမြန်ဆုံးဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက် အမှတ်(၁၀)သစ်စက်လမ်းမကြီးဘေးရှိ နွားခြံမှ အနံ့အသက်၊ ယင်ကောင်နှင့် အညစ်အကြေးများကို နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရပါသောကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်ခံစားနေရပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ ၎င်းနွားမွေးမြူရေးခြံအား အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**(အနံ့ဆိုးမရှူလိုသူ)**

## မှုခင်းရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၃**

အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက မှုခင်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင် ၁၅ ဦးတို့က နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ သွားရောက်သွေးလှူဒါန်းသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ မှုခင်းရဲတပ်ဖွဲ့မှ ဒုတိယမှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်မောင်အေး၊ စီမံရေးနှင့် အုပ်ချုပ်ရေးဌာနမှူး ရဲမှူးကြီးရဲမြင့်နှင့် အရာရှိကြီးများက ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အာဟာရပြည့် စားသောက်ဖွယ်ရာများ ကျွေးမွေးသည်။ **(တင်ထွန်းအောင်)**



## ဆားလင်းကြီးမြို့နယ်တွင် မိုးရာသီဘောလုံးပြိုင်ပွဲကျင်းပ

**ဆားလင်းကြီး စက်တင်ဘာ ၂၃**

စစ်ကိုင်းဒေသကြီး ယင်းမာပင်ခရိုင်ဆားလင်းကြီးမြို့နယ် အားကစားကွင်းတွင် မြို့နယ်အားကစားကော်မတီဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲကိုကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင်ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၂ အုပ်စုမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၃၀ က တစ်ပတ်လျှင် လေးသင်းနှုန်းဖြင့်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်းသိရသည်။ **အောင်သီဟ(ဆားလင်းကြီး)**

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် အမှတ်(၈၄)စက်မှုလယ်ယာစခန်းတွင် စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီက လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၅) ကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းစက်မှုလယ်ယာဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက အမှာစကား ပြောကြားရာတွင် လယ်ယာမြေများ၌ စတင်မြေပြုပြင်ထွန်ယက်စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်အထိ စက်ကိရိယာများဖြင့် အပြည့်အဝ ဆောင်ရွက်နိုင်ရန်အတွက် တောင်သူများ အနေဖြင့် လယ်ယာသုံးစက်ကိရိယာများအား ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်ပြင်ဆင်နိုင်ရန်အတွက် နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနမှ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးထွန်းထွန်းဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်း စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဦးစီးမှူးနှင့်တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

ယနေ့ဖွင့်လှစ်သော လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းတွင် ကျေးရွာများရှိ တောင်သူသားသမီးသင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၄ ရက်မှ ၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုရူပ(နေပြည်တော်)**

**စိတ်ဝင်စားသည့်လုပ်ငန်းရှင်များ ဆက်သွယ်ဆောင်ရွက်နိုင်ရန်ကြော်ငြာခြင်း**





ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်များအား သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ ရေပေါ်စားသောက်ဆိုင်လုပ်ငန်း အစရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငှားရမ်းပေးမည်ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)၊ သယ်ယူပို့ဆောင်ရေးဌာန၊ အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ် ၀၁-၃၈၀၇၆၁၊ ၀၁-၃၈၁၉၁၄ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**

**New Super Industrial Ltd**

အမှတ်(၃၈) ၃လွှာ၊ အခန်း၃၀၂၊ မိုးကောင်းလမ်း၊ ကျောက်ကုန်းမီးပွိုင့်အနီး၊ ရန်ကင်းမြို့။

01-564733 /01-851160/ 09450000940~960

**ဝန်ထမ်းအလိုရှိသည်။**

**Graphic Designer** ကျား(၁) ဦး

Photoshop, Coreldraw, Illustrator,

ကျွမ်းကျင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form ၊ ဓာတ်ပုံ(၂)ပုံ၊ ရဲစခန်း ထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ လေဘာမိတ္တူ တို့ဖြင့် ကြေညာ ပါသည့်နေ့မှစ၍ တစ်ပတ်အတွင်းလာရောက် လျှောက်ထားနိုင်သည်။

**ကြေးမုံသတင်းစာ၏ ၁၉-၉-၂၀၁၅ရက်စွဲ စာမျက်နှာ(၂၈)တွင် ဦးစိုင်းအောင်ပု၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မာဌေး၏ ကြေညာချက်အား ပြန်လည်အသိပေးအကြောင်းပြန်ကြားချက်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ၁၂လမ်း၊ အမှတ်-၉၇/၉၉၊ အဆောက်အအုံ၏ အမှတ်(၉၉)ဘယ်အခြမ်း၊ စတုတ္ထထပ်(၅)လွှာ၊ တိုက်ခန်းကို ဦးစိုင်းအောင်ပု သည် ကန်ထရိုက်တာဦးကျော်ဝင်း(wynn construction)ထံမှ အဆောက်အအုံပိုင်ရှင်များ လုံးဝမသိဘဲ ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ အဆောက်အအုံအား ပြီးစီးအောင်မဆောက်ဘဲ ကန်ထရိုက်တာ ဦးကျော်ဝင်း ထွက်ပြေးသွားပါသဖြင့် အဆောက်အအုံပိုင်ရှင်များသည် ၁၁-၂-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ၊ ကြေညာစာမျက်နှာ(ခ)တွင် ကန်ထရိုက်တာ ဦးကျော်ဝင်းနှင့် အများသိစေရန် ကြေညာချက် ထည့်သွင်းခဲ့ပြီးဖြစ်ပါသည်။

ဦးစိုင်းအောင်ပု၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မာဌေး(စဉ်-၂၈၀၅)မှ အဆောက်အအုံပိုင်ရှင်များအား တိုက်လှေကားသော့တစ်စုံကို (၅)ရက်အတွင်း ဦးစိုင်းအောင်ပုအား ပေးအပ်ရန် တောင်းဆိုခဲ့ခြင်းကို လက်မခံနိုင်ပါ။ တိုက်လှေကားသော့ခေတ်သည့်ကိစ္စနှင့်ပတ်သက်၍ လမ်းမတော်မြို့နယ်၊ တရားရုံးတွင် ဦးစိုင်းအောင်ပုသည် ပြစ်မှုကြီးအမှတ်-၇၀/၂၀၁၃ဖြင့် အဆောက်အအုံပိုင်ရှင်များအား တရားစွဲဆိုခဲ့ရာ စွပ်စွဲချက်မမှန်ကန်၍ တရားရုံးမှ ၂၃-၁၂-၂၀၁၃ရက်တွင် အမှုမှအပြီးအပြတ် လွှတ်ခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် ဦးစိုင်းအောင်ပုသည် အဆောက်အအုံပိုင်ရှင်များ၏ အကျိုးစီးပွားများ ဆုတ်ယုတ်စေရန် ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာဌာနများတွင် အမျိုးမျိုးတိုင်ကြားနေခြင်းကို ရပ်ဆိုင်းမှုမရှိပါက တရားဥပဒေနှင့်အညီ ပြန်လည်အရေးယူ ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အကြောင်းပြန်ကြားပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ငြိမ်းဌေး B.A (Law),LL.B၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁)**
**အမှတ်-၆၁/၆၃၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၉၂၃၉၄၊ ၀၉-၅၁၆၈၈၉၅**

**ဝုလဲ** (နည်းပညာသင်တန်းကျောင်း)
မှ ဖွင့်လှစ်သော
**ကျောင်းဆရာ / မရာထူးဖြင့်**
လုပ်ကိုင်လိုသူများအတွက်
အသိအမှတ်ပြုလက်မှတ်ရလုပ်ငန်းခွင်အသုံးချသင်တန်း
**အမှတ်စဉ် (၆)**
**ကျောင်းအပ်လက်ခံနေပါသည်။**
အမှတ်(၂၁၊ ၂၃)၊ ABC စတိုးအပေါ်ထပ် ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်။
Ph: 09 43057605 , 09 784805259
09 420040902 , 09 420040903

**မြေကွက်များ ဝယ်လိုသည်**

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။


**ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊ ၀၉-၂၆၀၆၆၄၄၉၀**

**ဝန်ထမ်းအလိုရှိသည်**

အလှကုန်နှင့်လူသုံးကုန်ပစ္စည်းများဖြန့်ချိရန်အတွက်

| | | |
|---|---|---|
| ၁။ | Sale and Marketing Executive | ကျား(၁)ဦး၊ မ(၁)ဦး |
| ၂။ | Sale Supervisor | ကျား(၂)ဦး၊ မ(၁)ဦး |
| ၃။ | Sale and Marketing | ကျား(၅)ဦး၊ မ(၃)ဦး |
| ၄။ | Sale Staff | ကျား(၅)ဦး၊ မ(၅)ဦး |
| ၅။ | Office Staff | မ(၂)ဦး |
| ၆။ | Delivery Staff | ကျား(၂)ဦး |

စာရွက်စာတမ်းမိတ္တူ (မူရင်းနှင့်တကွဖော်ပြပါလိပ်စာတွင်ပိတ်ရက်မရှိလာရောက်လျှောက်ထားနိုင်သည်။
အမှတ်-၂၈/၃၀(ပထမထပ်)၊ သစ္စာလမ်း၊ တောင်ဥက္ကလာပကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း:- 09-786333404, 09-792447009, 09-252003707, 09-759305858



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

"(ဆောင်းဦးညရုံ-နှင်းမှုန်ဖွေးလို့၊ ပျံ့မွှေးကာ သဇင်နံ့ကြွယ်၊ လေနွဲ့ပြန်လောင်း-ပြာမောင်း၊ တကောင်းညလရောင်မှာကွယ်၊ မျှော်ကာငေး၊ ဖော်ဝေးတဲ့သူတွေမယ်. . )

အတိတ်ကို လှန်လို့. . . ပြန်လွမ်းရမည့်နယ်၊ ဘုန်းသက်လယ်. . . ပြုံးချိုနွဲ့ခဲ့တယ်၊ မိုးမြေသုဉ်းစေ. . အချစ်ဝေမမုန်းဘုတဲ့၊ ခုမျှားဖြင့်ရှောင် . . . လေရှူးသုတ်တဲ့တိမ်တောင်ပုံနှယ်. . . အိမ်မက်သာ ဖြစ်ပါစေကွယ်၊ ငွေနှင်းသက်တဲ့ မြက်ခင်းထက်ဝယ်၊ စက်မပျော်. . . တစ်ယောက်. . . တည်း. . . ရယ်"

ကျောင်းသားများ၏ တောင်းဆိုချက်အရ သက်ခိုင်သည် သီချင်းကိုနှစ်ကြိမ် ထပ်ဆိုပြခဲ့ရ၏။

မိမိစားပွဲသို့ ပြန်ရောက်ချိန်၌ ပရိသတ်အားလုံး၏ မျက်လုံးများသည် မိမိဆီ၌သာ ရှိနေမှန်း သက်ခိုင် သတိပြုမိ၏။

မလေးနွယ်က သက်ခိုင်ကို ပြုံးလျက် ကြိုဆိုရင်း-

"မောင်က တကယ့်ကဗျာဆရာ. . သီချင်းရေးဆရာကြီးဖြစ်နေတာကိုး၊ မမနွယ် မောင့်ကို တကယ်ချီးမွမ်းတယ်၊ သိလားမောင်" ဟု ဆိုသည်။

မွန်က သက်ခိုင်ကို တစ်ချက်ကြည့်ပြီး အေးဝင်းဘက်လှည့်ကာပြော၏။

"ပိတောက်ကိုဖြင့် မချစ်ဝံ့ပြီရေးလို့ မွန်က ကိုဝင်းကိုသာ အလွမ်းသမားကြီး ထင်နေတာ၊ အခုတော့ ကိုသက်ခိုင်ကလည်းပဲ အလွမ်းသမားကြီးကိုး"

မွန်သည် မလေးနွယ်ဘက်လှည့်၍ ဆက်ဆိုသည်။

"မဟုတ်ဘူးလား နွယ်၊ နွယ့်မောင်က တကောင်းညလရောင်မှာ အိပ်လို့တောင် မပျော်ဘူးတဲ့၊ အစစ အိပ်မက်သာဖြစ်ပါစေတဲ့၊ နွယ် သူ့ကို မသနားဘူးလား"

ဖြေရန်ခက်သဖြင့် မလေးနွယ် နှုတ်မဟနိုင်။ သို့ရာတွင် အချိန်မီပင် မောင်ရှိန်နှင့် တင်မောင်စိုးတို့က ရောက်လာ၏။

မောင်ရှိန်က မလေးနွယ်ကို ရင်းနှီးစွာ နှုတ်ဆက်ပြီး မေး၏။

"မလေးနွယ်. . . သက်ခိုင် ညည အိပ်မပျော်တာ ဘာပြုလို့လဲ၊ သိလား"

မလေးနွယ်ကလည်း ရင်းနှီးခင်မင်စွာပင် ပြန်ပြုံးပြီး ဖြေ၏။

"မောင် အိပ်မပျော်တာက တစ္ဆေအခြောက်ခံရလို့ ဖြစ်မှာပေါ့၊ တယောစ္ဆေကြီးခြောက်လို့ ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား ကိုတင်မောင်စိုး"

တင်မောင်စိုးက မဖြေမီ ပါးစပ်ဖြဲ ရယ်ပြလိုက်၏။ အရယ်ရပ်ပြီးမှ ဖြေစရာစကား ရုတ်တရက် ရှာမတွေ့သဖြင့် ခေတ္တကြောင်နေ၏။ ပြီးမှ အဟီး. . . ဟုထပ်ရယ်လိုက်ကာ ဖြေ၏။

"ဟုတ်တယ်. . . တယောစ္ဆေလည်း အခြောက်ခံရတယ်ထင်တယ်၊ ပြီးတော့ အသည်းတစ္ဆေလည်း အခြောက်ခံနေရပုံနဲ့ တူတယ်၊ မဟုတ်ဘူးလားမွန်ရ"

မွန်က မျက်လုံးလေး ပြူးပြီး ဖြေ၏။

"မွန်က ဘယ်လိုလုပ်သိနိုင်ပါ့မလဲ ကိုတင်မောင်စိုးရ"

တင်မောင်စိုးသည် သူ့လက်ကို နှာခေါင်းဆီသို့ ပို့ပြီး တည်ကြည်စွာဆို၏။

"အင်းလေ. . . အဲဒါ ပြောပြနေတာပေါ့၊ မသိတဲ့လူချင်းမေးတော့ မဟုတ်တာဘဲ ဖြေမှာပေါ့၊ ပြီးတော့ . . အင်း . . အဲ. . ဟော့ကောင် မောင်ရှိန်၊ မင်းက မင်းနားရွက် ဘာလို့လိမ်နေရတာလဲ၊ အေးဗျာ. . ကျွန်တော်များ ကြွလိုက်ပါဦးမယ်၊ စိတ်တော့မရှိနဲ့နော်. . အဟီး. . "

သက်ခိုင်၊ မလေးနွယ်၊ အေးဝင်း၊ မွန်တို့သည် ရယ်မောကျန်ရစ်ကြ၏။

လက်ဖက်ရည်ပွဲ စသည်၊ အဆောင်၏ သဟာယနှင့် စာဖတ်အသင်း အမှုဆောင်များက ကြီးမှူး၍ အဆောင်အလုပ်သမားများနှင့်အတူ လက်ဖက်ရည်၊ ကော်ဖီခရားများ လိုက်ချပေး၏။ ကိတ်မုန့်မျိုးစုံ၊ စပျစ်သီး၊ ပန်းသီး၊ သစ်တော်သီးများက စားပွဲများထက်ရှိနှင့်ပြီး ဖြစ်၏။

အငြိမ့်စင်ထက်မှ ပဏာမတေးဂီတသံများ စတင်ထွက်ပေါ်လာ၏။

မွန်သည် ဖြူဖြူနုနု ချော၏။ မွန့်အလှကို ဖြူဖြူနုနု ချော၏ဟူ၍ ပြောရန်မှတစ်ပါး အခြားစကားမရှိ။ ပြုံးလိုက်လျှင် ပေါ်လာသော သွားတက်ကလေးများကိုသာ ထပ်မံဖြည့်စွက်ရမည် ထင်သည်။

အေးဝင်းသည် ပန်းသီးအနီးတစ်လုံးကို ယူကာ အခွံစခွာ၏။

သက်ခိုင်က ပန်းသီးအစိမ်းတစ်လုံးကို လှမ်းယူသည်။ သို့ရာတွင် ထိုပန်းသီးထက်၌ မလေးနွယ်၏လက်နှင့် ဆုံတွေ့သည်။ သက်ခိုင်က လက်ရုပ်လိုက်ရ၏။

မလေးနွယ်သည် ပန်းသီးကို ကိုယ်တိုင် အခွံခွာနေ၏။

အေးဝင်းက အခွံခွာပြီးသော ပန်းသီးကို လေးစိတ် စိတ်ကာ ပန်းကန်ပြား၌ ထည့်၏။ သူသည် ပန်းကန်ပြားကို မွန့်ထံ အရင်ပေး၏။ မွန်က တစ်စိတ်ယူစားသည်။ အေးဝင်းသည် ပန်းကန်ပြားကို မလေးနွယ်ထံ ကမ်းပေးသည်။

မလေးနွယ်က ခေါင်းလေး အသာခါသည်။

"ကိုအေးဝင်းတို့ပဲ စားကြပါ၊ နွယ့်ပန်းသီးလည်း ပြီးတော့မယ့်"

အေးဝင်းက ပန်းကန်ကို ရုပ်သိမ်းလိုက်၏။ သူသည် ပန်းသီးတစ်စိတ်ကိုလက်နှင့် ကိုင်ကာ မွန့်နှုတ်ခမ်းများဆီ ခွံမပေးရုံတစ်မည် ယုယုယယပေး၏။

မွန်၏ပါးတွင် ရှက်သွေးများ ရဲသွား၏။ မျက်လုံးပြာများကမူ သမုဒယရောင် လွင်လဲ့လဲ့နှင့် အေးဝင်းကို တစ်ချက်ကြည့်လိုက်ပြီး သစ်သီးစိတ်ကလေးကို ယူကာ စားသည်။

မလေးနွယ်က ပန်းသီးကို ထက်ပိုင်းခြမ်းလိုက်၏။ ထက်ပိုင်း အပိုင်းခံရသော ပန်းသီးနှစ်ခြမ်းသည် အသည်းလှသာပုံရှိနေ၏။

"အို. . "

သက်ခိုင်သည် ရေရွတ်မိရင်း ပန်းသီးခြမ်းများကို ကြည့်သည်။

မလေးနွယ်ကလည်း ပန်းသီးခြမ်းများကို စိုက်ကြည့်သည်။

ခဏ၌မူ မလေးနွယ်က ရယ်သည်။

"မောင်ရေ. . ဒီသစ်သီးကို မမနွယ်တို့ စားကြဦးမလား"

"ဟင့်အင်း မမနွယ်. . . မောင် မစားချင်ဘူး"

# ရေရှည်တည်တံ့သည့် တာဝန်သိရင်းနှီးမြှုပ်နှံမှုအားလုံးကို တံခါးဖွင့်ကြိုဆိုလျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်




သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် စီမံကိန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (ဓာတ်ပုံ - ရိုက်တာ)

**ရန်ကုန် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော် ရန်ကုန်မြို့နှင့် ကီလိုမီတာ ၂၀အကွာ အဝေးတွင်တည်ရှိသည့် သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့် စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်း ခရိုင် သီလဝါအထူးစီးပွားရေးဇုန်၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန် ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာတာရိုအာစို တို့တက်ရောက်၍ ဖွင့်လှစ်ပေးကြ သည်။

ဖွင့်ပွဲအခမ်းအနားသို့ပြည်ထောင်စု ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဂျပန် နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ယိုစုကီတာကာကီ နှင့်တာဝန်ရှိသူ များ၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ မြန်မာ-ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆိုင်ရာဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိဟိဂုချိနှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာ-ဂျပန် စီးပွားရေးလုပ်ငန်းရှင် များ၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့**

ယနေ့

# မာတိကာ

အခင်းအကျင်းသာစွဲကာလ ——— စာမျက်နှာ - ၂

ပုဂံရှေးဟောင်းဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာမည် ——— စာမျက်နှာ - ၅

# ကျွန်းစုမြို့နယ်အတွင်းရှိ ကျွန်းပေါ်တွင် ပင်လယ်ပြင် အပန်းဖြေခရီးသွားလုပ်ငန်း ဆောင်ရွက်ရန် စီစဉ်

**ကျွန်းစု စက်တင်ဘာ ၂၃**

ကျွန်းစုမြို့နယ်သည် ကျွန်းပေါင်းများစွာဖြင့် ဖွဲ့စည်းတည်ရှိသော မြို့တစ်မြို့ဖြစ်သည်နှင့်အညီ တချို့သောကျွန်းများတွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော ကမ်းခြေများ၊ တောင်တန်းအလှများ၊ ရေတံခွန်များ၊ ပင်လယ်ပြင်ရှုခင်းအလှများသည် နိုင်ငံခြားသားများ၊ ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားသောဒေသဖြစ်သည်။

ယခုအခါ MYANMAR FORESIGHT GROUP (MFG) ကုမ္ပဏီနှင့် မြိတ်ကျွန်းစုဒေသခံလုပ်ငန်းရှင်များ ပူးပေါင်းကာ (MARCUS GROUP ISLANDS) လေးကျွန်းပေါ်တွင် လေးကျွန်းဟိုတယ် နှင့် ပင်လယ်ပြင်အပန်းဖြေခရီးသွားလုပ်ငန်းကို နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့**






themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ
Mirror
၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
စက်တင်ဘာ ၂၄၊ ၂၀၁၅
စာမျက်နှာ-၁

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မောင်တောမြို့တွင် ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်း

**မောင်တော စက်တင်ဘာ ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်မောင်ကြည်သည် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် မောင်တောမြို့ သီရိမင်္ဂလာမြို့တော်ခန်းမ၌ ရွေးကောက်ပွဲဆိုင်ရာများ ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်စာရင်းများ ဆောင်ရွက်ထားရှိမှု၊ ကြိုတင်မဲကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မောင်တောခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မောင်တောမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြန်လည်ရှင်းလင်းပြောကြားပြီး မောင်တောမြို့နယ်အတွင်း ဒုတိယအကြိမ် အခြေခံမဲစာရင်းများကြေညာထားရှိမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## မြိတ်မြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲရုံတည်နေရာများကို ကွင်းဆင်းကြည့်ရှု

**မြိတ် စက်တင်ဘာ ၂၃**

မြိတ်မြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲအား လွတ်လပ်မျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာဖြင့် ကျင်းပနိုင်ရေးအတွက် မဲရုံတည်နေရာများကို မြိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲက ပင်းအိုကျေးရွာအုပ်စု၊ သဘွတ်ကျေးရွာအုပ်စု၊ ကျောက်ဖျာကျေးရွာအုပ်စုသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ကျေးရွာများ၌ ကျေးရွာရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဝင်များနှင့်တွေ့ဆုံပြီး ရွေးကောက်ပွဲနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ၊ မဲဆန္ဒရှင်များ လွတ်လပ်စွာမဲပေးနိုင်ရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပြီး မဲရုံတည်နေရာများအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ပင်းအိုကျေးရွာတွင် မဲရုံ သုံးရုံရှိပြီး လက်ရှိကြေညာထားသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေမှာ အမျိုးသား ၈၅၃ ဦးနှင့် အမျိုးသမီး ၉၅၂ ဦး၊ သဘွတ်ကျေးရွာတွင် မဲရုံ လေးရုံရှိပြီး လက်ရှိကြေညာထားသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေမှာ အမျိုးသား ၁၄၆၆ ဦးနှင့် အမျိုးသမီး ၁၅၆၂ ဦး၊ ကျောက်ဖျာကျေးရွာတွင် မဲရုံ ခြောက်ရုံရှိပြီး လက်ရှိကြေညာထားသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေမှာ အမျိုးသား ၁၉၇၈ ဦးနှင့် အမျိုးသမီး ၁၉၆၆ ဦးရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**သီပေါ စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၂၁ ရက်က အဖွဲ့ခွဲရုံး၌ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမိုးထွေးဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ ပြည်နယ်/ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဝင်စာများအပေါ် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံစာရေး၊ မဲရုံအဖွဲ့ဝင်များ သိရှိဆောင်ရွက်ရမည့် လုပ်ငန်း၊ သင်တန်းဖွင့်လှစ်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။



ရှမ်းပြည်နယ် (မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ကို EU မှ DE Colin Sleinbach နှင့် အဖွဲ့ကလည်း အောက်တိုဘာလအတွင်း လာရောက်တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

□□□

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်မှစ၍တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကြေညာထားသည်။
မဲဆန္ဒရှင်ပြည်သူများ သွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်မှားနေလျှင် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန်၊
သို့မှသာ မှန်ကန်သည့် မဲစာရင်းဖြစ်ပြီး မဲပေးနိုင်ကြမည်။
မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်ပြီး ဖြည့်စွက်/ပြင်ဆင်/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားကြရန်။

## မဲစာရင်းတွင် အမည်ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားခြင်းမရှိသူများအား အရာတော်မြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်ပေး

**မုံရွာ စက်တင်ဘာ ၂၃**

လာမည့် နိုဝင်ဘာလတွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းမှ မဲဆန္ဒပေးပိုင်ခွင့်ရှိသူများစာရင်းတွင် အမည်ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားခြင်း မရှိသူများအား မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးက စက်တင်ဘာ ၂၁ ရက်တွင် အရာတော်မြို့ အမှတ် (၂)ရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကွင်းဆင်းဆောင်ရွက်သည့်နေရာသို့ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်လာရောက်ကြည့်ရှု အားပေးခဲ့ပြီး ပြည်သူများအား နိုင်ငံသားဆိုင်ရာ ကိစ္စရပ်များနှင့် လူတိုင်းနိုင်ငံသား စိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးမှ အရာတော်မြို့နယ် ကျောက်ပျောက်ကျေးရွာအုပ်စုတွင်လည်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## အခြေခံမဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားမှုအား ကြည့်ရှုစစ်ဆေး

**ချောင်းဦး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ် ထုတ်ပြန်ကြေညာထားရှိရာ စက်တင်ဘာ ၂၁ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ ဦးဝင်းကြည်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ ဦးဝင်းကြည်၊ မုံရွာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းအေးနှင့် အဖွဲ့ဝင်များသည် ချောင်းဦးမြို့ ငါးယုန်ကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားရှိမှုနှင့် သတ်မှတ်ပုံစံများဖြင့် ပြင်ဆင်လျှောက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်နှင့် အဖွဲ့ဝင်များသည် ချောင်းဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံပြီး အခြေခံမဲဆန္ဒရှင်စာရင်းများအား သတ်မှတ်ပုံစံများဖြင့် ပြင်ဆင်လျှောက်ထားလာမှုများကို မှတ်တမ်းများထားရှိကြရန် မှာကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အတွင်းရေးမှူး ဦးစိုးမြင့်လှိုင်တို့က မြို့နယ်အတွင်း အခြေခံမဲဆန္ဒရှင်စာရင်းများ ကြေညာထားမှုနှင့် ကော်မရှင်လုပ်ငန်းများဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ရွေးကောက်ပွဲကျင်းပရန် ၄၅ ရက်သာ လိုတော့သည်။**

# အရှိုချင်းအမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

**အရှိုချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဆလိုင်းဟန်ကြည်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို  စက်တင်ဘာ ၂၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**



### လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-

ကျွန်တော်ကတော့ အရှိုချင်းအမျိုးသားပါတီ ဥက္ကဋ္ဌဆလိုင်းဟန်ကြည် ဖြစ်ပါတယ်။ အရှိုချင်းအမျိုးသားပါတီကို ၂၀၁၂ ခုနှစ် ဇွန်လ ၅ ရက်နေ့မှာ တရားဝင်ပါတီအဖြစ် ထူထောင်ခဲ့ပါတယ်။ ပါတီရဲ့ စည်းရုံးရေးနယ်မြေများ ဖြစ်ကြတဲ့ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၉ ခုမှာ မြို့နယ်ပါတီရုံးများ၊ ကျေးရွာပါတီရုံးများဖွင့်လှစ်ပြီး လှုပ်ရှားစည်းရုံးလျက်ရှိပါတယ်။

ကျွန်တော်တို့ပါတီဟာ ချင်းတိုင်းရင်းသားလူမျိုး အခြေပြုနိုင်ငံရေးပါတီ တစ်ခုဖြစ်လင့်ကစား မိမိတို့နေထိုင်ရာဒေသ၊ မိမိတို့ပါဝင်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်မြေများအတွင်းမှာရှိကြတဲ့ တိုင်းရင်းသားပြည်သူလူထုအားလုံး တို့ရဲ့ အကျိုးစီးပွားကိုဖော်ဆောင်ဖို့ ဦးတည်ချက်အခိုင်အမာထားရှိထားပါတယ်။

### ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရသည့် ရည်ရွယ်ချက်

(က) ချင်းတိုင်းရင်းသားလူမျိုးလွှတ်တော်မဲဆန္ဒနယ်များတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် ချင်းတိုင်းရင်းသားရေးရာဝန်ကြီးတာဝန်များကိုရယူကာ ချင်းလူမျိုးများ၏ လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန်။

(ခ) ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များတွင် မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားလုပ်သားပြည်သူအပေါင်းကို အလုပ်အကျွေး ပြုနိုင်သည့် ဥပဒေများပြဋ္ဌာန်းနိုင်ရန်။

(ဂ) ပြည်သူ့လွှတ်တော်နှင့်ပြည်ထောင်စုလွှတ်တော်တို့တွင် မိမိပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီပြီး တိုင်းရင်းသားလူနည်းစုများ၏ တန်းတူအခွင့်အရေးကို အာမခံသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်ရန်။

(ဃ) ပြည်သူ့လွှတ်တော်နှင့်ပြည်ထောင်စုလွှတ်တော်တို့တွင် မိမိပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး နိုင်ငံတော်အာဏာ (၃)ရပ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာတို့ကို တော်တည့်မှန်ကန်နေအောင် အပြန်အလှန်ထိန်းကျောင်းပေးရန် တို့ဖြစ်ပါတယ်။

ဖော်ပြပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ဖို့ အရှိုချင်း အမျိုးသားပါတီဟာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ မကွေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် ယှဉ်ပြိုင်အရွေး ချယ်ခံမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်လောင်းတစ်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးနှင့် ချင်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းနှစ်ဦး၊ ရခိုင် ပြည်နယ်မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးနှင့် ချင်း တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတို့ ဖြစ်ပါတယ်။

### ပါတီမူဝါဒနှင့်လုပ်ငန်းစဉ်များ

အရှိုချင်းအမျိုးသားပါတီမှာ အခြေခံမူဝါဒ(၃)ရပ်ရှိပါတယ်။

(က) နိုင်ငံရေးတွင် ဒီမိုကရေစီစနစ်ဖော်ဆောင်ကျင့်သုံးရေး၊ (ခ) စီးပွားရေး တွင် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ကျင့်သုံးရေးနှင့်(ဂ) တိုင်းရင်းသား လူမျိုးတိုင်း တန်းတူအခွင့်အရေးရရှိသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည် ဆောက်ရေးတို့ဖြစ်ပါတယ်။

နိုင်ငံများအဖို့ ကျင့်သုံးရန်အကောင်းဆုံးသော နိုင်ငံရေးစနစ်ဟာ ဒီမိုကရေစီကျင့်စဉ်တရားများကို အခြေခံပြီး စီမံခန့်ခွဲအုပ်ချုပ်မှုပြုသောစနစ် ဖြစ်ပါတယ်။ ပြည်သူလူထုက ဒီမိုကရေစီကျင့်စဉ်တရားများနှင့်အညီ ရွေးကောက် တင်မြှောက်သော အစိုးရအဖွဲ့၊ ဥပဒေပြုပုဂ္ဂိုလ်များနှင့် တရားစီရင်ရေး ပုဂ္ဂိုလ် များက နိုင်ငံကိုစီမံအုပ်ချုပ်ပြီး တိုင်းရင်းသားလုပ်သားပြည်သူအပေါင်း၏ လွတ်လပ်မှုနှင့် တရားမျှတမှုကို အာမခံဖော်ဆောင်ပေးနိုင်မှသာ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းသည် ငြိမ်းချမ်းမှုနှင့် စိတ်ချမ်းမြေ့မှုများကို အမှန်တကယ် ခံစားနိုင်မယ်လို့ ယုံကြည်ပါတယ်။

အဲ့ဒီလိုယုံကြည်တာနဲ့အညီ အရှိုချင်းအမျိုးသားပါတီဟာ ပြည်သူလူထု များရဲ့ နိုင်ငံရေးဘဝ၊ စီးပွားရေးဘဝနှင့် လူမှုရေးဘဝ အခြေအနေများ အစဉ် တိုးတက်ကောင်းမွန်နေအောင် အားထုတ်ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပါ တယ်။

### (က) နိုင်ငံရေး

ယနေ့မြန်မာနိုင်ငံဟာ ပြည်သူလူထုကမဲပေးရွေးချယ်သော လွှတ်တော် (၃)ရပ်မှတစ်ဆင့် ဖွဲ့စည်းပေါ်ပေါက်လာတဲ့ အစိုးရအဖွဲ့အားဖြင့် စီမံအုပ်ချုပ်ပြီး ဒီမိုကရေစီနိုင်ငံအသွင်ဆောင်ယူထားတာကို တွေ့မြင်ရမှာဖြစ်သော်ငြားလည်း ဒီမိုကရေစီစံနှုန်းများနှင့်ပြည့်ဝတဲ့နိုင်ငံအဖြစ် တည်ဆောက်ဖို့ များစွာလိုအပ်နေ သေးတယ်လို့ အရှိုချင်းအမျိုးသားပါတီက ရှုမြင်ပါတယ်။ အဆိုပါလိုအပ်ချက်များ ပြည့်စုံလာအောင် ဖြည့်ဆည်းပေးရန် နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသား လုပ်သားပြည်သူအပေါင်းတို့က နိုင်ငံရေးအသိ၊ နိုင်ငံရေးရင့်ကျက်မှုတို့ဖြင့် ပူးပေါင်းလုပ်ဆောင်ကြရမယ်လို့ ယုံကြည်ထားပါတယ်။ အရှိုချင်းအမျိုးသား ပါတီဟာ ဒီယုံကြည်ချက်အပေါ် ခိုင်မာစွာရပ်တည်ပြီး လွှတ်တော်(၃)ရပ်မှာပါဝင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုပုံစံ တည်ဆောက်ခြင်းသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအကြား ညီညွတ်ရေး၊ ချစ်ကြည်ရေး နှင့် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးတို့အတွက် အဖြေဖြစ်ပါတယ်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား အပစ်အခတ်ရပ်စဲရေး စာချုပ်လက်မှတ်ရေးထိုးပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပကာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လိုအပ်သလိုပြင်ဆင်ရေးသည် လက်တွေ့အလုပ်ဖြစ်နိုင်တဲ့ နည်းလမ်းတစ်ခုဖြစ်တယ်လို့ ရှုမြင်သုံးသပ်ပါတယ်။

အရှိုချင်းအမျိုးသားပါတီအနေနဲ့ လွှတ်တော်(၃)ရပ်အတွင်း နိုင်ငံရေးပါတီ အသီးသီးက လွှတ်တော်ကိုယ်စားလှယ်များနဲ့ လက်တွဲ၍လည်းကောင်း၊ လွှတ်တော်ပြင်ပ၌ ကျင်းပပြုလုပ်ရန်ရှိတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှာ အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များနဲ့ လက်တွဲ၍လည်းကောင်း မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှုလုပ်ငန်းစဉ်မှာ တက်ကြွစွာပါဝင်သွားမှာ ဖြစ်ပါတယ်။

### (ခ) စီးပွားရေး

အရှိုချင်းအမျိုးသားပါတီရဲ့ စီးပွားရေးဆိုင်ရာအခြေခံမူဝါဒကတော့ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဖို့ဖြစ်တယ်။ ဈေးကွက်စီးပွားရေးစနစ်ဖြစ် ထွန်းတည်ရှိရေးကို ဦးတည်တဲ့ အခြေခံအဆောက်အအုံတွေ၊ ဥပဒေတွေကို နိုင်ငံတကာအတွေ့အကြုံများနဲ့ နမူနာကောင်းများအပေါ်အခြေခံပြီး တည် ဆောက်ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ နိုင်ငံသားအားလုံးမှာ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နိုင်တဲ့ အခွင့်အရေးတန်းတူရှိရမယ်လို့ အရှိုချင်းအမျိုးသားပါတီက ယုံကြည်ပါတယ်။ နိုင်ငံသားအားလုံးက စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ဖို့ လိုအပ်တဲ့မတည်ရင်းနှီးငွေကို ချေးယူသုံးစွဲနိုင်တဲ့ ဘဏ်စနစ်တည်ရှိအောင် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက် ပေးရမှာဖြစ်ပါတယ်။



မြန်မာနိုင်ငံမှာ ယနေ့အချိန် အခါတွင် အလုပ်အကိုင်အခွင့်အလမ်း များကို ဖန်တီးပေးနိုင်တဲ့ စီးပွားရေး လုပ်ငန်းအမျိုးအစားများ တည်ထောင် လုပ်ကိုင်နိုင်ရေးကို အားပေးရန် လိုအပ်ပါတယ်။ ပြည်ပလုပ်ငန်းရှင် တွေ လာရောက်ရင်းနှီးမြှုပ်နှံကာ စီးပွားရေးလုပ်ငန်းများ တည်ထောင် လုပ်ကိုင်နိုင်အောင် ဆွဲဆောင်နိုင်တဲ့ စီးပွားရေးဝန်းကျင်မျိုး ဖန်တီးပေးရမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ စီးပွားရေး လက်ဝါးကြီးအုပ်စိုးမှုမရှိအောင် ထိန်းကျောင်းပေးမယ့် ဥပဒေများ (Anti-trust Law) ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။

### (ဂ) ပညာရေး

မြန်မာနိုင်ငံပညာရေးစနစ် ခေတ်မီအဆင့်မြင့်ကောင်းမွန်နေရေးအတွက် ပညာရေးကဏ္ဍမှာ နိုင်ငံတော်ဘဏ္ဍာငွေပိုမိုသုံးစွဲဖို့ လိုအပ်တယ်လို့ ယုံကြည်ပါ တယ်။

မြန်မာနိုင်ငံသားများ အသက်မွေးဝမ်းကျောင်းပညာရပ်များကို အတန်း ပညာနဲ့ ဉာဏ်ရည်ဉာဏ်သွေးအလိုက် သင်ကြားနိုင်ဖို့ နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

### (ဃ) ကျန်းမာရေး

နိုင်ငံသားများကို ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍမှာ နိုင်ငံတော်ဘဏ္ဍာငွေ ပိုမိုသုံးစွဲရေးကို အရှိုချင်းအမျိုးသား ပါတီက လွှတ်တော်တွင် အဆိုပြုတင်ပြသွားမှာဖြစ်ပါတယ်။ ကျန်းမာရေး အာမခံစနစ် (Health Insurance Service) ကို ပီပြင်စွာတည်ထောင်ရန် အရှိုချင်းအမျိုးသားပါတီက ကြိုးပမ်းဆောင်ရွက်မှာဖြစ်ပါတယ်။ တစ်မျိုးသား လုံးဝင်ငွေနှင့် အခွန်အတုတ်များတိုးတက်များပြားစွာ ရရှိမှုအပေါ် မူတည်ပြီး အသက်(၇၀)နှင့်အထက် သက်ကြီးရွယ်အိုများအား အခမဲ့ဆေးဝါးကုသမှု ပေးသည့်စနစ်ကိုကျင့်သုံးရန် လွှတ်တော်တွင် အဆိုပြုတင်ပြသွားမှာဖြစ်ပါ တယ်။

### (င) လယ်ယာမြေအသုံးချမှု

တောင်သူလယ်သမားတွေ မြေပိုင်ဆိုင်ခွင့် ခိုင်မာမှုရရှိရေးအတွက် အစိုးရက အားပေးကူညီမှု၊ ကာကွယ်စောင့်ရှောက်မှု ပြုရမှာဖြစ်တယ်လို့ အရှိုချင်းအမျိုးသားပါတီက အလေးအနက်ယုံကြည်ပါတယ်။ နိုင်ငံတော် အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ပိုင်ခွင့်နဲ့ အသုံးပြုခွင့် ပေးနေမှုတွေအပေါ် ပြန်လည်စိစစ်သုံးသပ်ဖို့နဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူတွေက အမှန်တကယ်လုပ်ငန်းများ လုပ်ဆောင်ခြင်း ရှိ၊ မရှိကို ထိရောက်စွာ ကြပ်မတ်အရေးယူမှုများပြုလုပ်ဖို့ လွှတ်တော်တွင် အဆိုပြုတိုက်တွန်းသွားမှာဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြတဲ့ ကျေးလက်ဒေသနေ တောင်သူလယ်သမား များ မြေမဲ့ယာမဲ့ဘဝရောက်ရှိသွားခြင်းမျိုးမဖြစ်ရလေအောင် အရှိုချင်း အမျိုးသားပါတီက လွှတ်တော်တွင် တင်ပြဆွေးနွေးကာကွယ်သွားမှာဖြစ်ပါ တယ်။

### နိဂုံးချုပ်အနေနဲ့

အရှိုချင်းအမျိုးသားပါတီမှ လွှတ်တော်ကိုယ်စားလှယ်များဟာ မြန်မာ နိုင်ငံရဲ့ ပကတိအခြေအနေမှန်များကို ကောင်းစွာရှုမြင်သုံးသပ်ပြီး အချိန်အခါ အခြေအနေနဲ့ လိုက်လျောညီထွေတဲ့ မေးခွန်းတွေ၊ ဆွေးနွေးမှုတွေ၊ ထောက်ခံမှု တွေ၊ ကန့်ကွက်မှုတွေနဲ့ အဆိုတင်သွင်းမှုတွေကို ပါတီရဲ့ မူဝါဒတွေအပေါ် အခြေခံပြီး မေးမြန်းပြောဆိုလုပ်ဆောင်သွားမယ်ဆိုတာတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း လိုအင်ဆန္ဒများ ပြည့်ဝကြပါစေ

# ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များအား ဆင့်ပွားသင်တန်းပေးမည်

**အထက်မင်းလှ စက်တင်ဘာ ၂၃**

အောက်တိုဘာ ၃ရက်တွင် သရက်ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက သရက်မြို့တွင်ပို့ချမည့် မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ သင်တန်းတက်ရောက်ရေးနှင့် မြို့နယ်အတွင်း ဆင့်ပွားသင်တန်းပို့ချရေးအတွက် အထက် မင်းလှမြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် ယမန်နေ့မွန်းလွဲ ၁ နာရီက မြို့နယ်ကော်မရှင်ရုံး၌ အစည်းအဝေးကျင်းပသည်။

သရက်ခရိုင် ရွေးကောက်ပွဲကော်မရှင်က မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖိုးတုအပါအဝင် အဖွဲ့ဝင် ခြောက်ဦး၊ မြို့နယ်အတွင်းမှ ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲ ဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ဆင့်ပွားသင်တန်း ပို့ချခြင်း၊ လက်တွေ့သရုပ်ပြခြင်းတို့ကို အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်များတွင် မြို့နယ်ခန်းမ၌ ပြုလုပ်မည် ဖြစ်သည်။

မင်းလှမြို့နယ်တွင် မဲရုံပေါင်း ၁၂၀ရုံရှိပြီး ရွှေ့ပြောင်း လုပ်သားများ မပါသေးဘဲ လက်ရှိမဲစာရင်းအရ ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူပေါင်း ၉၂၂၅၆ ရှိကြောင်း သိရသည်။

**မောင်သိမ်မွေ့ (အထက်မင်းလှ)**

ကြေးမုံ Mirror
၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
စက်တင်ဘာ ၂၄၊ ၂၀၁၅


# ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းနော်ခေးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**



ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဟာ ရှမ်းပြည်နယ်နဲ့ ရှမ်းတိုင်းရင်းသားအားလုံးကို အခြေခံပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုပါတီတစ်ခုဖြစ်ပါတယ်။ စတင်တည်ထောင်ခဲ့တဲ့ ၁၉၈၈ ခုနှစ်ကစပြီး ယနေ့ထိတိုင် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး စတဲ့ တာဝန်များကို ကျရာကဏ္ဍကနေ မဆုတ်မနစ် မယိမ်းမယိုင် ကြံ့ကြံ့ခိုင် ရပ်တည်ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ သက်သေအထင်အရှားရှိပါတယ်။ ရှမ်းအမျိုးသားတို့ရဲ့ သမိုင်းမှာရင့်ကျက်၊ တည်ငြိမ်၊ ရိုးသားရဲရင့်သော နိုင်ငံရေးပါတီတစ်ခုအဖြစ်လည်း ရပ်တည်မြဲရပ်တည်လျက်ရှိပါတယ်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ ငြိမ်းချမ်းခြင်းတို့အတွက် မည်သူ့မျက်နှာကိုမျှမထောက်ထားဘဲ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား လျှောက်လှမ်းနေတဲ့ ပါတီတစ်ခုဖြစ်တာနဲ့အညီ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံတဲ့စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ပေါက်လာရေး ဟူသော သမိုင်းပေးတာဝန်တစ်ရပ်ကို မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ရင်း အနာဂတ်တွင်လည်း အားမာန်အပြည့်ဖြင့် ဆက်လက်ချီတက်မည့် ပါတီဖြစ်တယ်ဆိုတာကို ဦးစွာပဏာမ မိတ်ဆက်လိုပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်လျက်ရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး အင်္ဂလိပ်ကိုလိုနီလက်အောက်ကနေ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးရရှိခဲ့ပါတယ်။ ၎င်းလွတ်လပ်ရေးဟာ တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာ လက်တွဲပြီး နယ်ချဲ့ဖက်ဆစ်နဲ့ ကိုလိုနီစနစ်တို့ကို အတူတကွစုပေါင်းတွန်းလှန်ပြီး ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဗမာပြည်မခေါင်းဆောင်တွေနဲ့ တောင်တန်းဒေသခေါင်းဆောင်များဟာ လွတ်လပ်ရေးကို အတူတကွရယူကြမယ်၊ ပြည်ထောင်စုနိုင်ငံကြီးတစ်ခုထူထောင်ကြမယ်၊ ၎င်းပြည်ထောင်စုဟာ နိုင်ငံရေးအရ တန်းတူမှုရှိရမယ်၊ တိုင်းရင်းသားလူမျိုးတိုင်း ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ရှိရမယ်ဆိုတဲ့ ကတိကဝတ်ကို အခြေခံပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့မှာ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အဲဒီပင်လုံစာချုပ်ကနေ ပြည်ထောင်စုမြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့တာ အားလုံးအသိပါ။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပင်လုံမူ၊ ပင်လုံကတိကဝတ်နှင့် ပင်လုံသဘောတူညီချက်များအပေါ် အခြေခံပြီး မိမိရဲ့ နိုင်ငံရေးလမ်းစဉ်ကို ပြတ်ပြတ်သားသား ချီတက်လျက်ရှိပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကျော်ကာလမှာ ဒေသတွင်း နိုင်ငံများအကြားသာမက အာရှအဆင့်မှာပါ ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်ခဲ့ပါတယ်။ ထိုစဉ်အခါမှာ ရန်ကုန်တက္ကသိုလ်ဟာ အဆင့်အမြင့်ဆုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဟာ အကောင်းမွန်ဆုံး၊ မင်္ဂလာဒုံလေဆိပ်ဟာ အကြီးကျယ်ဆုံးဖြစ်ခဲ့သလို ရန်ကုန်မြို့တော်ဟာလည်း အသန့်ရှင်းဆုံးအဖြစ် ရပ်တည်ခဲ့ပါတယ်။

လက်ရှိမှာ ၂၀၁၄ ခုနှစ် ကိန်းဂဏန်းများအရ နိုင်ငံသားတစ်ဦးချင်းစီရဲ့ ဝင်ငွေဟာ တစ်နှစ်မှာ အမေရိကန်ဒေါ်လာ ၁၀၀၀ခန့်သာရှိပြီး နိုင်ငံ့လူဦးရေရဲ့ ၃၆ ဒသမ ၇ရာခိုင်နှုန်းဟာ ဆင်းရဲမွဲတေမှုမျဉ်းအောက်ရောက်ရှိနေပါတယ်။ ခေတ်နောက်ပြန်ဆွဲနေမှုနဲ့ ... ခေဉ်စွာခွဲဝေမှု မညီမျှတဲ့အတွက် ဆင်းရဲချမ်းသာကွာဟမှုပြဿနာဟာ အချိန်နဲ့အမျှ ကြီးမားကျယ်ပြန့်လျက်ရှိပါတယ်။ လက်တစ်ဆုပ်စာလူတန်းစားတစ်ရပ်ကထားစရာမရှိလောက်အောင် အလွန်အမင်း ချမ်းသာကြွယ်ဝနေချိန်မှာ အများစုသောပြည်သူလူထုဟာ အလွန်အမင်းဆင်းရဲတဲ့ဘဝမှာ ရောက်ရှိနေကြပါတယ်။ ထို့အတူ ပျမ်းမျှလူ့သက်တမ်းဟာလည်း ၆၃ဒသမ ၃၉နှစ်အထိ ကျဆင်းရောက်ရှိနေပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်မယ်ဆိုရင် တိုင်းရင်းသား ပြည်သူလူထုအများစုရဲ့ ဆန္ဒသဘောထားများနဲ့အညီ ဖော်ဆောင်နိုင်ခြင်းမရှိတဲ့အတွက် တိုင်းရင်းသားသွေးစည်းညီညွတ်မှုလျော့ရဲပြိုကွဲလာတဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း အကြိမ်ကြိမ် ပျက်စီးခဲ့ရပါတယ်။ တိုင်းပြည်ဟာ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံအဖြစ်သို့ ကျဆင်းခဲ့ပြီး ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနဲ့ လူနေမှုအဆင့်အတန်းများ နိမ့်ကျသထက် နိမ့်ကျလျက် ရှိနေပါတယ်။ ညံ့ဖျင်းတဲ့ ခေါင်းဆောင်မှုနဲ့ လူထုဆန္ဒနဲ့ တစ်ထပ်တည်းမကျတဲ့ အခြေခံဥပဒေတွေကြောင့် တိုင်းရင်းသားပြည်သူအများစုဟာ စစ်မှန်တဲ့ ပညာသင်ကြားရေးနဲ့လည်း အလှမ်းဝေး၊ ထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း မခံစားရ၊ စစ်ပွဲများရဲ့ဆိုးရွားတဲ့ ရိုက်ခတ်မှုဒဏ်ကိုလည်း နှစ်ပေါင်းများစွာ ကြုံဆုံနေခဲ့ရပါတယ်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ခံစားနေရတဲ့ ဆင်းရဲဒုက္ခများ၊ ပူပင်သောကများ လျော့ပါးချုပ်ငြိမ်းနိုင်ဖို့ ရင်ဆိုင်ဖြေရှင်းရေးဟာ ပြည်သူတွေနဲ့ တစ်သားတည်းဖြစ်တဲ့ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မဖြစ်မနေ သယ်ပိုးထမ်းဆောင်ရမယ့် သမိုင်းပေးတာဝန်ပဲလို့ ရှုမြင်ခံယူထားပါတယ်။ အဲဒီသမိုင်းပေးတာဝန်ကို ထမ်းဆောင်ဖို့အတွက် လွှတ်တော်အတွင်း ဝင်ရောက်ပြီး ကြိုးပမ်းဖြေရှင်းခြင်းဟာလည်း လက်ခံကျင့်သုံးသင့်တဲ့ နိုင်ငံရေးနည်းလမ်းတစ်ခုအဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်လက်ခံထားပါတယ်ခင်ဗျား။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

အလျဉ်းသင့်တုန်း ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နိုင်ငံရေးဆောင်ရွက်မှု သမိုင်းအကျဉ်းကို အနည်းငယ်တင်ပြလိုပါတယ်။ ကျားခေါင်းပါတီခေါ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ၁၉၈၈ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့မှာ တရားဝင်စတင်တည်ထောင်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ မြန်မာတစ်နိုင်ငံလုံး ရွေးကောက်ခံကိုယ်စားလှယ် ဒုတိယအများဆုံးရရှိခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာ စတင်ကျင်းပတဲ့ အမျိုးသားညီလာခံကြီးကို တက်ရောက်ခဲ့ပါတယ်။ ၎င်းအမျိုးသားညီလာခံကြီးဟာ တိုင်းရင်းသားလူမျိုးများအတူစုပေါင်းနေထိုင်တဲ့ စစ်မှန်တဲ့ ပြည်ထောင်စုကြီးတည်ဆောက်ရေးကို ဖော်ဆောင်ပေးနိုင်လိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ တက်ရောက်ခဲ့ပေမယ့် အထင်နဲ့ အမြင်လွဲခဲ့လို့ ၂၀၀၄ ခုနှစ်မှာ ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံကြီးကို ကျော်ခိုင်းခဲ့ရပါတယ်။ တစ်ဆက်တည်းမှာ ၂၀၀၈




ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပတဲ့ ၂၀၁၀ အထွေထွေရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုတဲ့အတွက် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တရားဝင်ရပ်တည်မှုကို စွန့်လွှတ်ခဲ့ရသလို ပါတီခေါင်းဆောင်ကြီးများဟာလည်း နှစ်ရှည်ထောင်ချမှတ်ခံခဲ့ရပါတယ်။ ၂၀၁၂ ခုနှစ်မှာ ခေါင်းဆောင်ကြီးများ ပြန်လည်လွတ်မြောက်လာပြီး ပါတီကို ပြန်လည်မှတ်ပုံတင်ခဲ့ပေမယ့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကိုတော့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ပါဘူး။ ပါတီတရားဝင်ရပ်တည်ခွင့် ပြန်လည်ရရှိတာနဲ့ တစ်ပြိုင်နက် တိုင်းပြည်အတွက် အရေးကြီးဆုံးဖြေရှင်းရမယ့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စကို အထောက်အကူပြုနိုင်ဖို့အတွက် ရှမ်းတိုင်းရင်းသားများ အချင်းချင်းကြား ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်းညီလာခံကို ရန်ကုန်မြို့တွင်လည်းကောင်း၊ တိုင်းရင်းသား အင်အားစုအချင်းချင်းကြား ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်းညီလာခံကို လားရှိုးမြို့နှင့် တောင်ကြီးမြို့တို့မှာ တစ်ကြိမ်စီ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်တွင်းတိုင်းရင်းသားနိုင်ငံရေးလှုပ်ရှားမှုတွင် ဦးဆောင်မှု အခန်းကဏ္ဍကနေပြီး စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ (UNA) ကိုဦးဆောင်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ UNA ဟာ တိုင်းရင်းသားပါတီများ၊ တိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီပါတီများ၊ ဒီမိုကရက်တစ်အင်အားစုများနှင့် လူမှုအခြေပြု အဖွဲ့အစည်းများကို ဖိတ်ခေါ်စုစည်းပြီး မျက်မှောက်ကြုံတွေ့နေရတဲ့ နိုင်ငံရေးပြဿနာများကို ဝိုင်းဝန်းအဖြေရှာနိုင်ဖို့အတွက် UNA နှင့် မိတ်ဖက်အဖွဲ့အစည်းများညီလာခံကို သုံးကြိမ်တိုင်တိုင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်တဲ့ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့ကို အာမခံတဲ့ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရန်အတွက် လွှတ်တော်တွင်း၊ လွှတ်တော်ပနည်းလမ်းနှစ်ရပ်လုံးနဲ့ ဟန်ချက်ညီစွာ ကြိုးပမ်းဆောင်ရွက်သွားမယ့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ကျားခေါင်းပါတီကို တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိ၏ အသည်းကြားမှ မဲတစ်ပြားကို ယုံကြည်စွာအပ်နှံဆန္ဒပြုကြပါရန် အလေးအမြတ်ပြု တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျား။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံနှင့် ရမည်းသင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ တွေ့ဆုံပွဲအခမ်းအနား ကျင်းပ

**ရမည်းသင်း စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ပြည်ထောင်စုရွေးကော်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးအောင်မြင့်ခေါင်းဆောင်သောအဖွဲ့နှင့် ရမည်းသင်းခရိုင်နှင့် မြို့နယ်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များတွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးတာဝန်ခံ ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် လွတ်လပ်စွာတရားမျှတပြီး ဥပဒေနှင့်အညီအောင်မြင်စွာ ဆောင်ရွက်ကြရန်၊ မဲစာရင်းများစနစ်တကျစိစစ်ဆောင်ရွက်ရန်၊ ကွန်ပျူတာစာရိုက်ရာလွဲမှားမှုများ ကြုံတွေ့ရသည့်အတွက် စစ်ဆေးရန်လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေအခန်း (၁၃)နှင့် (၁၄)ကို အဓိကအလေးထားဆောင်ရွက်ကြရန် မှာကြားသည်။ ရမည်းသင်းခရိုင်ကော်မရှင်အဖွဲ့ဝင်ဥက္ကဋ္ဌ ဦးစံတင့်က ကော်မရှင်လုပ်ငန်းများ စနစ်တကျဆောင်ရွက်ထားရှိမှုများ တင်ပြသည်။ ပျော်ဘွယ်မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးမြင့်က မဲစာရင်းများ မကျန်ရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ မွန်းလွဲ ၁ နာရီတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲက မဲရုံမှူး၊ ဒုမဲရုံမှူး နည်းပြသင်တန်းဖွင့်လှစ်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင် ၂၂ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ နှစ်ရက်ကြာပို့ချမည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

■



# ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ ဗဟိုကော်မတီအတွင်းရေးမှူး ဦးကိုကိုက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားအပ်ပါသော မြန်မာနိုင်ငံသူ နိုင်ငံသားမိတ်ဘပြည်သူများခင်ဗျား-**

ကောင်းကျိုးလိုရာဆန္ဒနဲ့ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်. . .။ ကျွန်တော်ကတော့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ(DNDP)မှ ဗဟိုကော်မတီအတွင်းရေးမှူး ဦးကိုကို ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံထုတ်လွှင့်မှုအစီအစဉ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားများ သိရှိနိုင်ရန် ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP)၏ မူဝါဒရှေ့လုပ်ငန်းစဉ်များကို တင်ပြသွားမှာဖြစ်ပါတယ်။ ပဏာမအနေနဲ့ ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (DNDP) အကြောင်းကို အကျဉ်းမျှ တင်ပြပါရစေ။

ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ(DNDP)ဟု အမည်ပြုထားသော်လည်း ရှေးပဝေသဏီခေတ်မှ ယနေ့မျက်မှောက်ခေတ်ကာလအထိ အတူနေတိုင်းရင်းသားများအားလုံးရဲ့ အကျိုးကို ကျောသားရင်သားမခွဲခြားဘဲ အေးအတူပူအမျှ တန်းတူညီမျှသောအကျိုးကို ဆောင်ကြဉ်းပေးလိုတဲ့အတွက် ဒီနာမည်ကို ရွေးချယ်ထားခြင်းဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှာလည်း ပအိုဝ်းလူမျိုးကိုယ်စားလှယ်၊ တောင်ရိုးလူမျိုးကိုယ်စားလှယ် စသည်ဖြင့် ပါဝင်နေပြီး ဒေသအကျိုးအတွက် ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ပါတယ်။

**လေးစားအပ်ပါသော မြန်မာနိုင်ငံသူ နိုင်ငံသား မိတ်ဘပြည်သူအပေါင်းနှင့် ဓနုတိုင်းရင်းသားအပေါင်းတို့ ခင်ဗျား-**

ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီကို ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအပြီး ၂၀၁၂ ခုနှစ် မေလမှာ စတင်တည်ထောင်ခဲ့ကြတာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၂ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့မှာ တရားဝင်ပါတီတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ မှတ်ပုံတင်အမှတ်က(၅၇) ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ အလံဟာ အနီရောင်ထောင့်မှန်စတုဂံပုံ အလယ်တည့်တည့်မှာ အဖြူရောင်အဝိုင်း တစ်ခုပါရှိပြီး အဖြူရောင်အဝိုင်းအတွင်းမှာ ဓနုအိုးစည်ပုံပါရှိပါတယ်။ ဓနုအိုးစည်ပုံပါတဲ့ အဖြူရောင်အဝိုင်းကို အရွယ်တူ ရွှေဝါရောင်ကြယ် ၁၄ လုံးက ဝန်းရံထားတဲ့ပုံဖြစ်ပါတယ်။ အဓိပ္ပာယ်ကိုရှင်းလင်းတင်ပြရရင် “ပြည်ထောင်စုထဲက ဓနုလူမျိုး”ဟူ၍ ရည်ညွှန်းလိုခြင်းဖြစ်ပါတယ်။ ပါတီရဲ့ အမှတ်တံဆိပ်ကတော့ အနီရောင်အောက်ခံရဲ့ ဘယ်ဘက်ထိပ်မှ ဓနုအိုးစည်ပုံပါ အဖြူရောင်အဝိုင်းပါရှိပြီး အဝိုင်းရဲ့နံဘေးဘက်နဲ့ အောက်ဘက်တွေမှာ ပါတီရဲ့အမည်ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ထင်ရှားစွာဖော်ပြထားပါတယ်။ ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီရဲ့ အောင်နိုင်ရေးဆောင်ပုဒ်ကတော့ အင်္ဂလိပ်ဘာသာအားဖြင့် “EQUALITY”၊ မြန်မာဘာသာဖြင့် “တန်းတူညီမျှဖြစ်စေမည်”ဖြစ်ပါတယ်။ ဓနုလူမျိုးရဲ့သမိုင်းကြောင်းကို တင်ပြရရင် အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွေမှာ နိုးကြားတက်ကြွစွာပါဝင်ခဲ့ကြပြီး မြန်မာ့လွတ်လပ်ရေးပန်းတိုင်တစ်ခုဖြစ်တဲ့ ပင်လုံစာချုပ်မှာ တိုင်းရင်းသားကိုယ်စားလှယ်အဖြစ် ဓနုလူမျိုး ဦးခွန်စောက ပါဝင်လက်မှတ်ရေးထိုးခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ( DNDP)ရဲ့ ရည်ရွယ်ချက်အချုပ်ကိုတင်ပြရရင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး တန်းတူရည်တူ အပြန်အလှန်လေးစားတန်ဖိုးထားရေး၊ စစ်မှန်သော မျိုးချစ်စိတ်ကို ထာဝရရှင်သန်စေပြီး ဥပဒေဘောင်အတွင်း အတူတကွနေထိုင်နိုင်ရေး၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဟန်ချက်ညီညီ တိုးတက်လာနိုင်စေရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအား ငြိမ်းချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် အခြားခြားသော တိုင်းရင်းသားများနှင့် အတူ လက်တွဲပူးပေါင်းပါဝင်ရေးနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်နေခဲ့သော နောင်ချိုမြို့နယ်အား ပါဝင်သတ်မှတ်နိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်း လှုပ်ရှားရေးတို့ဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP)ရဲ့ ရှေ့လုပ်ငန်းစဉ်အကြောင်းကို တင်ပြလိုပါတယ်။

၁။ နိုင်ငံသားတိုင်း လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ လွတ်လပ်စွာ ရေးသားဟောပြောခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းပြုပိုင်ခွင့်များကို တရားဥပဒေနှင့်သော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် လွတ်လပ်စွာပြုမူဆောင်ရွက်နိုင်သော အခြေခံရပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းသွားမည်။

၂။ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ တိုင်းရင်းသားအားလုံး နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနယ်ပယ်အသီးသီးတွင် တန်းတူရည်တူ လုပ်ပိုင်ခွင့်များ ရရှိစေရေး ကြိုးပမ်းသွားမည်။

၃။ တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့၏စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို စောင့်ရှောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခွင့်များရရှိစေရေး ဆောင်ရွက်သွားမည်။

၄။ နှစ်ပေါင်း(၆၀)ကျော်တိုင်အောင် မပြီးဆုံးသေးသော ပြည်တွင်းစစ်ကို ရပ်စဲစေပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်။

၅။ ဓနုဒေသအတွင်း စီးပွားရေးတိုးတက်မြင့်မားစေရန် ပြည်တွင်း၊ ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ၊ ချေးငွေများနှင့် ထောက်ပံ့ငွေများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဖွဲ့အစည်းကြီးများ၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ဒေသဆိုင်ရာများနှင့် အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူရေး၊ ချစ်ကြည်ရေးမူများဖြင့် ဆက်ခံ၊ လက်ခံဆောင်ရွက်သွားမည်။

၆။ ဓနုဒေသအတွင်း အရင်းအနှီးဖူလုံစေရန် တိုင်းရင်းသားတို့၏ စုဆောင်းမှုမြင့်မားလာစေပြီး စုဆောင်းသမျှ တိုးပွားမှုရှိစေရန်နှင့် တစ်ဖက်တွင် စီးပွားရေးလုပ်ငန်းများအတွက် ချေးယူနိုင်သော ရန်ပုံငွေပမာဏ ပေါများလာစေရန်အတွက် ပြည်ထောင်စုအတွင်းရှိ ဘဏ်များ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်အကူအညီရယူပြီး ကျယ်ပြန့်နက်ရှိုင်းစွာ ဖော်ဆောင်သွားမည်။

၇။ ကျေးလက်နေပြည်သူတို့ဘဝ တိုးတက်မြင့်မားလာစေရေးအတွက် စီးပွားရေးအထောက်အကူပြုအစီအစဉ်များ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုအစီအမံများ ဆောင်ရွက်သွားမည်။

၈။ ဒေသတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးစသည့် လူ့အဖွဲ့အစည်း၏ အခြေခံလိုအပ်ချက်များ ပြည့်စုံကုံလုံမှုရှိအောင် ဆောင်ရွက်သွားမည်။

၉။ သစ်တောပြုန်းတီးခြင်း၊ မြေပြိုခြင်း၊ ချောင်းမြောင်းများ တိမ်ကောလာခြင်း၊ ရာသီဥတုဖောက်ပြန်လာခြင်း စသော သဘာဝဘေးအန္တရာယ်များကို လက်တွေ့ကျသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများချမှတ်ပြီး တားဆီးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ၏ အကူအညီရယူကာ ဒေသအတွင်း ကြိုးပမ်းဆောင်ရွက်သွားမည်။

**မဲဆန္ဒရှင် မိတ်ဘပြည်သူများခင်ဗျား-**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ စတဲ့လူမှုရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခံလိုက်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကြိုးစားအားထုတ်မှုကြောင့် အခန်းကဏ္ဍပေါင်းစုံမှာ တိုးတက်လာနေပြီဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ သက်တမ်းကာလမှာလည်း ကြိုးစားဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီမှ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရရှိလာသည့် အကျိုးကျေးဇူးများကိုလည်း ဓနုလူမျိုးတစ်မျိုးတည်းသာကွက်ပြီး ခံစားရခြင်းမဟုတ်ဘဲ ဒေသအတွင်းမှာ အတူယှဉ်တွဲနေထိုင်ကြတဲ့ ညီနောင်တိုင်းရင်းသားများအားလုံးဟာလည်း အတူတကွ ခံစားရရှိနေကြပြီဖြစ်ပါတယ်။

ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ(DNDP)ဟာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မှတ်ပုံတင်ထားခြင်းမဟုတ်ဘဲ ဒေသဆိုင်ရာ ပါတီတစ်ခုအဖြစ် မှတ်ပုံတင်ထားခြင်းသာ ဖြစ်ပါတယ်။ သို့ဖြစ်သည့်အားလျော်စွာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်အတွင်းမှာသာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ပင်းတယမြို့နယ်နဲ့ ရွာငံမြို့နယ်မှာ ခုနစ်ဦး၊ နောင်ချိုမြို့နယ်နဲ့ ကလောမြို့နယ်တွေမှာ လေးဦးစီနဲ့ ရပ်စောက်မြို့နယ်နဲ့ တောင်ကြီးမြို့နယ်တွေမှာ နှစ်ဦးစီ အားလုံးပေါင်း ၁၉ ဦး ယှဉ်ပြိုင်စေမှာ ဖြစ်ပါတယ်။

လွှတ်တော်အဆင့်နဲ့တင်ပြရင် ပြည်သူ့လွှတ်တော်အတွက် ငါးဦး၊ အမျိုးသားလွှတ်တော်အတွက် သုံးဦးနဲ့ ပြည်နယ်လွှတ်တော်အတွက် ၁၁ ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP)မှ ကိုယ်စားလှယ်များ အနိုင်ရရှိပါက တိုင်းရင်းသားများ ရသင့်ရထိုက်သည့် တန်းတူညီမျှအခွင့်အရေးများကို လွှတ်တော်ထဲမှာ ကြိုးစားဆောင်ရွက်ပေးသွားမှာဖြစ်သကဲ့သို့ အမိမြန်မာပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်း အခြားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အထူးလေးစားရပါသော မဲဆန္ဒရှင် မိတ်ဘပြည်သူများခင်ဗျား-**

မိတ်ဘပြည်သူများအားလုံးကို ပန်ကြားမေတ္တာရပ်ခံလိုတာကတော့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးမှာ ကျွန်တော်တို့ပါတီ ဝင်ရောက်ယှဉ်ပြိုင်မယ့် မဲဆန္ဒနယ်တွေမှာ ကျွန်တော်တို့ကိုယ်စားလှယ်များကို မဲပေးကြဖို့အတွက် မိတ်ဘပြည်သူများရဲ့ မေတ္တာ၊ စေတနာတွေကို ခံယူပါရစေ။

နိဂုံးချုပ်အနေဖြင့် နောင်လာမည့်အနာဂတ်ကာလတွင် တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီမျှဖြစ်စေဖို့၊ တန်းတူညီမျှတိုးတက်စေဖို့၊ EQUALITY ဖြစ်စေဖို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ မိမိတို့အသည်းကြားက မဲတစ်ပြားကို မှန်ကန်သောအတွေးအခေါ်၊ ပြည့်ဝသောခံယူချက်၊ ထက်သန်သော စိတ်စေတနာဖြင့် ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP)ရဲ့ လွှတ်တော်အဆင့်ဆင့်မဲပုံးများထဲသို့ မဲထည့်ပေးကြပါရန် လေးစားစွာဖိတ်ခေါ်ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**“တိုင်းရင်းသားတိုင်း တန်းတူညီမျှဖြစ်စေဖို့ အိုးစည်ပုံကို မဲထည့်ကြစို့”**

အားလုံးကို ကျေးဇူးတင်ပါတယ်။

## လွိုင်ကော်မြို့၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းစည်းဝေး

**လွိုင်ကော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကယားပြည်နယ်တာဝန်ခံ ဦးစိုင်းခမ်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးညီညီမင်းတို့က ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ သိလိုသည်များမေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ခရိုင်ရွေးကောက်ပွဲအရာရှိတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ရွေးကောက်ပွဲတွင် ပါဝင်ဖို့ မဲစာရင်းကြည့်ကြစို့**

